# မြဝတီ (ကြေးမုံ)

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကစမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 4 December 2017 ၉၁၂၈


# ထားဝယ်ခရိုင် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး၌ တည်ဆောက်မည့် ငါးလေလံဈေးမြေနေရာအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှု





နေပြည်တော် ဒီဇင်ဘာ ၃

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်တို့နှင့်အတူ သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး တည်ဆောက်ရန် လျာထားသည့် ငါးလေလံဈေးမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ဒုတိယသမ္မတနှင့်အဖွဲ့သည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး ငါးလေလံဈေး တည်ဆောက်ရန် လျာထားသည့် မြေနေရာသို့ နံနက် ၈ နာရီတွင် ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ Global Grand Service ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာနှင့် တာဝန်ရှိသူများက ငါးလေလံဈေးနှင့် ဖွံ့ဖြိုးရေးဇုန် တည်ဆောက်ရန် မြေနေရာလျာထားမှု၊ စီမံကိန်းဧရိယာ၊ တည်ဆောက်မည့် ဒီဇိုင်းပုံစံ၊ စီမံကိန်းအပိုင်းအလိုက် အဆင့်ဆင့်အကောင်အထည်ဖော်ရန် အစီအစဉ်ရေးဆွဲထားမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့ ကျောင်းပ ကျောင်းသား ကျောင်းသူများသာမက လူထုတစ်ရပ်လုံး နွှဲပျော်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် တတိယနေ့ကို ယနေ့တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ကျင်းပသည်။ ၁၉၂၀ ခုနှစ်တွင် စတင်မွေးဖွားလိုက်သည့် ရန်ကုန်တက္ကသိုလ်ကြီး၏ (၉၇)နှစ်မြောက် မွေးနေ့အခါသမယဖြစ်ပြီး ယနေ့ နောက်ဆုံးနေ့သည် အများပြည်သူ ရုံးပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သည့်အားလျော်စွာ ရှေ့နှစ်ရက်ကထက် ပိုမိုစည်ကားခဲ့သည်။

သစ်ပုပ်ပင်အနီးတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ရတနာဦး၊ ရှင်ဖုန်း၊ ဂျင်းနီတို့အပါအဝင် တေးသံရှင်ပေါင်းများစွာတို့၏ ဖျော်ဖြေမှုများကို လူငယ်ကျောင်းသား ကျောင်းသူများ တပျော်တပါး ကြည့်ရှုအားပေးကြသည်။

စာပေဆိုင်ရာလှုပ်ရှားမှုများအဖြစ် သစ်ပုပ်ပင်အနီးနှင့် သိပ္ပံခန်းမရှေ့တို့၌ စာအုပ်ဈေးရောင်းပွဲတော်များ ခင်းကျင်းပြသခြင်း၊ ကဗျာရွတ်ဆိုပွဲများ၊ ရှားပါးစာအုပ်များခင်းကျင်းပြသခြင်း၊ ထင်ရှားသောစာရေးဆရာကြီးများ၏ ဓာတ်ပုံများခင်းကျင်းပြသခြင်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲသည်လည်း လူငယ်ကျောင်းသား ကျောင်းသူများအတွက် စိတ်ဝင်စားစရာ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**



**စစ်တွေမြို့ လောကနန္ဒာ စေတီတော် ပရိဝုဏ် အတွင်း တည်ဆောက်ခဲ့သည့် သာသနာ့ ဗိမာန်တော်ကြီး ဖွင့်လှစ်**

စာမျက်နှာ - ၅

**လျှော်ပင်ပျော့ဖတ်မှ စက်ကိရိယာလွတ် ရှမ်းရိုးရာစက္ကူပြုလုပ်ပုံ လက်တွေ့သရုပ်ပြ**

စာမျက်နှာ - ၈



ကြေးမုံ

# အဂတိလေးပါး နည်းပါးမှ ငြိမ်းချမ်းသာယာ

ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် မိမိတို့၏ယုံကြည်ကိုးကွယ်ရာ ဘာသာတရားတို့၏ အဆုံးအမလမ်းညွှန်ပြသမှုတို့နှင့်အညီ ရှင်သန်ရပ်တည်နေထိုင်ကြသည်။ လမ်းညွှန်ပြသမှုများတွင် လိုက်နာကျင့်သုံးအပ်သည့် လူမှုကျင့်ဝတ်တို့မှအစ ငြိမ်းအေးချမ်းသာခြင်းအဆုံးထိတိုင် မေတ္တာတရားကို အခြေခံသည့် ပြဋ္ဌာန်းချက်များရှိသော်လည်း ပုထုဇဉ်လူသားတိုင်းကို ဖုံးအုပ်လွှမ်းမိုးထားသည့် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ တည်းဟူသော အဂတိလေးပါးကို အရှင်းပယ်သတ်နိုင်ခြင်းမရှိသောကြောင့် လောကလူ့ဘောင်တွင် ဝမ်းနည်းစရာများ၊ မဖြစ်သင့်မဖြစ်ထိုက်သော ကိစ္စရပ်များနှင့် ကြုံတွေ့ရင်ဆိုင်နေရသည်။

ကမ္ဘာပေါ်တွင် မတူကွဲပြားသော မျိုးနွယ်စုများနှင့် ၎င်းတို့၏ယုံကြည်ကိုးကွယ်ရာ ဘာသာများကြား၌ တစ်ဦးအပေါ်တစ်ဦး အဂတိလေးပါး နည်းနိုင်သမျှနည်းအောင် ကြိုးပမ်းအားထုတ်ဖို့ လိုပေလိမ့်မည်။ မတူကွဲပြားမှုများအကြား၌ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုတို့ကို တည်ဆောက်လျက် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်ရန်မှာ ယခုအခါ အရေးတကြီးလိုအပ်လျက်ရှိပါသည်။

ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ အမုန်းစကားပြောဆိုခြင်း၊ မမှန်မကန်ဝါဒဖြန့်ခြင်း၊ မှားယွင်းပြောဆိုမိခြင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် အမုန်းတရားတိုးပွားရာမှ ခိုက်ရန်ဖြစ်ပွားခြင်း၊ မငြိမ်မသက်ဆူပူစေခြင်း၊ တစ်ဖက်မှတစ်ဖက် တိုက်ခိုက်ခြင်း၊ နောက်ဆုံးစစ်မက်ဖြစ်ပွားခြင်းအထိ ဖြစ်ပေါ်လာနိုင်သည်မှာ သက်သေသင်ခန်းစာများရှိပြီးဖြစ်၍ အထူးသတိပြု ဆင်ခြင်မှုပြုဖို့လိုအပ်ပါသည်။

ဖြစ်ပွားလာနိုင်သော အကြောင်းတရားများရှိလာပါက ဖြစ်ပေါ်နေသည့် ထိုအကြောင်းကိစ္စကို အမြန်ဆုံးပြေငြိမ်းအောင် ဝိုင်းဝန်းငြိမ်းသတ်ကြဖို့ လိုပါသည်။ 'မီးလောင်ရာ လေပင့်' ဆိုသကဲ့သို့ ဖြစ်ပေါ်နေဆဲ၊ ဖြစ်ပေါ်ခဲ့သည့် အကြောင်းကိစ္စနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်မှ အလျဉ်စလို ပြောဆိုပြုမူလုပ်ကိုင်ခြင်းမပြုမိဖို့ အထူးလိုအပ်ပါသည်။ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်မလာစေရန်အတွက်လည်း ဆက်စပ်ပတ်သက်ရာ အသိုင်းအဝိုင်းက အလျင်အမြန် ဝိုင်းဝန်းထိန်းသိမ်းပြေငြိမ်းအေးဖို့ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ယခုအခါ မတူကွဲပြားသော လူမှုအသိုက်အဝန်းများကြားတွင် အဂတိလေးပါး မပါးလျားသည့်အပြင် ဘေးပယောဂများ ထူပြောလှသောကြောင့် ယခင်နှင့်မတူ အထိမခံ၊ လေတိုက်၍ပင်မဟန်နိုင်သော အခြေအနေဖြစ်နေသည်ကို သတိမူရမည်ဖြစ်သည်။ ကိုယ်စီကိုယ်စီတို့အနေဖြင့်လည်း စနက်တံကို မီးမရှို့မိဖို့နှင့် မထင်မှတ်ဘဲ ရှို့မိသည်ဆိုပါလျှင်လည်း မိမိနှင့်တကွ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကပါ ချက်ချင်းသတိကပ်ကာ အမြန်ဆုံးငြိမ်းသတ်ရပ်တန့်ဖို့လိုမည်ဖြစ်သည်။

အထူးသဖြင့် လူမျိုးရေး၊ ဘာသာရေးနှင့်ပတ်သက်လာလျှင် အလွန်သိမ်မွေ့နက်နဲပြီး ထိလွယ်ရှလွယ်ဖြစ်တတ်သောကြောင့် မတော်တဆပင် မဖြစ်ပွားမိအောင် အထူးသတိထားဖို့ လိုအပ်မည်ဖြစ်သည်။ အမှန်တကယ်တွင် လူမျိုးအသီးသီး၊ ဘာသာအသီးသီးတွင် မေတ္တာတရားကို အခြေခံထားပြီး သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ရိုင်းပင်းခြင်း၊ စာနာခြင်းအကြောင်းတရားများ ညွှန်ပြထားပြီး သိရှိနားလည်လက်ခံထားပြီးလည်း ဖြစ်ကြပါသည်။

မကြာသေးမီကလည်း ဆိုင်ရာဆိုင်ရာ ဘာသာတရား၊ လူမျိုးများ၏ ခေါင်းဆောင်များနှင့် ကြီးမြတ်သောပုဂ္ဂိုလ်များက 'ရန်ကို ရန်ချင်း မတုံ့နှင်း' ကြရန်၊ မေတ္တာတရားကို အခြေခံပြီး ခွင့်လွှတ်သည်းခံကြရန်နှင့် လူသားများ ကောင်းကျိုးအတွက် ဝိုင်းဝန်းဆောင်ကြဉ်းကြရန် မေတ္တာရပ်ခံထားသလို ပြည်သူပြည်သား အပေါင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်နာ ကြိုဆိုခဲ့ကြပြီးဖြစ်သည်။ မိမိတို့၏ အဇ္ဈတ္တသန္တာန်ကို လေးနက်မှန်ကန်စွာ ရှုမြင်ကြည့်ပြီး မိမိဘဝ၊ မိမိလူ့ဘောင်လောကဘဝ ငြိမ်းအေးချမ်းသာအောင် အားထုတ်ကျင့်ကြံနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ကြဖို့သာ လိုအပ်ပါသည်။

ဆိုလိုရင်းမှာ အဂတိလေးပါးသည် လူတိုင်းလူတိုင်း၏ သန္တာန်တွင် ဆိုးညစ်ယုတ်မာစွာဖြင့် ငြိတွယ်ကပ်မြှောင်နေသည်ကို သတိမူပြီး မတူကွဲပြားသော လူ့အသိုက်အဝန်းများအကြား အမုန်းတရားများ၊ ရန်လိုမှုများ မဖြစ်ပေါ်အောင် ဆင်ခြင်သတိထားကြဖို့ အလေးအနက် တိုက်တွန်းချင်ပါသည်။ ။

# (၂၃)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော (၂၃) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ၏ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဥတ္တမညာဏာဘိဝံသ ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကိုယ်စား ဒုတိယအဓိပတိဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သရဏီယဩဝါဒ ကထာကို မြွက်ကြားတော်မူပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသက သမ္မောဒနီယဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်း ဆရာတော်က (၂၃) ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်နှင့် စပ်လျဉ်း၍ လျှောက်ထားတော်မူသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်း ဆရာတော်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး) မော်ကွန်းထိန်းဆရာတော်များက သာသနတက္ကသီလဓမ္မပါရဂူဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူတော်မူကြမည့် ရဟန်းတော်များ၏ တစ်ပါးချင်း ဘွဲ့တော်ကိုကြေညာပြီး အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်များထံတွင် ဘွဲ့ခံယူတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယ အဓိပတိ ဆရာတော်ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြပြီး ဒုတိယအဓိပတိဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

(၂၃) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ရ ရဟန်းတော် တစ်ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ ရဟန်းတော် ၁၁ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ ရဟန်းတော် ၁၁၆ ပါး စုစုပေါင်း ၁၂၈ ပါးတို့က ဘွဲ့ခံယူတော်မူကြကြောင်း သိရသည်။ **သတင်းစဉ်**



ဝ

ကွယ်လွန်သူ ဗိုလ်ချုပ် လှမြင့်ဆွေ (ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်စန်းစန်းမြင့်နှင့် မိသားစုများက ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်၌ ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။

**သတင်းစဉ်**

ဝ

# အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**အုတ်တွင်း ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေ မိန်းကလေးများအနေဖြင့် အိုးမကွာ၊ အိမ်မကွာ သက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ခြင်းဖြင့် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြို့နယ်ကျေးလက်ဦးစီးဌာနမှ အခြေခံအပ်ချုပ်စက်သင်တန်း (၁/၂၀၁၇) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့ရှိ အိမ်တွင်းမှုအတတ်ပညာသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၀ တက်ရောက်မည်ဖြစ်ပြီး အုတ်တွင်းမြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်နွယ်ဝင်းတို့က သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

*** ရှေ့ဖုံးမှ**

ဒေါက်တာ ဒေါ်လဲ့လဲ့မော်တို့က သဘာဝပတ်ဝန်းကျင်၊ မြစ်ကြောင်းများနှင့် ငါးသယံဇာတအရင်းအမြစ်များ ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား ချပြဆွေးနွေးသွားမည့်အခြေအနေနှင့် စီမံကိန်းအဆိုပြုမြေနေရာအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်ထားမှု အခြေအနေတို့ကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယသမ္မတက အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်မည့်အခြေအနေ၊ အလုပ်ခန့်ထားပေးနိုင်မည့်ပမာဏ၊ စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ရေရရှိနိုင်မည့်အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးနှင့် လုပ်ငန်းအကျိုးအမြတ်ဖြစ်ထွန်းနိုင်မည့် အခြေအနေ၊ ငါးနှင့်ပတ်သက်သည့် ထုတ်လုပ်မှုလုပ်ငန်းများအပြင် အခြားဆက်စပ်သော ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဒေသခံများ အလုပ်အကိုင်ရရှိရေး၊ ငါးနှင့်ပတ်သက်သည့် ကုန်ထုတ်လုပ်မှု နည်းပညာရရှိရေး၊ နိုင်ငံတကာအဆင့်မီသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်းပြည်ပသို့ ဖြန့်ဖြူးနိုင်ရေး၊ ပြည်တွင်းမှငါးများ ရောင်းချရာတွင် ဈေးကောင်းရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပြီး ငါးလေလံဈေးနှင့် ဖွံ့ဖြိုးရေးဇုန်ကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့အား ငါးလေလံဈေးနှင့် ဖွံ့ဖြိုးရေးဇုန်တည်ဆောက်မည့် စီမံကိန်းအစီအစဉ်ရေးဆွဲထားမှုအခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

# (၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် တက်ရောက်






**ဝူကျင့် ဒီဇင်ဘာ ၃**

(၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီကျန့်ပြည်နယ် ဝူကျင့်မြို့၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် ဦးဆောင်သောအဖွဲ့ တက်ရောက်သည်။

အဆိုပါ ညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ အင်တာနက်နယ်ပယ်တွင် အနာဂတ်လူမှုအသိုက်အဝန်း တည်ဆောက်ရေး၊ ပွင့်လင်းမြင်သာခြင်း၊ မျှဝေခြင်း အကျိုးကျေးဇူးများ ရရှိရေးအတွက် ဒစ်ဂျစ်တယ် စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရေး ဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နိုင်ငံပေါင်း ၃၀ ကျော်မှ အစိုးရအဖွဲ့ဝင်များ၊ အရာရှိကြီးများ၊ နိုင်ငံတကာမှ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာပုဂ္ဂလိက နည်းပညာကုမ္ပဏီ ၄၀၀ ကျော်မှ တာဝန်ရှိသူများ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကင်းတပ်ရေလှောင်တမံမှ ရေပေးဝေနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဒီဇင်ဘာ ၁ ရက် ညနေပိုင်းက ကန့်ဘလူမြို့နယ် ကင်းတပ်ရေလှောင်တမံသို့ ရောက်ရှိပြီး တမံ၏ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းများမှ ရေသောက် ဧရိယာ စုစုပေါင်း ၁၆၆၀၈၈ ဧကသို့ စိုက်ပျိုးရေပေးဝေနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ကင်းတပ်ရေလှောင်တမံအထက် ကိုးမိုင်ခန့်အကွာ ကွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေကို ကင်းတပ်ရေလှောင်တမံနှင့် ကာဘိုးရေလွှဲဆည်များမှတစ်ဆင့် ရွှေဘိုတူးမြောင်း၊ ရေဦးတူးမြောင်းတို့ဖြင့် ဒေသအတွင်းရှိ ရေသောက် ဧရိယာ ဧက ၃၅၀၀၀၀ သို့ ဆည်ရေပေးဝေနေမှုနှင့် ရေအားလျှပ်စစ် ထုတ်လွှတ်ပေးနေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သဖန်းဆိပ်ရေလှောင်တမံသည် အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံး ရေလှောင်တမံကြီး တစ်ခုဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး၏ စိုက်ပျိုးမြေအများဆုံးဖြစ်သည့် မူးမြစ်ဝှမ်းဒေသရှိ ကြီးမားကျယ်ပြန့်သော ဧရိယာအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် အားကိုးအားထားပြုနေရသော ရေလှောင်တမံကြီးလည်းဖြစ်ရာ တမံကြီး ရေရှည်တည်တံ့စေရန်နှင့် အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်မှာလည်း အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် တမံအတွင်း ထိန်းသိမ်းသိုလှောင်ထားသော ရေအရည်အသွေးကို ထိခိုက်မှုမရှိစေရန် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပုံမှန်ဆောင်ရွက်နေကျ ရေအရည်အသွေး ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများအပြင် သီးခြားအစီအစဉ်တစ်ရပ်အဖြစ် အချိန်ကာလ သတ်မှတ်ပိုင်းခြားပြီး ရေအရည်အသွေး ဓာတ်ခွဲစစ်ဆေးမှုကို အထူးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် ရွာသာရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ OISCA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းခန်းမဆောင်၌ သင်တန်းသား သင်တန်းသူများ၊ ဒေသခံတောင်သူများအား တွေ့ဆုံ၍ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသွားကြသည့် အသိပညာ၊ အတတ်ပညာများကို မိမိဒေသအရောက် သယ်ဆောင်သွားသော လူသားအရင်းအမြစ်များအဖြစ် မိမိဒေသဖွံ့ဖြိုးရေးအတွက် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံတောင်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ရှင်းလင်းပြောကြားကြသည်။

ထိုမှတစ်ဆင့် ရေစကြိုမြို့နယ် ညောင်ဇောက်အုပ်စု တောင်သူ ဦးဝေလင်း၏ မိုးစပါးစိုက်ကွင်းတွင် SRI စိုက်ပျိုးနည်းစနစ်ဖြင့် ဆင်းသုခစပါးမျိုး စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ခေတ်မီစိုက်ပျိုးနည်းစနစ် လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် သီးနှံအရည်အသွေးနှင့် အထွက်နှုန်း သိသာစွာ တိုးတက်ရရှိမှု၊ နည်းပညာ ပြန့်ပွားရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များသုံးစွဲစိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးနေမှု လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဂျေရုဆလင်ကို အစ္စရေး၏ မြို့တော်အဖြစ် သမ္မတထရန့်က အသိအမှတ်ပြုလျှင် အကြမ်းဖက်မှုဖြစ်လာနိုင်ဟု အာရပ်အဖွဲ့ချုပ် သတိပေး

**ကိုင်ရို ဒီဇင်ဘာ ၃**

အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် ဂျေရုဆလင်ကို အသိအမှတ်ပြုရန် အမေရိကန်ပြည်ထောင်စု၏ ဦးတည်ဆောင်ရွက်ချက်မှန်သမျှသည် အစွန်းရောက်လှုပ်ရှားမှုနှင့် အကြမ်းဖက်မှုတို့ကိုသာ ဖြစ်စေနိုင်သည်ဟု အာရပ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အာမက်အဘူလ်ဂေယစ်က သတိပေးပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် လာမည့်ရက်သတ္တပတ်တွင် ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ဖွယ်ရှိသည်ဟု အမေရိကန်အစိုးရအဖွဲ့ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ခြင်းနှင့် ပတ်သက်၍ အာရပ်အဖွဲ့ချုပ်က တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

ပါလက်စတိုင်းတို့သည် အနာဂတ်ကာလတွင် နိုင်ငံတော်ထူထောင်သည့်အခါ ဂျေရုဆလင်ကို ၎င်းတို့၏ မြို့တော်အဖြစ် သတ်မှတ်ရန် လိုလားသည်။ ဂျေရုဆလင်မြို့တစ်မြို့လုံးကို မိမိတို့ပိုင်ဆိုင်သည်ဟု အစ္စရေးက ပိုင်ခွင့်တစ်ရပ်အဖြစ် ကြေညာခြင်းကို နိုင်ငံတကာအသိုက်အဝန်းက လက်ခံခြင်းမရှိပေ။ ဂျေရုဆလင်သည် ရဟူဒီ၊ မွတ်စလင်နှင့် ခရစ်ယာန်အားလုံးတို့က ဘာသာရေးအရ အထွတ်အမြတ်ပြုရာ မြို့ဖြစ်သည်။

ဂျေရုဆလင်အား အစ္စရေး၏ မြို့တော်အဖြစ် အသိအမှတ်ပြုရန် သမ္မတထရန့်က ထုတ်ပြန်ကြေညာမည်ဆိုခြင်းကို ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ကလည်း ဝေဖန်ပြောကြားခဲ့သည်။ ဂျေရုဆလင်မြို့အား အဆင့်အတန်းသတ်မှတ်မှုကို ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့်သာလျှင် ဆုံးဖြတ်သင့်သည်ဟု ယခင်အမေရိကန်သမ္မတများက ၎င်းတို့၏ သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့ကြပြီးဖြစ်သည်။

ဂျေရုဆလင်အား အစ္စရေး၏ မြို့တော်အဖြစ် တစ်ဖက်သတ် သတ်မှတ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်သော လုပ်ဆောင်ချက်မဟုတ်ဟု မိမိတို့ အခိုင်အမာ ပြောကြားလိုကြောင်း၊ ယင်းကဲ့သို့ သတ်မှတ်ပါက ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့အတွက် အထောက်အကူမဖြစ်သည့်အပြင် အစွန်းရောက်လှုပ်ရှားမှုများနှင့် အကြမ်းဖက်မှုတို့ကိုသာ ဖြစ်ပေါ်လာစေနိုင်ကြောင်း အာရပ်အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာသည်။ **ရိုက်တာ**

# ဟွန်ဒူးရပ်စ်သမ္မတ ရွေးကောက်ပွဲရလဒ်ကို ကန့်ကွက်ကာဆန္ဒပြ၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ကာဖျူးအမိန့်ထုတ်ပြန်

**တယ်ဂူစီဂါလပါ ဒီဇင်ဘာ ၃**

ဟွန်ဒူးရပ်စ်နိုင်ငံ၌ ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ ပြိုင်ဘက်သမ္မတလောင်း နှစ်ဦးအကြား ထောက်ခံမဲရရှိမှု သူမသာ ကိုယ်မသာ ဖြစ်နေခြင်းကြောင့် ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာ တည်ငြိမ်အေးချမ်းရေးအတွက် အစိုးရအဖွဲ့က ညဘက်အပြင်မထွက်ရအမိန့်(ကာဖျူး) ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာဖျူးအမိန့်အရ ညနေ ၆ နာရီမှ နောက်တစ်ရက် နံနက် ၆ နာရီအထိ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းမပြုရန် ညွှန်ကြားထားပြီး ဒီဇင်ဘာ ၁ ရက်ညမှစ၍ ၁၀ ရက်တိုင်တိုင် အာဏာသက်ဝင်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ လူမှုရေး မငြိမ်မသက်မှုများ ဖြစ်ပေါ်စေခြင်းမရှိစေရန် ကာဖျူးအမိန့် ထုတ်ပြန်ရခြင်းဖြစ်ကြောင်း လာပရင်ဆာ အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

အမေရိကတိုက် အလယ်ပိုင်းရှိ ဟွန်ဒူးရပ်စ်နိုင်ငံ၌ ရွေးကောက်ပွဲလဒ် ပေါ်ထွက်လာခဲ့ပြီးနောက် ဆူပူဆန္ဒပြမှုများ၊ ဖျက်လိုဖျက်ဆီး ပြုလုပ်မှုများ၊ ဈေးဆိုင်များကို လုယက်မှုများ ဖြစ်ပွားခဲ့သည်။

အတိုက်အခံဘက်မှ ရပ်တည်သော သမ္မတဟောင်း ဆယ်လ်မာဒိုနာဆရာလားသည် လက်ရှိသမ္မတ ယွန်အော်လွန်ဒိုအား ၁ ဒသမ ၅ ရာခိုင်နှုန်း အမှတ်ဖြင့်ကပ်၍ ရှုံးနိမ့်ခဲ့ရသည်ဟု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။

ရွေးကောက်ပွဲ ကော်မရှင်သည် မဲမသမာမှုပြုလုပ်ခဲ့သည်ဟု နာဆရာလားက စွပ်စွဲခဲ့ပြီးနောက် ဆန်ပီဒရိုဆူလာမြို့၌ ကန့်ကွက်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြရာ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးအသုံးပြု၍ လူစုခွဲပေးခဲ့ရကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

**ဆင်ဟွာ**




# တရုတ်နိုင်ငံအနောက်ပိုင်း၌ ရေနံသိုက်သစ် ရှာဖွေတွေ့ရှိ

**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းသည် ရေနံစိမ်းတန်ချိန်သန်း ၅၂၀ ခန့် ကိန်းအောင်းနေသော ရေနံသိုက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်းဝေဂါဒေသ ဂျူဂါချိုင့်ဝှမ်းတွင် ရေနံသိုက်သစ်တစ်ခုကို ရှာဖွေတွေ့ရှိရကြောင်း၊ ပက်ထရိုချိုင်းနား ရေနံကုမ္ပဏီ၊ စီအင်န်အိုအိုစီ ရေနံကုမ္ပဏီတို့ကဲ့သို့ ထိပ်တန်းရေနံလုပ်ငန်းကုမ္ပဏီများက ရေနံစူးစမ်းရှာဖွေရေးလုပ်ငန်းကို တိုးမြှင့်ပြုလုပ်လျက်ရှိကြချိန်တွင် ရေနံသိုက်သစ်ကို တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းက ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ပက်ထရိုချိုင်းနားတာဝန်ရှိသူများက ပြောကြားသည်။

တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းသည် ပက်ထရိုချိုင်းနား ကုမ္ပဏီ၏ မိခင်ကုမ္ပဏီဖြစ်သည်။ သက်တမ်းရင့်ရော်လာပြီဖြစ်သော ရေနံတွင်းဟောင်းများမှ ရေနံထုတ်လုပ်နိုင်မှု ဆက်တိုက်ကျဆင်းလာနေချိန်တွင် ရေနံသိုက်သစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပက်ထရိုချိုင်းနား ကုမ္ပဏီသည် ရှင်ကျန်းရေနံမြေ၌ ရေနံထုတ်လုပ်မှုကို ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၃၈ သန်းခန့် (သို့မဟုတ်) တစ်ရက်လျှင် ရေနံစည်ပေါင်း ၂၇၀၀၀ ခန့်ဖြင့် ထုတ်လုပ်မှု မြှင့်တင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**ဆင်ဟွာ**



# တောင်ကိုရီးယား ငါးဖမ်းသင်္ဘောတစ်စင်း တိမ်းမှောက်၊ လူ ၁၃ ဦးသေဆုံး

**ဆိုးလ် ဒီဇင်ဘာ ၃**

ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့အနီး ကမ်းလွန်ပင်လယ်ပြင်၌ ငါးဖမ်းသင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့သဖြင့် လူ ၁၃ ဦးသေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့များက ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၃ ရက် နံနက် ၆ နာရီခန့်တွင် လူ ၂၂ ဦးလိုက်ပါစီးနင်းခဲ့သော အဆိုပါငါးဖမ်းသင်္ဘောသည် အခြားသင်္ဘောတစ်စင်းဖြင့် ဝင်တိုက်မိခဲ့ပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့များက ဆိုသည်။

သင်္ဘောတိမ်းမှောက်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို တောင်ကိုရီးယားသမ္မတမွန်းဂျေအန်ကိုယ်တိုင် ဦးဆောင်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

ပျောက်ဆုံးလျက်ရှိသည့် သင်္ဘောသားများအား ရှာဖွေရာတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် သမ္မတမွန်းဂျေအန်က အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များကို ပြည်သူများအား အသိပေးရန် အစိုးရအဖွဲ့တာဝန်ရှိသူများအား သမ္မတမွန်းက မှာကြားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော သုံးနှစ်က ‘ဆီဝိုးလ်’အမည်ရှိ သင်္ဘောတစ်စင်းတိမ်းမှောက်ခဲ့ရာ လူပေါင်း ၃၀၀ နီးပါး သေဆုံးခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး သမ္မတပတ်ဂွန်ဟေးထံ အစီရင်ခံတင်ပြရန် ကြန့်ကြာခဲ့သည့်အတွက် လူအများအပြားသေဆုံးခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများအား ပြည်သူများက ပြစ်တင်ဝေဖန်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**



# စစ်တွေမြို့ လောကနန္ဒာစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ခဲ့သည့် သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တွေမြို့ လောကနန္ဒာစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ခဲ့သည့် သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



အခမ်းအနားသို့ ပြည်နယ်ဩဝါဒါစရိယဆရာတော် စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒ နှင့် ပြည်နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သောမ အမှူးပြုသော သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးတင့်နိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်မှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သာသနာ့ဗိမာန်တော်ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် သာသနာ့ဗိမာန်အမည်စာတန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)**အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်နယ်ဩဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အောင်စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ သားသမီး မြေးမြစ်သားစုက လှူဒါန်းသည့် ဖန်အုပ်ဆောင်းတော်တပ်ဆင်လှူဒါန်းပူဇော်ပွဲကို ကျင်းပသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**✱ မသန်စွမ်းသူများမှ**

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသော တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ပါ ဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာရရှိစေရေး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သင်တန်းကျောင်းအခြေပြု အဖြစ် မသန်စွမ်းသင်တန်းကျောင်း ရှစ်ကျောင်းဖွင့်လှစ်၍ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးစောင့်ရှောက်ရန် လိုအပ်သော ဉာဏ်ရည်မသန်စွမ်း အပါအဝင် မသန်စွမ်းသူများအတွက် အထူးပညာရေးစနစ်များဖော်ဆောင်ခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖန်တီးခြင်း၊ လူထုအား အသိပညာပေးခြင်းစသည့် လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းကိုလည်း ရပ်ရွာအခြေပြုလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

မသန်းစွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကိုလည်း ယခုရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အပြုအမူပိုင်းဆိုင်ရာ ပြဿနာရှိခြင်း၊ ခန္ဓာကိုယ်/ဉာဏ်ရည်မသန်စွမ်းမှုရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းတို့ကို ခံစားရနိုင်ခြေရှိသော မွေးစမှ အသက်(၅)နှစ် အထိရှိသော ကလေးများကို ဖော်ထုတ်ကာ မိသားစုများအတွက် ဝန်ဆောင်မှုပေးမည့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (Early Childhood Intervention-ECI) စနစ်ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရသစ်၏ ရက်(၁၀၀) လုပ်ငန်းစီမံချက်အရ မြန်မာနိုင်ငံ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅)ကို ချမှတ်ထားရှိပါကြောင်း။

ထို့အပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်၍ ယခုလအတွင်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ ၂၀၃၀ အစီအစဉ်ကို ဖော်ဆောင်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် လူသားအားလုံး အကျိုးဝင်ပေါင်းစည်း ပါဝင်နိုင်မှသာ အောင်မြင်မှု အပြည့်အဝ ရရှိမည်ဖြစ်ကြောင်း၊ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ်မနေရန်မှာ အရေးကြီးကြောင်း၊ ယနေ့ရင်ဆိုင်တွေ့ကြုံနေရသော စိန်ခေါ်မှုများကို ပူးတွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းကူညီခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ဖြင့် ဆောက်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအကျုံးဝင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များပြည့်မီစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ်က ဖတ်ကြားပြီး မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ စွမ်းဆောင်မှုထူးချွန်ဆုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထူးဂုဏ်ပြုဆုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးကလည်းကောင်း၊ လူတိုင်းအကျုံးဝင်ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်မှု ထူးချွန်ဆုကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လည်းကောင်း၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အရေးဆိုင်ရာထူးချွန်ဆုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း၊ မသန်စွမ်းသူများအတွက် မီဒီယာထူးချွန်ဆုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် မသန်စွမ်းကလေးများ၏ အကအဖွဲ့နှစ်ဖွဲ့က ကပြဖျော်ဖြေကာ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိခဲ့သည်။

**သတင်းစဉ်**



**ဒီဇင်ဘာ ၃ ရက်က ထိုင်းနိုင်ငံ၏ အမျိုးသားနေ့၊ နတ်ရွာစံ ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏မွေးနေ့နှင့် Thailand's Father Day အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၉၁) ပြည်လမ်းရှိ ထိုင်းသံအမတ်ကြီး နေအိမ်၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်ဇနီး ဒေါ်စန္ဒာလွင်တို့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Jukr Boon-Long နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**

သတင်းစဉ်

---

## မူပိုင်ခွင့်ဥပဒေထွက်ပေါ်လာပါက စားသုံးသူပြည်သူများအနေဖြင့် လုပ်ငန်းရှင်များ၏ထုတ်ကုန်များကို အပြည့်အဝခံစားခွင့်ရရှိကြမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေထွက်ပေါ်လာပါက စားသုံးသူပြည်သူများအနေဖြင့် လုပ်ငန်းရှင်များ၏ထုတ်ကုန်များကို အပြည့်အဝခံစားခွင့်ရရှိကြတော့မည်ဖြစ်ကြောင်း ကုန်သည်/စက်မှု အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏လက်ရှိအနေအထားအရ မူပိုင်ခွင့်မှာ တီထွင်မှုများ၊ကုန်အမှတ်တံဆိပ်များ၊ စာပေနှင့်အနုပညာများနှင့်အကျုံးဝင်လျက်ရှိပြီး ဥပဒေပြဋ္ဌာန်းပြီးပါက ခိုင်မာသောဥပဒေအရ ခံစားခွင့်အကာအကွယ် ရရှိမည့်အနေအထားကို ပြည်သူအားလုံးသိရှိကြတော့မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်တစ်ဦး၏ထုတ်ကုန်အမှတ်တံဆိပ်ကို အခြားတစ်ဦးတစ်ယောက်က ဆင်တူယိုးမှားအတုအပပြုလုပ်ပါက အဆိုပါ လုပ်ငန်းရှင်က အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဥပဒေပါအချက်အလက်များကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းတီထွင်မှုဖြစ်သော အိုင်တီနည်းပညာနှင့်ပတ်သက်သည့် ဆော့ဝဲလ်များ၊ သီချင်းများ၊ စာသားများမှာ ဥပဒေအရကာကွယ်ခွင့်မရှိသည့်အတွက် မူပိုင်ခွင့်ဥပဒေ ထွက်ပေါ်လာပါက လွန်စွာကောင်းမွန်အကျိုးရှိလာမည်ဖြစ်ကြောင်းနှင့် တီထွင်မှုအပေါ်ခံစားခွင့်များပိုမိုပိုပြင်လာသည့်အတွက်ကြောင့် Innovate ပြုလုပ်မည့် Sector တစ်ခုလုံးအတွက် ခံစားခွင့်များ ပိုမိုခိုင်မာလာနိုင်စရာအကြောင်းရှိကြောင်းကုန်သည်/ စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်ဦးအောင်ကြည်စိုးက ပြောသည်။

ကုန်သည်/ စက်မှုအသင်းချုပ် ဥပဒေရေးရာကော်မတီမှ အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးသိန်းအောင်က "နိုင်ငံပိုင်သတင်းစာကနေဖော်ပြပြီးခဲ့တဲ့ ဒီမူပိုင်ခွင့်ဥပဒေ (မူကြမ်း) ဟာ အာဆီယံနိုင်ငံများမှာ ကျင့်သုံးနေတဲ့ဥပဒေများကိုကြည့်ပြီး ကိုယ့်နိုင်ငံနဲ့ဆီလျော်အောင် ရေးဆွဲထားတာဖြစ်လို့ ဒါက အပြောင်းအလဲတစ်ခုလို့လည်းပြောလို့ရပါတယ်၊ ကုန်အမှတ်တံဆိပ်ဥပဒေမှာထူးခြားတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့အလှူအပယ်ပေါကြွယ်ဝတဲ့ ပထဝီဒေသ အညွှန်းဆိုင်ရာပစ္စည်းများအတွက် ပထဝီဒေသအညွှန်းဆိုင်ရာ မူပိုင်ခွင့်အခွင့်အရေးရရှိသွားမှာဖြစ်ပါတယ်၊ ဒီဥပဒေရေးဆွဲတဲ့အခါမှာ ပြည်တွင်းလုပ်ငန်းရှင်များအပြင် နိုင်ငံခြားသားများအတွက်ပါ တစ်ပြေးညီအခွင့်အရေးပေးရမှာဖြစ်တဲ့အတွက်ကြောင့် အားလုံးအတွက်အခွင့်အရေးရရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

**ပွင့်သစ္စာ**

# မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ

ဒေါက်တာဇော်မင်းအောင်
နိုင်ငံခြားရေးဝန်ကြီးဌာန

မြန်မာနိုင်ငံသည် ၁၉၃၀ ကီလိုမီတာခန့် ရှည်လျားသော ကမ်းရိုးတန်းအား ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်နှင့် အညီ ကနဦးအဆင့်အဖြစ် ၁၅-၁၁-၁၉၆၈ ရက်နေ့တွင် အထူးအမိန့်ပြန်တမ်းထုတ်ပြန်၍ မြန်မာနိုင်ငံ၏ အခြေခံမျဉ်းများ (Straight Base Lines)နှင့် ပိုင်နက်ပင်လယ်၏ အကျယ်အဝန်းကို သတ်မှတ်ကြေညာခဲ့ပါသည်။ ထို့နောက် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်၃။)ဖြင့် ပြဋ္ဌာန်း၍ မိမိ၏ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်တို့အား သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၂၁-၆-၁၉၉၆ ရက်နေ့တွင် ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂ ပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပြီး ယခင်ပြဋ္ဌာန်းထားသည့် ၁၉၇၇ ခုနှစ် ဥပဒေအား ကွန်ဗင်းရှင်းနှင့် ပိုမိုပြည့်စုံစွာ လိုက်လျောညီထွေဖြစ်စေရန်လည်းကောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်လည်းကောင်း၊ နိုင်ငံတော်ပိုင် သယံဇာတများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ စနစ်တကျရေရှည်ထုတ်ယူသုံးစွဲရန်နှင့် အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် အဏ္ဏဝါပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုများမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လည်းကောင်း၊ ပင်လယ်ဇုန်များတွင် မြန်မာနိုင်ငံက ကျင့်သုံးမည့် စီရင်ပိုင်ခွင့်၊ အခွင့်အရေး၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဥပဒေဖြင့် ထိရောက်စွာ ကာကွယ်ရန်တို့အတွက်လည်းကောင်း၊ ဥပဒေသစ်တစ်ရပ်အား ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လာခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ရေးဆွဲရန် ၂၇-၁၂-၂၀၀၆ ရက်နေ့တွင် ကျင်းပခဲ့သော နိုင်ငံခြားရေးရာမူဝါဒကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၅/၂၀၀၆)တွင် ဆုံးဖြတ်လမ်းညွှန်ခဲ့ပါသည်။ ထိုသို့လမ်းညွှန်ဆုံးဖြတ်ချက်နှင့်အညီ ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်(ယခု မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)မှ ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ ဥပဒေသစ်ကို ရေးဆွဲခဲ့ပါသည်။

ဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့သည် ၁၉၇၇ ခုနှစ်တွင် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေအား ပင်လယ်ဥပဒေကွန်ဗင်းရှင်းနှင့် နှိုင်းယှဉ်လေ့လာခြင်း၊ ကမ္ဘာ့နိုင်ငံများ၏ ပင်လယ်ဇုန်ဥပဒေများအား လေ့လာခြင်းလုပ်ငန်းများကို ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း အသေးစိတ်လေ့လာခြင်းများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေမူကြမ်းကို အကြိမ်ကြိမ်ညှိနှိုင်းရေးဆွဲခဲ့ကြပါသည်။

ထိုသို့ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေမူကြမ်း ရေးဆွဲနေချိန်အတွင်း မြန်မာနိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်းအား မိုင် ၂၀၀ ထက် ပိုမိုသတ်မှတ်နိုင်ရန်အတွက် ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် ၁၃-၅-၂၀၀၉ ရက်နေ့တွင် အချိန်မီတင်ပြနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းအခြေခံအမှတ်များကို ဆောလျင်စွာသတ်မှတ်ရန် လိုအပ်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၅-၁၂-၂၀၀၈ ရက်နေ့တွင် ၁၉၇၇ ခုနှစ် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၈ အဖြစ် ထုတ်ပြန်၍ အသစ်ထပ်မံရေးဆွဲထားသည့် ပရိပဲရစ်ကျွန်းအုပ်စု(၉)မှတ်နှင့် ကိုကိုးကျွန်းအုပ်စု (၆)မှတ် စုစုပေါင်း မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းအခြေခံအမှတ် (၁၅)မှတ်ကို အဆိုပါ ဥပဒေ နောက်ဆက်တွဲ အပိုဒ်(၃)၏ နောက်တွင် အပိုဒ်(၄)နှင့် အပိုဒ်(၅)တို့အဖြစ် ဖြည့်စွက်၍ **ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ကိုကိုးကျွန်းနှင့် ပရိပဲရစ်ကျွန်းတို့၏ အခြေခံအမှတ်သစ်များကို သတ်မှတ်ကြေညာခဲ့မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးသို့ ယင်းဥပဒေနှင့် ရေပုံများကို ပေးပို့အပ်နှံ** (Deposit) ခဲ့ပြီးဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေမူကြမ်းအပေါ် ရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားရယူခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ်ကျွမ်းကျင်သူများနှင့် တွေ့ဆုံ၍ မူကြမ်းအား အကြိမ်ကြိမ်စိစစ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ဥပဒေစာသား/အသုံးအနှုန်းများမှစ၍ ပြစ်မှုပြစ်ဒဏ်အထိ ရှေ့နေချုပ်ရုံးမှ အပြီးသတ်စိစစ်ပြင်ဆင်ခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် ဥပဒေအား အတည်ပြုပြဋ္ဌာန်းနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

သို့ရာတွင် ထိုအချိန်က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုမှာ ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာခုံရုံး (International Tribunal for the Law of the Sea - ITLOS) ၌ ဖြေရှင်းဆောင်ရွက်ဆဲဖြစ်၍ အမှုမပြီးဆုံးမီ မြန်မာနိုင်ငံဘက်မှ ၁၉၇၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဥပဒေများအား လွှမ်းမိုးပယ်ဖျက်၍ ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းမည်ဆိုပါက မလိုလားအပ်သော ထိခိုက်မှုများရှိလာနိုင်သဖြင့် အမှုပြီးပြတ်ချိန်အထိ စောင့်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုအပေါ် (ITLOS)မှ ၁၂-၃-၂၀၁၂ ရက်နေ့တွင် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် တစ်စိတ်တစ်ဒေသ ပါဝင်ဆက်စပ်မှုရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ပင်လယ်နယ်နိမိတ်အား ၇-၇-၂၀၁၄ ရက်နေ့တွင် အမြဲတမ်းအနုညာတခုံရုံး (Permanent Court of Arbitration - PCA)မှ ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်ကိစ္စနှင့်ပတ်သက်ပြီး (ITLOS) စီရင်ချက်အမိန့်ပါအမှတ်များ (Coordinates)အတိုင်း မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေတွင် ထည့်သွင်းဖော်ပြ၍ ပြည်တွင်းဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်းဖြင့် အကောင်အထည်ဖော်ရန်လည်း လိုအပ်လာခဲ့ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သဘောထားမှတ်ချက်၊ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေကြမ်းကို ၁၀-၉-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။

၂၂-၇-၂၀၁၆ ရက်နေ့နှင့် ၂၇-၇-၂၀၁၆ ရက်နေ့တို့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၌ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးများ စတင်ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ထို့နောက် ၄-၈-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၈)ရက်မြောက်နေ့တွင် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က "မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ" ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးပေးနိုင်ပါရန် အဆိုတင်သွင်းခဲ့ပါသည်။

ယင်းကဲ့သို့ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်များ ပြုလုပ်ပြီးသည့်နောက် ၂၆-၈-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ဥပဒေကြမ်းအား အတည်ပြုပေးရန် အဆိုတင်သွင်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက "မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ"ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ပါသည်။

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးဖြစ်သော "မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ"ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုနိုင်ရေးအတွက် ၇-၉-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ၁၇-၁၁-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း "မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ" ဥပဒေကြမ်းကို အတည်ပြုခဲ့ပါသည်။

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြင့် ပြည်သူ့လွှတ်တော်မှ အတည်ပြုထားသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၃၀-၁-၂၀၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့တွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် အမျိုးသားလွှတ်တော်မှ ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များလည်း တက်ရောက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ထိုကဲ့သို့ ညှိနှိုင်းဆွေးနွေးကြရာတွင် ဥပဒေကြမ်းပါ စကားရပ်အချို့နှင့် အကြောင်းအရာ နေရာအထားအသိုတို့အပေါ် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ အမြင်မတူညီမှုကို အဓိကထားဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရန် ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ၁၃-၃-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးခန်းမ၌ ထပ်မံကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များနှင့် သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းသည် နိုင်ငံအတွက် အလွန်အရေးပါသည့် ဥပဒေကြမ်းတစ်ရပ်ဖြစ်သည့်အပြင် ၁၉၇၇ ခုနှစ် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေသည်လည်း တည်ဆဲဥပဒေတစ်ရပ်ဖြစ်နေသည့်အတွက်ကြောင့် ယခုဥပဒေကြမ်းကို ပိုမိုပြီးပြည့်စုံသည့် ဥပဒေတစ်ရပ်အဖြစ် ပေါ်ထွက်လာနိုင်ရေးအတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီမှဦးဆောင်၍ ပြည်ထောင်စုလွှတ်တော်နည်းဥပဒေ၊ ပုဒ်မ-၉၈ အရ သုံးသပ်ပြင်ဆင်ရေးဆွဲမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းကို ယင်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများကို ၂-၅-၂၀၁၇ ရက်နေ့၊ ၄-၅-၂၀၁၇ ရက်နေ့နှင့် ၁၁-၅-၂၀၁၇ ရက်နေ့တို့တွင် ထပ်မံပြုလုပ်အသေးစိတ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောတူညီချက်ဖြင့် ပြန်လည်ပြင်ဆင်ဖော်ပြမှုများ ပြုလုပ်ခဲ့ပါသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ၂၆-၅-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်သွင်းဖတ်ကြားခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ် ၁-၆-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များကို ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ထို့နောက် ၁၄-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ "မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ" ဥပဒေကြမ်းအား တစ်ပိုဒ်ချင်း တင်သွင်းဖတ်ကြား၍ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ၁၇-၇-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော "မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ"(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

"မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ"တွင် အခန်း(၁)အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) ပိုင်နက်ပင်လယ်၊ အခန်း(၄) ဆက်စပ်ဇုန်၊ အခန်း(၅) သီးသန့်စီးပွားရေးဇုန်၊ အခန်း(၆) ကမ်းလွန် ရေတိမ်ပိုင်း၊ အခန်း(၇) ထပ်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်၊ အခန်း(၈) အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ချက်၊ အခန်း(၉) တားမြစ်ချက်များ၊ အခန်း(၁၀) ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း(၁၁) အထွေထွေ စသည်တို့ဖြင့် ပြဋ္ဌာန်းထားပါသည်။

နောက်ဆက်တွဲများအဖြစ် နောက်ဆက်တွဲ(က)တွင် နိုင်ငံတော်၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို သတ်မှတ်ရာ၌ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း ပထဝီအနေအထားများအရလည်းကောင်း၊ ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေးလိုအပ်ချက်များအရလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်း၊ မုတ္တမပင်လယ်ကွေ့နှင့် တနင်္သာရီကမ်းရိုးတန်း၊ ပရိပဲရစ်ကျွန်းအုပ်စု(ပါလီပါလဲ့ကျွန်းအုပ်စု)နှင့် ကိုကိုးကျွန်းအုပ်စုများကို ပြဋ္ဌာန်းဖော်ပြထားပြီး နောက်ဆက်တွဲ(ခ)အဖြစ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားခဲ့သည့် ပင်လယ်ပြင်ဆိုင်ရာအငြင်းပွားမှုအား ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာခုံရုံးမှ ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည့် ပင်လယ်နယ်နိမိတ် ၂၁၅ ဒီဂရီမျဉ်းပါ Coordinate များ၊ ၁၉၈၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နှစ်နိုင်ငံလက်မှတ် ရေးထိုးထားခဲ့သော မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်၏ ပင်မအမှတ်(၁၆)မှတ်အထိ ဆက်သွယ်ထားသော မျဉ်းဖြောင့်ပါ Coordinate များ၊ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်၏ ပင်မအမှတ်(၉) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များ၏ Coordinate များကို ပြဋ္ဌာန်းဖော်ပြထားပါသည်။

အချုပ်အားဖြင့်ဆိုရပါက မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေသည် ရှည်လျားသော ကမ်းရိုးတန်းအား ပိုင်ဆိုင်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အချာအာဏာကို ကာကွယ်ထားသော အလွန်အရေးပါသည့် ဥပဒေတစ်ရပ်ဖြစ်ပါသည်။ ဤဥပဒေဖြစ်ပေါ်လာရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်းရေးဆွဲခဲ့ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကျွမ်းကျင်သူကိုယ်စားလှယ်ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်တော်ကြီးများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကျေးဇူးအထူးပင်တင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြရေးသားအပ်ပါသည်။ ။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် တတိယနေ့ မြင်ကွင်းအစုံစုံ



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်သို့ လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကားနေစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)




လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ Talk Show အစီအစဉ်။ သတင်းစဉ်




လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ပြခန်းများတွင် လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကားနေစဉ်။ သတင်းစဉ်



သိုင်းသရုပ်ပြပွဲတွင် စိတ်ဝင်တစားလေ့လာ။ သတင်းစဉ်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် စိတ်ဝင်တစားလေ့လာနေကြသူများ။ ခင်မောင်ဝင်း(ကြေးမုံ)



မှတ်တမ်းဓာတ်ပုံ ရိုက်ကြစဉ်။ သတင်းစဉ်



ကျန်းမာလှုပ်ရှား အားကစား။ သတင်းစဉ်



ခေါင်းအုံးရိုက်ကြမယ်။ ခင်မောင်ဝင်း(ကြေးမုံ)



ပုံတူဆွဲကြမယ်။ သတင်းစဉ်

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် လွန်ဆွဲပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများ ဆုချီးမြှင့်

**ရန်ကုန်  ဒီဇင်ဘာ ၃**

လူငယ်လူရွယ်များ ဘက်ပေါင်းစုံ၊ အလ္ဘာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်သော အနာဂတ် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဝန်ကြီးဌာနငါးခုနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော "လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်"ကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ ယနေ့(နောက်ဆုံးနေ့)တွင်လည်း သက်ဆိုင်ရာဌာနပေါင်းစုံမှ တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နယ်ပယ်ပေါင်းစုံမှ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု လေ့လာသူများဖြင့် ဆက်လက်စည်ကားခဲ့သည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ အားကစား၊ စာပေ စသည့် ကဏ္ဍပေါင်းစုံဆိုင်ရာလှုပ်ရှားမှုများ ပါဝင်လျက်ရှိရာ ယင်းကဏ္ဍများထဲမှ ကဏ္ဍတစ်ခုဖြစ်သည့် အားကစားဆိုင်ရာလှုပ်ရှားမှုသည်လည်း လူအများစိတ်ဝင်စားခဲ့ပြီး လာရောက်လေ့လာကြည့်ရှုသူများပြားခဲ့သည်။ အားကစားကဏ္ဍသည် လူငယ်များနှင့် သက်ဆိုင်သော ကဏ္ဍတစ်ရပ်ဖြစ်ပြီး လူတိုင်းအတွက်လည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ အားကစားပြုလုပ်ရခြင်းကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများအနေဖြင့် ကျန်းမာပျော်ရွှင်ခြင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ကြောင်း သိရသည်။

"အားကစားဆိုင်ရာပြိုင်ပွဲတွေကို ကလေးတွေအနေနဲ့ လေ့လာခွင့်ရအောင် ခေါ်ဆောင်လာခြင်းဖြစ်ပါတယ်၊ ကလေးတွေအနေနဲ့ ကျောင်းစာတစ်ခုတည်းပေါ်မှာ မဟုတ်ဘဲ အားကစားကဏ္ဍတွေဘက်မှာလည်း စိတ်ပါဝင်စားလာမယ်လို့ ယုံကြည်ပါတယ်၊ ကျောင်းမှာလည်း အားကစားအချိန်တွေ သီးသန့်သတ်မှတ်ပေးထားပါတယ်၊ ကျောင်းစာတစ်ခုတည်းက ဉာဏ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသာရှိပါတယ်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်ဖို့လည်း လိုအပ်ပါတယ်၊ လူတစ်ယောက်မှာ အားကစားဟာ ၅၀ ရာခိုင်နှုန်းလောက်ထိ အရေးပါမယ်လို့ ထင်ပါတယ်"ဟု ပုလဲစံပြ ကိုယ်ပိုင်အထက်တန်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်သူထွန်းက ပြောသည်။



**လွန်ဆွဲအမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာရံမြင့်မိုရ်အသင်းအား ဆုချီးမြှင့်စဉ်။** ဓာတ်ပုံ- ဇာနည်မောင်

အဆိုပါ ပွဲတော်တွင် အားကစားပြိုင်ပွဲများအနေဖြင့် အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ၊ သုံးချောင်းထောက်ပြေးပွဲများအပြင် ခြင်းလုံး၊ ဝူရှူး၊ ကျွမ်းဘား၊ သိုင်း၊ ကရာတေးဒိုအားကစားသရုပ်ပြပွဲများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ထိုသို့ မြန်မာ့ရိုးရာအားကစားနည်းမျိုးစုံ ပါဝင်လျက်ရှိရာ ကစားနည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ဉမ္မာသန်းက "ထုပ်ဆီးတိုးကစားနည်း ပေါ်ပေါက်တာ နှစ်ပေါင်းရာချီနေပါပြီ၊ ထိုင်းထက် ထုပ်ဆီးတိုးနည်း မြန်မာနိုင်ငံကစောပါတယ်၊ အားကစားနည်းဥပဒေတွေရှိပါတယ်၊ စည်းခုနစ်စည်းနဲ့ တစ်ဖွဲ့မှာအုပ်ချုပ်သူ၊ နည်းပြတစ်ယောက်စီ ကစားသမားခုနစ်ယောက် အရန်သုံးယောက်နဲ့ ဖွဲ့စည်းရပါတယ်၊ ထုပ်ဆီးတိုးနည်းဟာ လောပြီး ကစားလို့မရပါဘူး၊ လျင်မြန်ဖျတ်လတ် ကျန်းမာဖို့လည်းလိုပါတယ်။

လွန်ဆွဲပြိုင်ပွဲဆိုရင်လည်း စည်းလုံးညီညွတ်မှုကို ပြတာပါပဲ၊ စည်းစည်းလုံးလုံး အားနဲ့ပြိုင်တူဆွဲမှ နိုင်နိုင်မှာပါ၊ ဒီကစားနည်းက ရှေးမြန်မာမင်းများလက်ထက်ထဲက မိုးခေါင်ရင် ဆွဲကြတယ်လို့လည်း ကြားဖူးပါတယ်၊ နောက်ပိုင်းကျမှ စည်းစနစ်တွေထည့်ပြီးတော့ ကစားနည်းတစ်ရပ်လုပ်တာပါ၊ တစ်ဖက်ကို လူရှစ်ယောက်နဲ့ ပြိုင်ရတာပါ၊ ဝိတ်တန်းတွေလည်း သတ်မှတ်ထားပါတယ်။

ခေါင်းအုံးရိုက်ကစားနည်းဆိုရင်လည်း ရှေးရိုးရာကစားနည်းပါ၊ ထူးထူးခြားခြား စည်းကမ်းသတ်မှတ်ထားတာတော့မရှိပါဘူး၊ ဆင်ထားတဲ့ဝါးလုံးပေါ်မှာ လူနှစ်ယောက်တက်ပြီး တစ်လှမ်းအကွာ ခေါင်းအုံးတစ်လုံးစီကိုင်ရိုက်ရတာပါ၊ ပြုတ်ကျတဲ့သူက အရှုံးပါ၊ သုံးချောင်းထောက်၊ ဂုန်နီအိတ်စွပ်ကစားနည်းတွေကတော့ အခုနောက်မှပေါ်တဲ့ ကစားနည်းတွေပါ၊ ပျော်ပွဲရွှင်ပွဲတွေ လွှပ်လပ်ရေးနေ့တွေမှာ ကစားတဲ့ကစားနည်းတွေပါ၊ သူကတော့ စည်းစနစ်ရယ်တော့မရှိပါဘူး၊ လဲသွားရင် အရှုံးပေါ့။

ဒီကစားနည်းတွေကို ကစားခြင်းအားဖြင့် မြန်မာ့ရိုးရာအားကစားနည်းတွေကို ထိန်းသိမ်းရာလည်း ရောက်သလို ခန္ဓာကိုယ်ကြံ့ခိုင်မှုကိုလည်း အများကြီးအထောက်အကူပြုပါတယ်၊ ဒါကြောင့် ကလေးတွေဟာ တခြားစိတ်လေလွင့်တာမရှိတော့ဘူး၊ မြန်မာ့ရိုးရာအားကစားနည်းတွေကို ပြန်လည်ဖော်ထုတ်ပြီးတော့ ကစားစေချင်ပါတယ်၊ ကိုယ့်ရဲ့ရိုးရာကစားနည်းတွေကို ပြည်တွင်းမှာ တင်မကဘဲ ပြည်ပကိုထိုးဖောက်နိုင်ဖို့ လိုပါတယ်၊ အခုဆိုရင် နိုင်ငံတကာကို ထိုးဖောက်နိုင်တာ လွန်ဆွဲကစားနည်းပါ"ဟု ရှင်းပြသည်။

မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများနှင့် သရုပ်ပြပွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်း နှစ်ပိုင်းခွဲ၍ ကျင်းပလျက်ရှိရာ ယနေ့နောက်ဆုံးနေ့တွင် ကျင်းပသည့် ပြိုင်ပွဲများမှာ ပထမ၊ ဒုတိယ၊ တတိယနေရာလုပြိုင်ပွဲများဖြစ်ပြီး ထုပ်ဆီးတိုးနှင့် လွန်ဆွဲပြိုင်ပွဲများအတွက် ဆုကြေးများအနေဖြင့် ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်း သတ်မှတ်ထားသည်။ အခြားကစားနည်းဆုကြေးများကို သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်း သတ်မှတ်ထားကြောင်း သိရသည်။

ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲတွင် ဆုများကို ဂျင်းကောင်းအသင်းမှ ပထမ၊ Star အသင်းမှ ဒုတိယ၊ မျိုးဆက်သစ်အသင်းမှ တတိယရရှိခဲ့သည်။ လွန်ဆွဲပြိုင်ပွဲ အမျိုးသားအတွက် ဆုများကို ဗိုလ်အောင်ဒင်အသင်းမှ ပထမ၊ လျော်လုံးထိုးအသင်းမှ ဒုတိယ၊ Tiger World အသင်းမှ တတိယရရှိခဲ့ပြီး လွန်ဆွဲအမျိုးသမီးဆုများကို ကာရံမြင့်မိုရ်အသင်းမှ ပထမ၊ Storng Girls အသင်းမှ ဒုတိယ၊ ဘုတ်ဆုံမအသင်းမှ တတိယ အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

**သတင်း- အေးမင်းသူ**

# စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်း စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန်  ဒီဇင်ဘာ ၃**

စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၁၀)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ပြုလုပ်မည်ဖြစ်သဖြင့်မည်သူမဆို ပါဝင်သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရလက်ဆောင်ငါးမျိုး(ကြက်ဥ ၁၀ လုံး၊ UV နေရောင်ခြည်ကာကွယ်သောထီးကြီးတစ်လက်၊ ဦးထုပ် တစ်လုံး၊ ကြွေမတ်ခွက်တစ်ခုနှင့် 100% Cotton Sport-Shirt တစ်ထည်)ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ကြောင်း သွေးလှူဒါန်းမည့်သူများအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း- ၀၉-၅၁၃၅၅၁၅၊ ၀၉-၄၄၉၂၅၃၇၆၇ တို့သို့ ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံထားသည်။

**(သတင်းစဉ်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# လျှော်ပင်ပျော့ဖတ်မှ စက်ကိရိယာလွတ် ရှမ်းရိုးရာစက္ကူပြုလုပ်ပုံ လက်တွေ့သရုပ်ပြ

**ရန်ကုန်  ဒီဇင်ဘာ ၃**

ရှမ်းတိုင်းရင်းသားရိုးရာ လက်မှုလုပ်ငန်းဖြစ်သည့် ရှမ်းစက္ကူပြုလုပ်ပုံအဆင့်ဆင့်ကို ခေတ်မီစက်ကိရိယာ ပစ္စည်းများမပါဘဲ လျှော်ပင်ပျော့ဖတ်မှ စက္ကူဖြစ်သည်အထိ လက်တွေ့ပြုလုပ်ပြသခြင်းကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ထည့်သွင်းပြသခဲ့ရာ ပွဲတော်သို့လာရောက်သူ အများအပြား စိတ်ပါဝင်စားစွာ အားပေးကြည့်ရှု လေ့လာခဲ့ကြသည်။

"ရှမ်းတိုင်းရင်းသားလက်မှုလုပ်ငန်းလေးတစ်ခုပါ၊ ပထမဆုံးရှမ်းစက္ကူပြုလုပ်ဖို့ လျှော်ပင်ရဲ့အခေါက်တွေကို ခွာယူရပါတယ်၊ ရလာတဲ့အခေါက်တွေကို ရေစိမ်ပြီး ထင်းမီးသွေးနဲ့ နူးအိသွားအောင် ခြောက်နာရီကြာ ပြုတ်ပေးရပါတယ်၊ အဲဒီလို နူးအိသွားတဲ့အခေါက်တွေကို ရေနဲ့ဆေးပြီး လျှော်ခေါက်တွေကို စက္ကူတစ်ချပ်စာ နှစ်လက်မ၊ သုံးလက်မ ပတ်လည်ပုံစံအရွယ်ရအောင် လုံးပေးရပါတယ်၊ ပြီးရင် စက္ကူတစ်ချပ်စာ လျှော်လုံးတွေကို မွှေပေးရပါတယ်၊ မွှေပြီးသားလျှော်တွေကို ပုံစံခွက်ထဲထည့် မျက်နှာပြင်ညီအောင်ဖြန့်ခင်းပြီး ရေကိုမြုပ်ရုံ ဖြည်းဖြည်းလောင်းချရပါတယ်၊ ပြီးရင် ထည့်ချင်တဲ့ပန်းဖတ်လွှာလေးတွေကို ထည့်ပြီး ရေကိုပိုက်နဲ့ဖောက် ဖယ်ထုတ်ပြီး စစ်ယူရပါတယ်၊ အဲဒီလို ရေစစ်ပြီးသား စက္ကူတွေကို နေပူထဲမှာအခြောက်ခံလှန်းထားရပါတယ်၊ ခြောက်သွားရင်တော့ လိုချင်တဲ့စက္ကူတစ်ချပ်ရပါပြီ"ဟု ဦးထွန်းဦး ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနာမှူး(တောင်ကြီးမြို့)က ရှင်းပြသည်။

ရှမ်းစက္ကူပြုလုပ်ရာတွင် အသုံးပြုသည့် လျှော်ပင်သည် ရှမ်းရိုးမတောင်တန်းတစ်လျှောက်တွင် ပေါက်ရောက်လေ့ရှိသော အပင်မျိုးဖြစ်ပြီး တောင်ယာခုတ်သူများထံမှ လျှော်ခေါက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ခန့်ဖြင့် ဝယ်ယူရကြောင်း သိရသည်။ ရှမ်းစက္ကူဖြင့် လူသုံးကုန်ပစ္စည်းများဖြစ်သော ရိုးရာထီး၊ မီးပုံး၊ မီးပုံးပျံ မီးပုံးကြီး၊ စာအိတ်၊ စာအုပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အပါအဝင် နံရံကပ်စက္ကူနှင့် ယပ်တောင်စသည့် အမှတ်တရပစ္စည်းများ ပြုလုပ်ကြောင်း သိရသည်။



ရှမ်းရိုးရာလက်မှုပစ္စည်းတစ်ခုဖြစ်သည့် ရှမ်းစက္ကူကို ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ပင်းတယမြို့၊ မိုင်းကိုင်မြို့တို့အပြင် ယခုအခါ အေးသာယာမြို့တွင်ပါ အိမ်တွင်းလုပ်တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်လေ့ရှိကြပြီး ရှမ်းစက္ကူဖြင့်ပြုလုပ်သော အမှတ်တရပစ္စည်းများကို ရှမ်းပြည်နယ် အင်းလေးဒေသသို့ လာရောက်သော ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များနှင့် ဟိုတယ်များကပါ ဝယ်ယူကြကြောင်း သိရသည်။

အဆိုပါ ရှမ်းရိုးရာစက္ကူပြုလုပ်ခြင်း လက်တွေ့သရုပ်ပြ အစီအစဉ်ကို နိုင်ငံတော်ကပြုလုပ်သော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် သုံးရက်တိုင်တိုင် ပြသခဲ့ပြီး လက်တွေ့သရုပ်ပြခြင်းနှင့်အတူ လာရောက်ကြည့်ရှုလေ့လာသူများအား ရှမ်းစက္ကူပြုလုပ်နည်းများအကြောင်းကိုပါ ရှင်းပြပေးခဲ့သည်။

**သတင်း- အောင်ကျော်ဦး၊**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**


လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် တတိယနေ့တွင် လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

○ **လူငယ်ဘက်စုံမှ**

လေ့လာကြည့်ရှုစရာ ဖြစ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စီးပွားရေးတက္ကသိုလ် ပင်လုံဆောင် နီလာရတုခန်းမ၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ "ဒစ်ဂျစ်တယ် Library နှင့် စာပေလိုက်စားလူငယ်များ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲနှင့် RC ခန်းမ၌ လူငယ်အဆိုတော် မိစန္ဒီနှင့် စာရေးဆရာမ ပုညခင်တို့၏ "အနုပညာလိုက်စားလူငယ်များ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတို့ကို ကျင်းပရာ လူငယ်များ ခန်းမပြည့်သည်အထိ စိတ်ဝင်တစားတက်ရောက်ပြီး ပါဝင်ဆွေးနွေးကြသည်။

အားကစားဆိုင်ရာလှုပ်ရှားမှုများအဖြစ် စစ်ကိုင်းဆောင်နှင့် ပဲခူးဆောင်ရှေ့တို့၌ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြွံခိုင်စွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ သုံးချောင်းထောက် ပြေးပွဲနှင့် ဘတ်စကက်ဘော ဂိုးသွင်းပြိုင်ပွဲတို့ကို ကျင်းပရာ လူငယ်များပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အနုပညာဆိုင်ရာ လှုပ်ရှားမှုများအဖြစ် ဝိဇ္ဇာခန်းမရှေ့နှင့် ဝိဇ္ဇာခန်းမအတွင်း၌ မြန်မာ့မင်္ဂလာယိမ်းအက၊ မွန်ရိုးရာ ဟင်္သာယိမ်းအက၊ စည်တိုယိမ်းအက၊ ရခိုင်တိုင်းရင်းသားရိုးရာအက၊ ဗွေးတုတ်ယိမ်းအက၊ ရှမ်းတိုင်းရင်းသားရိုးရာ ကိန္နရီ-ကိန္နရာအက၊ ရုပ်သေးသူငယ်တော်အက၊ မြန်မာမြန်မာ စုပေါင်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူ၊ ဓာတ်ပုံ၊ ပုံတူပန်းချီ Portrait ရေးဆွဲခြင်း၊ ရုပ်ပြောင်ပုံများ Caricature ရေးဆွဲခြင်း၊ ပို့စကတ်များရေးဆွဲခြင်းတို့ကိုလည်း ထည့်သွင်းစီစဉ်ထားရာ လူငယ်များ စိတ်ဝင်တစား ကြည့်ရှုအားပေးကြသည်။

အသိပညာပေးအစီအစဉ်များအဖြစ် ဝိဇ္ဇာခန်းမရှေ့၌ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာတူရိယာများ၊ ရိုးရာအစားအစာများနှင့် Landmark များ၏ ဓာတ်ပုံများနှင့် ဗီဒီယိုပြသခြင်း၊ တိုင်းရင်းသား (၈)မျိုးတို့၏ အမျိုးသား၊ အမျိုးသမီးဝတ်စုံများကို ရုပ်တုများတွင် ဝတ်ဆင်၍ ထင်ရှားသည့် တူရိယာများနှင့်အတူ ခင်းကျင်းပြသခြင်း၊ မြန်မာတိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်၍ ဓာတ်ပုံရိုက်ခြင်း၊ ညဏ်စမ်းပဟေဠိ မေးခွန်းများ ဖြေဆိုခြင်းနှင့် တိုင်းရင်းသားအမျိုးသား အမျိုးသမီးရုပ်တုများတွင် ဓာတ်ပုံရိုက်ကူးခြင်း အစီအစဉ်များပါဝင်ရာ ကျောင်းသား ကျောင်းသူလူငယ်များ ပျော်ရွှင်စွာ ဓာတ်ပုံရိုက်ကူးရင်း လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို နွှဲပျော်ခဲ့ကြသည်။


သစ်ပုပ်ပင်နှင့် အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားနေစဉ်။

Science Fair ပြခန်းများပြသခြင်းအဖြစ် ဘွဲ့နှင်းသဘင်ခန်းမနှင့် စီးပွားရေးတက္ကသိုလ်ကြားရှိ ပြခန်းများတွင် လူငယ်များတီထွင်ပြသထားသည့် သိပ္ပံပစ္စည်းများနှင့် အိုင်တီပစ္စည်းများကလည်း လူငယ်များသာမက လာရောက်ကြည့်ရှုလေ့လာသူတို့၏ စိတ်ဝင်စားစရာဖြစ်ခဲ့သည်။

စီးပွားရေးတက္ကသိုလ်ရှေ့၌ ခင်းကျင်းပြသထားသည့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများကလည်း ယခင်နေ့ရက်များကထက် လေ့လာကြည့်ရှုသူများပြားခဲ့သလို အဓိပတိလမ်းမတစ်လျှောက်တွင် ပြသထားသည့် လူငယ်စံပြရိပ်သာ၊ မူးယစ်ဆေးဝါးပညာပေးပြခန်းများ၊ ကလေးသူငယ်စွန့်ပစ်မှု ပပျောက်ရေးဆိုင်ရာ ပြခန်းများအပါအဝင် အသိပညာပေးပြခန်းများသည် လူငယ်များအတွက် စိတ်ဝင်စားဖွယ်ဖြစ်ခဲ့သည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်သည် လူငယ်များအတွက် အသိပညာဗဟုသုတများ ဖြည့်ဆည်းပေးရုံသာမက လူငယ်ထုတစ်ရပ်လုံး ပျော်ရွှင်နိုင်ရေးအတွက် ပျော်ပွဲရွှင်ပွဲများကိုလည်း စီစဉ်ဆောင်ရွက်ထားသည်။

ပွဲတော်ကြီးကျင်းပရာ ရန်ကုန်တက္ကသိုလ် သန့်ရှင်းသာယာစေရန်လည်း "သင့်အမှိုက်တစ်စကြောင့် ရန်ကုန်မြို့အလှ မပျက်စီးပါစေနှင့်၊ မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့" ဆိုသည့် ပိုစတာများကိုင်ဆောင်၍ လူငယ်ကျောင်းသား ကျောင်းသူများသည် စုပေါင်းအမှိုက်ကောက်ခြင်းဖြင့် ပွဲတော်ကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသည်။

မြန်မာလူငယ်များ အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်သည် လူငယ်ကျောင်းသား ကျောင်းသူများသာမက လူထုတစ်ရပ်လုံး နွှဲပျော်သည့် ပွဲတော်ကြီးအဖြစ် အောင်မြင်စည်ကားသက်ဝင်ခဲ့သည်။ **သတင်းစဉ်**

# စာပေဗိမာန်ရှားပါးစာအုပ်များ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြသထား

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တက္ကသိုလ်၌ သုံးရက်တာ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်က ၁၉၅၀ ခုနှစ်ဝန်းကျင်က ထုတ်ဝေခဲ့သော ထင်ရှားသည့် ရှားပါးစာအုပ်များကို ပြခန်းတွင်ပြသထားသည်။

"ထင်ရှားတဲ့ စာရေးဆရာကြီးတွေဖြစ်ကြတဲ့ မောင်ထင်၊ တက်တိုး၊ မင်းယုဝေ၊ ဇော်ဂျီစတဲ့ စာရေးဆရာကြီး ၁၀၀ ကျော်ရဲ့ ရှားပါးလက်ရာတွေပါဝင်ပါတယ်၊ စာပေအမျိုးအစားတွေကတော့ စာပေဗိမာန်မဂ္ဂဇင်းတွေ၊ မြန်မာ့စွယ်စုံကျမ်း၊ လူထုသိပ္ပံကျမ်း၊ နှစ် ၅၀ ကမ္ဘာ့ရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ သိပ္ပံရေးရာ၊ လူမှုရေးရာ၊ သယ်ယူပို့ဆောင်ရေးရာအစရှိတဲ့ အပြင်မှာတကယ်တမ်းရှာဖွေဖို့မလွယ်တော့တဲ့ စာပေအမျိုးအစားတွေ ဖြစ်ပါတယ်" ဟု စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် စာကြည့်တိုက်မှူး ဦးကျော်ခိုင်ဝင်းက ပြောသည်။

ယခုခင်းကျင်းပြသထားသည့် စာအုပ်များတွင် စာပေဗိမာန်က ပြန်လည်ထုတ်ဝေရန် အစီအစဉ်မရှိသေးသည့် စာအုပ်များပါဝင်ကြောင်း သိရသည်။ ထို့ပြင် စာပေဗိမာန်က ကြီးမှူးကျင်းပသည့် စာတမ်းဖတ်ပွဲများမှ စာတမ်းများဖြစ်သည့် ဇာတိမာန်စာပေစာတမ်း၊ ဘာသာပြန်စာတမ်း၊ ဂန္ထဝင်စာပေစာတမ်း၊ မြန်မာ့ရည်ညွှန်းကျမ်း၊ သုတပဒေသာစာတမ်း၊ ဝတ္ထုရှည်စာတမ်း၊ ကလေးစာပေ၊ လူငယ်စာပေ၊ ခရီးသွားစာပေစသည့် စာပေအစုံကိုလည်း ပြသထားကြောင်း သိရသည်။



"အခုပြသထားတဲ့စာအုပ်တွေကို လာရောက်လေ့လာဖတ်ရှုလိုတဲ့ စာပေဝါသနာရှင်တွေအနေနဲ့ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်မှာ တနင်္လာနေ့ကနေ သောကြာနေ့အထိ နံနက် ၁၀ နာရီကနေ ညနေ ၄ နာရီခွဲအထိနဲ့ စနေနေ့မှာ နံနက်ပိုင်းနေ့ဝက်အထိ လာရောက်ဖတ်ရှုနိုင်ပါတယ်"ဟု စာကြည့်တိုက်မှူး ဦးကျော်ခိုင်ဝင်းက ပြောသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်ကိုလည်း ဖွင့်လှစ်ထားသည်။

အရောင်းတာဝန်ခံ ဦးထိန်လင်းက စာအုပ်အချို့ကို ၅၀ ရာခိုင်နှုန်းလျှော့ရောင်းပေးလျက်ရှိကြောင်း၊ လူငယ်တော်တော်များများက အင်္ဂလိပ်စကားပြောစာအုပ်နှင့် စာပေဗိမာန်က သချာညဏ်စမ်းစာအုပ်များကို ဝယ်ယူမှုများကြောင်း၊ ဘာသာပြန်ရည်ညွှန်း၊ မြန်မာ့စွယ်စုံကျမ်းအပြင် ကျောက်စာအကြောင်း ရေးသားထားသည့်စာအုပ်များကိုလည်း လေ့လာကြကြောင်း ပြောသည်။

ယနေ့သည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်နောက်ဆုံးနေ့ဖြစ်သည့်အားလျော်စွာ စာပေဝါသနာရှင်လူငယ်များ လာရောက်လေ့လာသူ လူငယ်များနှင့် စည်ကားလျက်ရှိသည်။ **သတင်း - ဥမ္မာ၊ စန္ဒီ**

○ **ကျောဖုံးမှ**

ပြီးခဲ့သည့်ရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၌ ခြေစွမ်းပြခဲ့သည့် ခရစ္စတိုဖာ၊ မတ်ခ်နှင့် မိုကာလူးတို့ ပါဝင်လာသောကြောင့် ခြေစမ်းပွဲဖြစ်သော်လည်း ခြေစွမ်းအကုန်အသုံးပြုပါက အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်လာဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိပြီး ကစားသမားများအဖြစ် ဂိုးသမား ဆန်းဆက်နိုင်၊ ပြည့်စုံချစ်၊ နောက်တန်း ထိုက်ထိုက်အောင်၊ စိုးမိုးကျော်၊ ကျော်သက်ဦး၊ လှိုင်မျိုးအောင်၊ နန်းဝေမင်း၊ စည်သူမိုးခန့်၊ ဟိန်းနေဆန်း၊ အောင်ဝဏ္ဏစိုး၊ အလယ်တန်း ရန်နိုင်ဦး၊ ရန်ပိုင်စိုး၊ စည်သူအောင်၊ လှိုင်းဘိုဘို၊ ကျော်မင်းဦး၊ အောင်ဇေယျ၊ လွင်မိုးအောင်၊ ရှေ့တန်း မောင်မောင်လွင်၊ ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ သန်းပိုင်၊ အောင်ကောင်းမာန်နှင့် လွှမ်းမိုးဦးတို့ ပါဝင်နေသည်။ MNL ညွှန့်ပေါင်းအသင်းတွင် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ ဦးစိုးမြတ်မင်းတို့က ကိုင်တွယ်မည်ဖြစ်ပြီး ဂိုး သီဟစည်သူ(ရှမ်း)၊ ကျော်ဇင်ထက် (ရန်ကုန်)၊ နောက်တန်း ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ မိုကာလူး(ရန်ကုန်)၊ အန်ဒါဆင်(ရခိုင်)၊ မိုက်ကယ်(မကွေး)၊ မန်ချိုဘီ(ချင်း)၊ ကယ်ဗင်(မဟာ)၊ အလယ်တန်း မတ်ခ် (GFA)၊ ကြည်လင်း၊ ရန်အောင်ကျော်(ရန်ကုန်)၊ တင်ဝင်းအောင် (ရှမ်း)၊ မင်းမင်းသူ(ဧရာဝတီ)၊ ဖရိုင်းဒေး (မဟာ)၊ အက်ကာပို(ရခိုင်)၊ ရှေ့တန်း ကျော်ကိုကို (ရန်ကုန်)၊ ခရစ္စတိုဖာ၊ ဇင်မင်းထွန်း(ရှမ်း)၊ အီမန်နျူရယ် (GFA) တို့ ပါဝင်နေသည်။

MNL ညွှန့်ပေါင်းအသင်းသည် ခြေစမ်းပွဲဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၆ ရက်တွင် မြန်မာ ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ တီထွင်စွမ်းအား လူငယ်တို့စွမ်းပကား



အပူပိုင်း အညာဒေသနှင့် ကျေးလက်များတွင် သဘာဝလေနှင့် ရေကိုအသုံးပြုပြီး လေအေးပေးစက်အစားထိုး သဘာဝလေအေးပေးစက် တပ်ဆင်အသုံးပြုနိုင်ပုံကို လက်တွေ့သရုပ်ပြနေသည့်မြင်ကွင်းက နွေအပူဒဏ်ကို ရှောင်ရှားချင်သူများအတွက် အထူးစိတ်ဝင်စားဖွယ်။

ထိုမြင်ကွင်းက **“ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နွဲပျော်စို့”** ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်ပြသသည့် သိပ္ပံဆိုင်ရာပြခန်းတစ်ခုတွင် ဖြစ်သည်။ တီထွင်ဖန်တီးလိုက်သူများမှာ မှော်ဘီ နည်းပညာတက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများ ဖြစ်သည်။

“သွပ်မိုးအိမ်ရဲ့ အပူချိန် အဓိကဝင်ရောက်တဲ့နေရာက ခေါင်မိုးဖြစ်တာကြောင့် ရေအေးဖျန်းပြီး ကာဗာလုပ်ထားနိုင်ရင် အပူချိန်လျော့ကျမယ်၊ ဒီလိုရေအေးပြန်ဖြစ်ဖို့အတွက် အဲဒီနည်းနဲ့ အပြင်ကအပူရှိန်ရှိတဲ့လေကို အပူရှိန်လျှော့ပြီး အိမ်ထဲကို သွင်းလိုက်တဲ့သဘောမျိုးပါ။ ၁၀ ပေပတ်လည်ကောင်းကောင်း အလုပ်လုပ်နိုင်တယ်” ဟု စက်မှုအင်ဂျင်နီယာဌာန စတုတ္ထနှစ်ကျောင်းသား မောင်ထက်နိုင်လင်းက ဆိုသည်။

စာသင်ခန်းအတွင်း ကျောင်းသားများအား စမတ်ကတ်ဖြင့် မိမိနှင့် သက်ဆိုင်သည့် ဘာသာရပ် အတန်းသို့ ဝင်ရောက်စာသင်ကြားမှု၊ အတန်းတက်ရောက်မှု အခြေအနေ၊ ကျောင်းသားဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် မီး၊ ပန်ကာပွင့်သည့်စနစ်ကို ဆင်ဆာစနစ် ပြုလုပ်ထားမှုများပါဝင်သည့် ပရောဂျက်ကို ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် စတုတ္ထနှစ် mechatronics ကျောင်းသားများက တီထွင်ထားသည်။

“ခုံအမှတ်(၁) စမတ်ကတ်ကိုင်ဆောင်ထားတဲ့ ကျောင်းသား အတန်းတက်ရောက်မှုကို Sensor က ဖတ်တယ်၊ သူ့ရဲ့ထိုင်ခုံနံပါတ်တစ်နေရာမှာ မီးလင်းပြီး သူရောက်ရှိအတန်းတက်မှုကို Sensor က ပြနေတယ်၊ မေဂျာမတူတဲ့သူက ဝင်လာပြီး အခန်းကိုစမတ်ကတ်နဲ့ဖွင့်မယ်ဆိုရင် တံခါးကမပွင့်ဘူး၊ သက်ဆိုင်တဲ့မေဂျာက သူတွေနဲ့ ဆရာမတွေပဲ ဒီအခန်းကို တက်ရောက်စာသင်လို့ရအောင် လုပ်ထားတာ၊ ဒါ့အပြင် လူတစ်ယောက်ဝင်လာတယ်ဆိုရင် အလိုအလျောက် အခန်းထဲကမီးတွေ၊ ပန်ကာတွေ ပွင့်မယ်၊ ကျောင်းသားမရှိတော့လို Sensor က ဇီးရိုးပြရင် မီးတွေ ပန်ကာတွေ သူ့အလိုလို ပိတ်သွားမယ်၊ လူဝင်လာတာနဲ့ Roll Call ကောက်ပြီးသား၊ စာသင်ခန်းတင်မဟုတ် ကျန်တဲ့အဆောက်အအုံ၊ အစည်းအဝေးခန်း၊ ရုံးတွေ ကျောင်းတွေမှာ အသုံးပြုလို့ရတယ်၊ စွမ်းအင်ကိုလည်း လျှော့ချနိုင်မယ်”ဟု စတုတ္ထနှစ် mechatronics ကျောင်းသား မောင်ဖြိုးမာန်ဟိန်းက ပြောသည်။

ရန်ကုန်မြို့၏ လျှပ်စစ်စွမ်းအားကို မလိုအပ်သည့်နေရာများတွင် အသုံးမပြုဘဲ လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန် Power Saving Yangon ဆိုသည့် ပရောဂျက်ကိုလည်း ရန်ကုန်တက္ကသိုလ် ပထဝီဝင် ကျောင်းသားများက ဖန်တီးတီထွင်ထားသည်။

“မလိုအပ်တဲ့နေရာမှာ အလဟဿဖြစ်မယ့် စွမ်းအင်တွေကို ချွေတာပြီး လိုအပ်တဲ့နေရာမှာ အသုံးပြုမယ်ဆိုရင် လျှပ်စစ်တွေ ပိုပြီးထွက်လာမယ်၊ ရန်ကုန်မြို့မှာ ညနေ ၆ နာရီဆို မီးတွေဖွင့်ပြီး မနက် ၆ နာရီဆို မီးတွေပြန်ပိတ်တဲ့ ထုံးစံရှိတယ်၊ ရန်ကုန်မှာ မီးတွေအဖွင့်အပိတ်လုပ်ပေးရတယ်၊ ည ၁၂ နာရီကျော်သွားရင် ကားတွေရော လူတွေရော မရှိတော့ဘဲ လျှပ်စစ်မီးတွေကလင်းနေတယ်၊ အဲဒါတွေအတွက် လမ်းမတွေမှာ Sensor လေးတွေ မြှုပ်ထားတယ်၊ Sensor ရဲ့သဘောတရားက ကား၊ အရာဝတ္ထု၊ လူ တစ်ခုခုဖြတ်တဲ့အချိန်မျိုးဆို မီးကလင်းသွားမယ်၊ လိုတဲ့အချိန်ပဲ မီးကိုသုံးမယ်၊ မလိုတဲ့အချိန်မှာ မီးကို မသုံးဘူး၊ လျှပ်စစ်ကို အများကြီးလျှော့လို့ရမယ်၊ အဲဒီအတွက် လိုအပ်တဲ့ စွမ်းအားကို အထပ်မြင့်တိုက်တွေမှာ ဆိုလာပြားတွေ၊ ဆိုလာစနစ်တွေထားမယ်၊ လေအား လျှပ်စစ်နဲ့ ထုတ်မယ်ဆိုရင် လျှပ်စစ်သက်သာမယ်၊ စွမ်းအင်တွေကို လျှော့ချပြီး တစ်နိုင်တစ်ပိုင် စွမ်းအင်ထုတ်လုပ်တာပါ။ ကားမှတ်တိုင်ဆိုရင်လည်း Sensor လေးတွေထားမယ်၊ လူရှိတယ်၊ ကားစောင့်နေတယ်ဆိုရင် မီးလင်းမယ်၊ မရှိဘူးဆိုရင် မီးမလင်းဘူး၊ မီးတွေအဖွင့်အပိတ်လုပ်တာကို အလုပ်ရှုပ်သက်သာအောင် ကွန်ထရိုးစင်တာထားပြီး လုပ်ထားမယ်”ဟု ပထဝီဝင်ကျောင်းသား မောင်အောင်သူထက်က ဆိုသည်။

ထိုသို့ သဘာဝအတိုင်း လေနှင့်ရေကို အခြေခံထားသည့် လေအေးပေးစက်အစားထိုး သဘာဝလေအေးပေးစနစ်အပါအဝင် အလိုအလျောက် ရေဖြည့်သည့်စနစ်၊ စက်လှေကားများတွင် Sensor အသုံးပြုဖြတ်သန်းသည့်စနစ်၊ Home made Air Cooler ပြုလုပ်နည်းစနစ်၊ အခြေခံပညာကျောင်းများတွင် သိလိုသည့်အချက်အလက်များကို ကြည့်နိုင်သည့်စနစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြင့် လျှပ်စစ်ထုတ်လုပ်သည့်စနစ်၊ ရေအောက်တွင်ရှိသော အရာဝတ္ထုများကို လူကိုယ်တိုင် ဆင်းစရာမလိုဘဲ စက်ရုပ်ဖြင့် အချက်အလက်၊ မှတ်တမ်းရယူနိုင်သည့်စနစ် စသည့် ပရောဂျက်များအပါအဝင် လူငယ်များတီထွင်ထားသည့် သိပ္ပံပစ္စည်းများနှင့် အိုင်တီပစ္စည်းများကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် Science Fair ကဏ္ဍတွင် ပြသထားခြင်းက လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ်ကို နှိုးဆွပေးစေသည်။

အဆိုပါ ပရောဂျက်များကို မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် မှော်ဘီ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သတ္တဗေဒဌာနနှင့် ဘူမိဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ( လူငယ်ဆန်းသစ်သိပ္ပံတက္ကသိုလ်များသိပ္ပံ၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာန)၊ ဒဂုံတက္ကသိုလ် ဓာတုဗေဒဌာန၊ ဓာတုဗေဒနှင့် ဇီဝဓာတုဗေဒဘာသာရပ်အသင်း၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့မှ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ထိုသို့ လူငယ်များ၏ တီထွင်ဆန်းသစ်မှုစွမ်းပကားများက ပွဲတော်လာလူထုနှင့် လူငယ်ကျောင်းသား ကျောင်းသူများအတွက် သိပ္ပံဆိုင်ရာပညာရပ်ကို လေ့လာလိုစိတ်များ ပိုမိုဖြစ်ပေါ်စေပါလိမ့်မည်။ တစ်နည်းအားဖြင့်ဆိုသော် အနာဂတ်ခေတ်မီနိုင်ငံတော်အတွက် လူငယ်တို့၏ တီထွင်စွမ်းပကားက ပို၍ပင်လိုအပ်နေပေသည်။ သုံးရက်တာကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် Science Fair ကဏ္ဍက အနာဂတ်ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်သစ်ကြီးကို များစွာအထောက်အကူပြုမည်ဟု ယုံကြည်မိပါကြောင်း။ ။

**နန္ဒာဝင်း၊ ဝင်းဝင်းမော်**
**ဓာတ်ပုံ- ဇော်မင်းလတ်**

# ကိုယ့်မှာတကယ်ပြင်းပြတဲ့ဆန္ဒရှိတယ်၊ တကယ်လည်းဖြစ်ချင်တယ်ဆိုရင် ဖြစ်အောင်တကယ်ကြိုးစားပါ အရာအားလုံးဖြစ်နိုင်ပါတယ်

**အဆိုတော် မိစန္ဒီ**

**ရန်ကုန်တက္ကသိုလ်တွင် သုံးရက်တာ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၏ ယနေ့နောက်ဆုံးရက်တွင် RC ခန်းမ၌ အနုပညာလိုက်စားလူငယ်များ ခေါင်းစဉ်ဖြင့် လူငယ်အဆိုတော် မိစန္ဒီနှင့် စာရေးဆရာမ ပုညခင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ လူငယ်တို့၏ အနာဂတ် ရည်မှန်းချက်နှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးမှုများကလည်း လူငယ်ထုအတွက် အတွေးအမြင် အသိပညာများ ရရှိမည်ဖြစ်သည်။ ဆွေးနွေးပွဲအပြီး မြန်မာ့သတင်းစဉ်က ဦးဆောင်ဆွေးနွေးခဲ့သူတို့ကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။**



အဆိုတော် မိစန္ဒီ



စာရေးဆရာမ ပုညခင်

**အဆိုတော် မိစန္ဒီ**

ဒီအစီအစဉ်ကို လာရောက်ဖြစ်တာကတော့ မိစန္ဒီကို ဆရာမပုညခင်က လူငယ်တွေနဲ့ဆွေးနွေးဖို့ဖိတ်ခေါ်တဲ့အတွက် ဝမ်းပန်းတသာနဲ့ လက်ခံဖြစ်ခဲ့တာပါ။ အခြားအလုပ်တွေရှိနေပေမယ့် ဒီပွဲအတွက် အချိန်ပေးဖြစ်ခဲ့ပါတယ်၊ မိစန္ဒီကိုယ်တိုင်လည်း လူငယ်တစ်ဦးဖြစ်တာကြောင့် ကျောင်းပေါင်းစုံကလာတဲ့ ကျောင်းသား ကျောင်းသူတွေအပေါ် တစ်တပ်တစ်အားလည်း ပါဝင်ချင်တာကြောင့် ဖြစ်ပါတယ်။

လူငယ်တွေက ကိုယ်ဖြစ်ချင်တဲ့ဆန္ဒနဲ့ မိဘဖြစ်စေချင်တဲ့ဆန္ဒကြားမှာ ဗျာများတတ်ကြတယ်၊ သူတို့ဘာတွေလုပ်သင့်သလဲဆိုတဲ့ သူတို့ဝါသနာလေးတွေကို ဘယ်လိုရှာဖွေရမလဲဆိုတာကို မိစန္ဒီရဲ့အမြင်အရ သိသလောက် တတ်သလောက် ဆွေးနွေးပေးခဲ့တယ်။

သူတို့အနေနဲ့ နက်နက်ရှိုင်းရှိုင်း ဘာကိုစိတ်ဝင်စားလဲဆိုရင် မိစန္ဒီရဲ့ ပညာရေးနဲ့ အဆိုတော်ဘဝ ဘယ်လိုကြုံတွေ့အားပြိုင်ခဲ့ရသလဲဆိုတာမျိုးတွေ သူတို့စိတ်ဝင်စားကြတယ်၊ နောက်မိစန္ဒီရဲ့ အတွေ့အကြုံကနေ သူတို့ဘယ်လိုတွေ ဘာရနိုင်မလဲဆိုတာကိုလည်း သူတို့စိတ်ဝင်စားတာတွေ့ရတယ်။

သူတို့မေးတဲ့ မေးခွန်းတွေက တစ်ခါတစ်ခါကျရင် ကိုယ်တောင်မတွေးမိတဲ့ မေးခွန်းတွေတောင်ရှိတယ်၊ ဒီလိုရှိပါလားဆိုတဲ့အသိမျိုးဝင်ပြီး အတွေ့အကြုံပြန်ရတယ်၊ လူတစ်ယောက်နဲ့တစ်ယောက် မေးခွန်းတွေက တူနိုင်တာမဟုတ်ဘူး။ သူတို့မေးခွန်းတွေကို မိစန္ဒီရဲ့ အတွေ့အကြုံနဲ့ ပတ်ဝန်းကျင်အကြောင်းအရာတွေပေါ် ယှဉ်ပြီး ဆွေးနွေးခဲ့တယ်၊ မျှဝေခဲ့တယ်၊ လူငယ်တွေရဲ့ ဝေဝါးနေတဲ့လမ်းတွေမှာ အလင်းရောင်တစ်စက်ဖြစ်စေ၊ နှစ်စက်ဖြစ်စေ ပေးလိုက်နိုင်တယ်လို့ သုံးသပ်မိပါတယ်။

မိစန္ဒီအနေနဲ့က လူငယ်တိုင်း ပညာရေးကို ဦးစားပေးစေချင်တယ်၊ မိစန္ဒီဆိုရင်လည်း ကိုယ့်ဝါသနာနဲ့ မိဘဖြစ်စေချင်တာကြားမှာ ဗျာများခဲ့သူ ဖြစ်ခဲ့တယ်၊ ဒါကြောင့် ကိုယ်ဝါသနာပါတာက အခြားအရာဖြစ်နေပေမယ့် ပညာရေးကိုလည်း ဘက်မျှပြီး အာရုံစိုက်စေချင်တယ်လို့ ပြောချင်ပါတယ်။

**စာရေးဆရာမ ပုညခင်**

သုံးရက်စလုံး ဆွေးနွေးတဲ့အကြောင်းအရာတွေက ကွဲပါတယ်၊ ပထမနေ့မှာဆိုရင် လူငယ်တွေနဲ့ ကျောင်းသားလူငယ်တွေရဲ့ဘဝမှာ သူတို့ရဲ့ အနုပညာစိတ်ကို လှုံ့ဆော်မှု ရှိ၊ မရှိ အနုပညာစိတ်ဖြစ်ပေါ်လာအောင် ကျောင်းပတ်ဝန်းကျင်မှာ ဒါမျိုးတွေ လိုအပ်ကြောင်းကို ဆွေးနွေးခဲ့တယ်။

ဒုတိယနေ့ဆိုရင် လူငယ်တွေက သူတို့ဝါသနာပါရာကို ရှာဖွေဖို့ လုပ်တဲ့အခါ ဘယ်လိုရှာဖွေရမှန်းမသိတဲ့ မေးခွန်းတွေ မေးတဲ့အပေါ် အဓိကထားပြီး ဆွေးနွေးခဲ့တယ်၊ ဒီနေ့ဆိုရင် တက်ရောက်လာတဲ့ လူငယ်တွေက အနုပညာကို လုပ်တဲ့အခါ အခက်အခဲတွေရှိတယ်၊ ဒီအခက်အခဲတွေ တွေ့ကြုံလာရင် ဘယ်လိုဆက်လျှောက်လှမ်းရမလဲဆိုတဲ့ မေးခွန်းတွေပေါ် မူတည်ပြီး ဆွေးနွေးပေးခဲ့တယ်။

ဒီပွဲမှာ ကိုယ့်ရဲ့အတွေ့အကြုံတွေကို မျှဝေပြီး အကြံဉာဏ်မျှဝေဖြေကြားပေးတဲ့သဘောပါ။ ရန်ကုန်တက္ကသိုလ်က အရင်က အိုဟောင်းဆိတ်ငြိမ်ပြီး ရှိခဲ့တဲ့အခြေအနေကနေ ခုနောက်ပိုင်း တစ်စတစ်စ ပြန်လည်အသက်ဝင်လာခဲ့တယ်၊ တက္ကသိုလ်ကြီးက စည်ကားသိုက်မြိုက်နေတာတွေ့ရတဲ့အတွက် ဝမ်းသာတယ်၊ အခုလို ပွဲလေးတွေ လုပ်လိုက်တဲ့အတွက်ကြောင့် ကျောင်းသားဟောင်းတွေကလည်း အတိတ်ကို လွမ်းဆွတ်ပြီး ရောက်လာကြတယ်၊ ပစ္စုပ္ပန်မှာကျောင်းတက်နေတဲ့ သူတွေကလည်း လာရောက်ဆင်နွှဲကြတယ်။ နောက်တစ်ခုက တက္ကသိုလ်ပညာရပ် သင်ယူမယ့်သူတွေအနေနဲ့ ဘယ်ဘာသာရပ်ကို သင်ကြားရမယ့်ဆိုတဲ့ပြခန်းတွေကို လိုက်ကြည့် လေ့လာနေတာမြင်ရတဲ့အတွက် ဝမ်းသာစရာကောင်းတယ်၊ လူငယ်တွေအတွက် ပျော်ရွှင်ဖွယ်ကောင်းသလို လူကြီးတွေအတွက် လွမ်းဆွတ်ဖွယ် အမှတ်တရတွေဖြစ်စေတယ်။

**တွေ့ဆုံမေးမြန်း - ဥမ္မာသန့်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ - ရဲထွဋ်**

# ငြိမ်းချမ်းရေးဂီတပွဲတော် (၂၀၁၇)သီချင်းဆိုပြိုင်ပွဲ Grand Final သို့ တက်ရောက်သွားသူ ပြိုင်ပွဲဝင် လေးဦး၏ အမည်စာရင်းကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၃**
ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Grand Final သို့ တက်ရောက်သွားသူ ပြိုင်ပွဲဝင်လေးဦး၏ အမည်စာရင်းကိုယနေ့ည ၈ နာရီခွဲတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)Studio-A မှ တိုက်ရိုက်ထုတ်လွှင့် ကြေညာပေးခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Level-3 ပွဲစဉ် (၄)တွင် ပြိုင်ပွဲဝင် ငါးဦးဖြစ်သည့် ဖြူလှ၊ မေသဇင်၊ Sa Paung၊ ကြူကြူခိုင်နှင့် မေသူကျော်တို့ ယှဉ်ပြိုင်ခဲ့ကြပြီး ပရိသတ်များ၏ Voting အနည်းဆုံး သုံးဦးပေါ်ထွက်လာကာ ယင်းသုံးဦးထဲမှ ဒိုင်များ၏ ပေးမှတ်တူသူနှစ်ဦး Save ဖြစ်ကာ ကြူကြူခိုင်၊ ဖြူလှ၊ Sa Paung၊ မေသူကျော်တို့လေးဦးသည် ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပမည့် နောက်ဆုံးပြိုင်ပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။

ယင်းတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်သို့ ငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (တေးဂီတ) ဦးတိုးကျော်နှင့် အကဲဖြတ်ဒိုင်များဖြစ်သော တက္ကသိုလ်ဒေါ်လဲ့လဲ့၊ တေးရေးမြင့်မိုးအောင်၊ ဒေါ်ထားနှင့် တေးရေးမင်းချစ်သူတို့က လာရောက်ပြောကြား ကြေညာပေးခဲ့သည်။

Grand Final ပွဲတွင် ပြိုင်ပွဲဝင်များ၏ သီဆိုမှုများအပြင် နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်သည်။ ဆုကြေးငွေများအဖြစ် ပထမဆု ကျပ်သိန်း ၃၀၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၀၊ တတိယဆု ကျပ်သိန်း ၁၀၀၊ စတုတ္ထဆု ကျပ်သိန်း ၅၀ တို့ ဖြစ်ပြီး Level-3 သို့ တက်လှမ်းလာသည့် ပြိုင်ပွဲဝင် ၁၁ ဦးထဲမှ ကျန် ခုနစ်ဦးသည် နှစ်သိမ့်ဆုများအဖြစ် တစ်ဦးလျှင် ကျပ်သိန်း (၃၀) စီရရှိမည်ဟု သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ မြို့နေရာများ သတ်မှတ်ကာ ပြိုင်ပွဲများကိုကျင်းပပေးခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို သတ်မှတ်မြို့များ၌ ကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုနှင့် စေတနာရှင်အလှူရှင်များက ပြိုင်ပွဲကျင်းပရာ မြို့များရှိ တိုက်ပွဲရှောင်(ယာယီ)စခန်းများ၊ IDP စခန်းများ၊ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးပြုစုစောင့်ရှောက်ရေးဂေဟာများနှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာ နေရာဌာနများသို့လည်း သွားရောက်၍ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချီကိုဟန်**






**ဒီဇင်ဘာ ၃ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ၂၀၁၇ ခုနှစ်အတွက် တစ်ခုတည်းသော စူပါမွန်းဟု ခေါ်ဆိုနိုင်သော လမင်းကြီးကို ရွှေတိဂုံစေတီ စိန်ဖူးတော်နှင့် ပန်းတင့်စွာ တွေ့ရစဉ်။**

(ယနေ့မြင်ရသည့် လမင်းကြီးသည် ကမ္ဘာမှ မိုင်ပေါင်း ၂၂၀၀၀ အကွာကို နီးကပ်စွာရောက်ရှိလာခြင်းကြောင့် သာမန်ထက် ထူးကဲကြီးမားသည့်အခြေအနေမျိုးကို မြင်ရခြင်းလည်းဖြစ်သည်။ ထိုသို့နောက်တစ်ကြိမ် နီးကပ်စွာ ရောက်ရှိမှုကို ၂၀၃၄ ခုနှစ်မှသာ ဖြစ်ပေါ်နိုင်မည်ဟုလည်း နက္ခတ်သိပ္ပံဆိုင်ရာ ပညာရှင်များက ခန့်မှန်းထားကြသည်။) **ကြေးမုံ**

# စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၃**
ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းသူရိယ ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြု သတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ သန်စွမ်းသူများကဲ့သို့ တန်းတူအခွင့်အရေးရရှိရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို အလေးဂရုပြုစေရန် မသန်စွမ်းသူများ၏ စိတ်ဓာတ်အင်အားများ မြင့်မားလာစေရန် လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းထုတ်ပြန်ခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ ၂၀၁၁ အရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကျော် မသန်စွမ်းမှုတစ်မျိုးမျိုး ခံစားရကြောင်း၊ မသန်စွမ်းသူများ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ ပညာရေးစသည့် အခွင့်အလမ်းများကို အများနည်းတူ အလွယ်တကူ လက်လှမ်းမီရရှိခံစားမှု နည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခြင်း၊ အလုပ်လက်မဲ့နှုန်းမြင့်မားခြင်း၊ ဝင်ငွေမလုံလောက်ခြင်းတို့ ကြုံတွေ့နေရကြောင်း ပြောကြားသည်။

အဆိုပါ အခြေအနေဆိုးများ လျှော့ချနိုင်စေရန် မသန်စွမ်းသူတိုင်း အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံး ညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်ရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်၊ မသန်စွမ်းသူများ၏အခွင့်အရေးများကို ကုလသမဂ္ဂကွန်ဗင်းရှင်းအား ၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့ကြောင်း ဆက်လက်ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းသား ကျောင်းသူများအား ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ မေတ္တာဝတီမျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသက်လှိုင်ထွန်းက ဆုများချီးမြှင့်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



## လမ်းလျှောက်ကြပါစို့

- ဆောင်းချမ်းအေးအေး၊ နှင်းဖွေးဖွေး
နွေးထွေးစေဖို့၊ လမ်းလျှောက်စို့။
- ဝေလီဝေလင်း၊ နံနက်ခင်း
ခြေခင်းလက်သာ၊ လမ်းလျှောက်ပါ။
- မင်္ဂလာပါ၊ နှုတ်ဆက်ကာ
သဟာဆုံဖို့၊ လမ်းလျှောက်စို့။
- နလုံးရောဂါ၊ ကာကွယ်ရာ
သေချာကျန်း၊ လမ်းလျှောက်ကြ
- သွေးတိုးလည်းကျ၊ အဆီချ
လုပစေရာ၊ လမ်းလျှောက်ပါ။
- ဆီးချိုရောဂါ၊ ကျစေရာ
သေချာကျန်း၊ လမ်းလျှောက်ကြ။
- အစာလည်းကြေ၊ ဝမ်းပျော့စေ
သွေးလေမှန်ဖို့၊ လမ်းလျှောက်စို့။
- စားဝင်အိပ်ပျော်၊ အားသစ်ပေါ်
ချင့်မြော်တွေးဆ၊ လမ်းလျှောက်ကြ။
- လေသန့်လေကောင်း၊ ရစေကြောင်း
နှစ်ထောင်းအားရ၊ လမ်းလျှောက်ကြ။
- အပျင်းလည်းပြေ၊ အညောင်းပြေ
လာလေသွားစို့၊ လမ်းလျှောက်စို့။

**ပန်းတောင်းသန်းကြွယ်**

# ဖန်းမောက်မြို့နယ်တွင် တရားမဝင် ရွှေတူးဖော်သူများကြောင့် လယ်ယာမြေနှင့်သစ်တောများ ပျက်စီး



**ကသာ ဒီဇင်ဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် တရားမဝင် ရွှေတူးဖော်သူများကြောင့် လယ်ယာမြေများ၊ သစ်တောများ ပျက်စီးဆုံးရှုံးနေကြောင်း သိရသည်။

တရားမဝင် ရွှေလုပ်ကိုင်သူများသည် သစ်တောများ၊ သစ်တောကြိုးဝိုင်းအတွင်းများနှင့် လူသူအရောက်နည်းသော နေရာများအား အခွင့်ကောင်းယူကာ ရွှေလုပ်ငန်းလုပ်ကိုင်ကြခြင်း၊ လယ်မြေများကို ဝယ်ယူ၍ ထိုနေရာများအား ရွှေလုပ်ငန်းလုပ်ကိုင်ကြခြင်းကြောင့် လယ်ယာမြေနှင့် သစ်တောများ ဆုံးရှုံးနေကြောင်း သိရသည်။

တရားမဝင် ရွှေလုပ်ကိုင်သူများသည် ၎င်းတို့၏ လုပ်ကွက်များ၊ လူနေစခန်းများအတွက် စက်ယန္တရားများ၊ ဘက်ဟိုးစက်ကြီးများဖြင့် ထိုးလှန်တူးဆွကြပြီး လုပ်ငန်းခွင်ဝင်ကြရာ တန်ဖိုးရှိ သစ်များ ဆုံးရှုံးသည့်အပြင် မြေသား အနေအထားမှာလည်း တောင်ပို့များ၊ ကျင်းချိုင့်များ၊ ရေအိုင်များအဖြစ် ပြောင်းလဲနေကြောင်း တွေ့ရှိရပြီး နိုင်ငံတော်အတွက်လည်း သစ်တောပြုန်းတီးမှုကို ကျူးလွန်ရာရောက်နေသည်ကိုလည်း သတိပြုမိပါသည်။

ဗန်းမောက်မြို့နယ်၏ တောင်ပိုင်းဒေသရှိ ဒယူးအုပ်စု၊ ရေတွင်းကုန်းအုပ်စုနှင့် ကျောက်တန်းအုပ်စု ဒေသများရှိ လယ်မြေနှင့် သစ်တောဧရိယာများ အတော်လေးပျက်စီးဆုံးနေကြောင်း ဒေသခံ တောင်သူတစ်ဦးက ပြောသည်။ အချို့တောင်သူများသည် မိမိတို့၏ လယ်မြေများကို ရွှေလုပ်ကိုင်သူများအား ရောင်းချခဲ့ကြသဖြင့် ယင်းလယ်ယာမြေများသည် တရားမဝင် ရွှေတူးဖော်သူများကြောင့် ကျင်းချိုင့်များ၊ တောင်ပို့များ၊ ရေအိုင်များဘဝ ကျရောက်သွားကြောင်း သိရသည်။

အချို့နေရာများတွင် သစ်တောအတွင်း တိုးဝင်ကာ ချောင်ကျပြီး ရွှေထွက်ရှိနေရာများ ရွေးချယ်ကာ သစ်ပင်များ ခုတ်လှဲပြီး စက်ယန္တရားများဖြင့် ထိုးဆွကာ လုပ်ကိုင်ဆောင်ရွက်နေကြသဖြင့် သစ်တောပြုန်းတီးမှုများလည်း ဖြစ်နေကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းမှာလည်း သစ်တောကြိုးဝိုင်းအတွင်းမှ တရားမဝင် ရွှေလုပ်ကိုင်သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဗန်းမောက်မြို့နယ်ရှိ တရားမဝင် ရွှေလုပ်ကိုင်သူများအား ထိရောက်စွာ အရေးယူပေးပါရန်နှင့် စစ်ကြောင်းအသွင်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းမှသာ ဗန်းမောက်မြို့နယ်ပြည်သူများ လယ်မြေဆုံးရှုံးမှုနှင့် သစ်တောများ ပြုန်းတီးမှုမှ ကာကွယ်ရာရောက်မည်ဟု သုံးသပ်မိပါသည်။

တရားမဝင် ရွှေတူးဖော်နေသော နေရာများသည် နောင်တစ်ချိန် မည်သည့်အပင်မျှ စိုက်၍ မရသည့်အပြင် မည်သည့် စီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်မရနိုင်တော့ကြောင်း မြင်မိပါသည်။ **လူအောင်(ကသာ)**

# လုယက်မှုကျူးလွန်သူကို စစ်ဆေးရာမှ အခြားလုယက်မှုများ ထပ်မံပေါ်ပေါက်



**ရန်ကုန် ဒီဇင်ဘာ ၃**
တောင်ဥက္ကလာပမြို့နယ်တွင် နိုဝင်ဘာ ၂၀ ရက် ည ၉ နာရီခန့်က အမျိုးသမီးနှစ်ဦး သံသုမာလမ်းအတိုင်း နေအိမ်သို့ လမ်းလျှောက် ပြန်လာစဉ် ဆိုင်ကယ်မောင်းနှင်လာသည့် လူငယ်သုံးဦးမှာ နောက်မှ လိုက်ပါလာပြီး ငွေကျပ် ၂၀၀၀၀ ခန့်ပါ ပိုက်ဆံအိတ်ကို လုယက်ထွက်ပြေးသွားခဲ့သဖြင့် ပတ်ဝန်းကျင်သို့ အကူအညီ တောင်းခံခဲ့ရာ ဆိုင်ကယ်စီးလူငယ်များအား ပတ်ဝန်းကျင်ရှိ ပြည်သူများက လိုက်လံဖမ်းဆီးခဲ့ရာ မြောက်ဥက္ကလာပမြို့နယ်နေ ကံကောင်း(ခ)ရဲရင့်ထွန်း (၁၉)နှစ်အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ မင်းသူနှင့် အာကာမင်းဝေတို့မှာ ထွက်ပြေးသွားခဲ့ကြောင်း တိုင်တန်းချက်အရ တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိသူ ကံကောင်း(ခ)ရဲရင့်ထွန်းအား အခြားလုယက်မှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိ အရှေ့ပိုင်း မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် စက်တင်ဘာလအတွင်းက မင်းသူ၊ အာကာမင်းဝေတို့နှင့်အတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘေလီတံတားအနီး စက်ဘီးစီးလာသူ အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းနှင့် (၃၆)ရပ်ကွက် ပင်လုံလမ်းမပေါ်တွင် စက်ဘီးစီးလာသူ အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းတို့ကို လည်းကောင်း၊ အောက်တိုဘာလအတွင်းက မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ဝေဘာဂီလမ်းနှင့် နွယ်သာဂီလမ်းထောင့်အနီး၌ လမ်းလျှောက်နေသူ အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်ရှိ လမ်းပေါ်တွင် စက်ဘီးစီးနေသူ အမျိုးသား တစ်ဦးထံမှ လက်ကိုင်ဖုန်းနှစ်လုံးကို လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆)ရပ်ကွက် ဗထူးလမ်းပေါ်တွင် လမ်းလျှောက် နေသူ အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းကို လည်းကောင်း၊ နိုဝင်ဘာလအတွင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက် ဈေးအနီး စက်ဘီးစီးလာသူ အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းကို လည်းကောင်း အသီးသီး လုယက်ယူကာ ရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

**သတင်းစဉ်**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၈၁ စီး၊ သွင်းကုန် ၉၉၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။







အဆိုပါ စစ်ဆေးရေးစခန်းက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့်ခရီးသည်တင် မှန်လုံယာဉ်တစ်စီးကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ကွေ့တီယို (1×25 kg) 24 Pkgs (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၂ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ အောင်နေကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**
ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် ည ၁၁ နာရီက လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာအုပ်စု သောကြာပြင်ကျေးရွာ အမှတ်(၉၀)နေ မင်းမင်းထွန်း(ခ) မင်းမင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ဝိန်းနားကျေးရွာအုပ်စု နမ့်ပေါ်ရေချောင်းအနီးတွင် ကျော်ထူးမောင်အား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀ နှင့် ဘိန်းဖြူ ၁၃ ဂရမ်တို့ကို လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် အောင်နေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၁၁၀ ခွက်(အလေးချိန် ၁ ဒသမ ၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းစိမ်း ၇ ဒသမ ၅ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



**ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ဒီဇင်ဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးယာဉ်ဖြင့် လသာမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဇော်မင်းကြူ ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(၄၈)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး အေးထွန်းမောင်တို့က မှုခင်း အသိပညာပေး ဆွေးနွေးဆောင်ရွက်စဉ်။**

**ကြေးမုံ**

# ခြေလှမ်းမှန်မှန် အောင်လံဝင့်ဝင့်

ဇင်လင်းထွန်း(ဓနဖြူ)

မြန်မာ့ရိုးရာလက်ဝှေ့ပွဲစီစဉ်သူလောကတွင် မိမိတီးခတ်သော ဘင်သံဖြင့်သာ ခြေလှမ်းမှန်မှန် ချီတက်နေသည်ဟု ဆိုရမည့် မြန်မာမီဒီယာဂရုသည် သူ၏လမ်းကြောင်းတစ်ခုဖြစ်သော Air KBZ ရွှေအောင်လံကိုင်ဆောင်ချီတက်မှု စတုတ္ထမြောက်ခြေလှမ်းကို လှမ်းလာခဲ့ပေပြီ။ ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံ၌ စတင်ကျင်းပမည့် Air KBZ ရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးသည် နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း ကျင်းပလာခဲ့သည်မှာ စတုတ္ထနှစ်စတုတ္ထအကြိမ်မြောက် ဖြစ်လာပေတော့မည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက သိမ်ဖြူရုံ၌ပင် ကျင်းပခဲ့သော တတိယအကြိမ် Air KBZ ရွှေအောင်လံပြိုင်ပွဲကြီး၏ ပွဲပြီးဂယက်လှုပ်ခတ်မှုက ယခုအချိန်အထိ အကင်းမသေဖြစ်နေသေးသည်ဟု ဆိုရမည့်အနေအထားကြောင့်လည်း ယခုကျင်းပမည့်ပွဲကို ပရိသတ်များ စိတ်ဝင်တစားရှိနေကြပေလိမ့်မည်။ တတိယအကြိမ် ကျင်းပခဲ့သောပွဲတွင် ထိုစဉ်က လက်ရှိ ပထမတန်းချန်ပီယံလည်းဖြစ်၊ Air KBZ လက်ရှိ ရွှေအောင်လံရှင်လည်းဖြစ်သည့် ထွန်းထွန်းမင်း(မုဒုံ)ကို အလဲထိုးအနိုင်ယူသွားခဲ့သော ဒေ့ဗ်လက်ဇ့(ကနေဒါ)က ယခုပွဲတွင် ဒေဝ(မြန်မာ)ဟူသော အမည်ဖြင့် လက်ရှိ ချန်ပီယံ၊ လက်ရှိ အောင်လံရှင်အဖြစ် သရဖူကာကွယ်ပွဲ ဆင်နွှဲမည့်အနေအထားကြောင့်ဖြစ်သည်။ တတိယအကြိမ် Air KBZ ရွှေအောင်လံပွဲပြီးဂယက်ဆိုသည်မှာ ဝေါဟာရများပေါ်တွင် အငြင်းပွားကြခြင်းဖြင့် ယခုအချိန်အထိ မငြိမ်သက်နိုင်သည့်သဘောဟု ဆိုရမည်။ ထိုစဉ်က ထွန်းထွန်းမင်း ရှုံးနိမ့်ခဲ့ရခြင်းကို ဒေ့ဗ်(ယခုဒေဝ)က အလဲထိုးအနိုင်ရခြင်းမဟုတ်ဘဲ ဒူးဒဏ်ရာရရှိသွားသောကြောင့်သာ ဖြစ်သည်ဆိုသော ငြင်းချက်ထုတ်ခြင်းမျိုးရှိသကဲ့သို့ ဒေ့ဗ်က ရိုးရာလက်ဝှေ့ ပထမတန်းချန်ပီယံဖြစ်သွားပြီဆိုသော အချက်ကိုလည်း ယခုထိ လက်မခံနိုင်ကြသူများ ရှိနေသေးသည်။ စိန်ခေါ်ပွဲတစ်ပွဲတွင် ပြိုင်ဘက်ကို ကြမ်းပြင်ပေါ်မှ ပြန်ထ၍ မယှဉ်ပြိုင်နိုင်တော့လျှင်ဖြစ်စေ၊ ပြန်ထနိုင်သည့်တိုင် သတ်မှတ်ချိန်ကျော်လွန်သွားလျှင်ဖြစ်စေ ပြိုင်ဘက်၏အနိုင်ရမှုကို ယေဘုယျအားဖြင့် အလဲထိုးဟူသောဝေါဟာရဖြစ်ကာ သတ်မှတ်ပေးခဲ့ကြပြီး အသေးစိတ်ရှင်းလင်းဖော်ပြချက်က သီးသန့်အပိုင်းတစ်ရပ်ဖြစ်သည်။ ဤနည်း၊ ဤဝေါဟာရဖြင့်ပင် ကျင့်သားရလာခဲ့ကြသည့်အတွက် ထိုစဉ်က ဒေ့ဗ်၏ နိုင်ပွဲကို အလဲထိုးနိုင်ပွဲဟုသာ အလွယ်ခေါ်ဆိုခဲ့ကြသည်။

ထို့အတူပင် မည်သည့်အဖွဲ့အစည်းကမျှ အသိအမှတ်ပြုလွှာ မရှိခဲ့။ အထိမ်းအမှတ်အဆောင်အယောင်ပစ္စည်း လက်တစ်ညှိုးစာမျှ မရှိခဲ့ဘဲ လက်ရှိရိုးရာလက်ဝှေ့နယ်ပယ်တွင် လူကောင်အရဖြစ်စေ၊ ပညာတန်းအရဖြစ်စေ၊ သူ့ထက်သူ လူစွမ်းကောင်းမရှိသေးဘဲ နိုင်ပွဲဆက်နေသော လက်ဝှေ့သမားကို ပထမတန်းချန်ပီယံ (ပထမတန်းအောင်လံ) ဝေါဟာရကိုယူရန်ဟု သတ်မှတ်ခဲ့ကြသည်။ တစ်နေ့သောအခါ ဇရာကြောင့်ဖြစ်စေ၊ အဆိုပါလက်ဝှေ့သမား နားသွားခဲ့လျှင် သူကဲ့သို့ပင် စွမ်းသူတစ်ယောက် ပေါ်ပေါက်လာခဲ့ပါကလည်း ဆိုခဲ့သည့်အတိုင်း ပရိသတ်များက ပထမတန်းချန်ပီယံဟူသော ဝေါဟာရဖြင့် သတ်မှတ်ခေါ်ဆိုကြခြင်းသာ ရှိသည်။ ထိုသို့ဖြစ်လာသော ပထမတန်းချန်ပီယံဆိုသူကို တစ်စုံတစ်ယောက်က ပြတ်ပြတ်သားသား (အလဲထိုးဟူသော ဝေါဟာရဖြင့်) အနိုင်ရလိုက်ပါက မည်သည့်အခမ်းအနားမှမပါဘဲ ပွဲပြီးသည်နှင့်ပင် ပထမတန်းချန်ပီယံဟူသော ဂုဏ်သတင်းဖြစ်ပေါ်လာ၏။ မြန်မာ့ရိုးရာလက်ဝှေ့လောက၏ ပထမတန်းချန်ပီယံဖြစ်ရန်အတွက် မည်သည့်သတ်သေခံကတ်ပြားမှ မလိုအပ်၊ မည်သည့်အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ လက်မှတ်မှလည်း မလိုအပ်၊ လက်ရှိချန်ပီယံဆိုသူကို ပြတ်ပြတ်သားသား အနိုင်ရဖို့သာ လိုသည်။ ဤမျှ ရိုးရှင်းသောစနစ်ဖြင့် ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ကြပါလျက် ရိုးရာလက်ဝှေ့ပထမတန်းချန်ပီယံဆိုသည်မှာ မြန်မာသာ ဖြစ်ရမည်လိုလို၊ Air KBZ ရွှေအောင်လံပွဲဆိုသည်မှာ ပထမတန်းချန်ပီယံလုပွဲမဟုတ်သည်နှင့်နှင့် ဆင်သေကို ဆိတ်သားရေဖုံးလိုသည့် မရိုးရှင်းသော သဘောထားမှတ်ချက်များကြောင့် ထွန်းထွန်းမင်းပင်လျှင် ပရိသတ်အများစုအမြင်တွင် အရှုံးကို ရိုးသားစွာ လက်မခံရဲသော သူရဲဘောကြောင်သည့်အနေအထားဖြစ်သွားနိုင်ကြောင်း အဆိုပါမရိုးရှင်းသူတို့ မရိပ်မိခဲ့ကြပေ။

မည်သို့ဖြစ်စေ ဒေ့ဗ်ကတော့ သူ့ဘဝကို ရိုးရာလက်ဝှေ့သမားတစ်ယောက်အဖြစ် ခံယူကာ ယခုပွဲတွင် ဒေဝ(မြန်မာ)ဟူသော အမည်သစ်ဖြင့် ချန်ပီယံဘွဲ့များကို ကာကွယ်မည့် ခံယူချက်လည်း ထားရှိပုံပေါ်သည်။ စိန်ခေါ်သူ ကော်တန်ယာလွန်(ပြင်သစ်)ကလည်း မြန်မာ့ရိုးရာလက်ဝှေ့ကို ၂၀၁၆ ခုနှစ်ကပင် စတင်စိတ်ဝင်စားသည်ဟု ဆိုသည်။ ကမ္ဘာတစ်ဝန်း ကျင်းပလျက်ရှိသော Stand Fight ပြိုင်ပွဲများသို့ တိုက်ခိုက်ရေးပြိုင်ပွဲအင်အားစုများ ချိတ်ဆက်ပို့ဆောင်ပေးနေသည့် World Kick Boxing Network(WKN)ဟူ၍ ရှိသည်။ ကော်တန်ယာလွန်သည် အဆိုပါအဖွဲ့၏ အကြီးတန်းချန်ပီယံတစ်ယောက်ဖြစ်သည်။ ဒေဝ(မြန်မာ)နှင့် ယှဉ်ရန်အတွက် ကိုယ်အလေးချိန် ၈၀ ကီလိုသို့ ဝိတ်လျှော့လာခဲ့ခြင်းဟုလည်း သိရသည်။ သို့ဖြစ်ပေရာ ကော်တန်ယာလွန်သည် ဒေဝနှင့် လုံးတူ၊ ဒေါက်တူ ဖြစ်ရုံမက အခြားတစ်ဖက်တွင် ချန်ပီယံဆိုသော အရည်အသွေးလည်း ရှိထားသည့်အတွက် ဒေဝ၏ ပြိုင်ဘက်ကောင်းဖြစ်လိမ့်မည်ဟု တွက်ဆရပေသည်။ ပြိုင်ဘက်ကောင်း၍ ပွဲကောင်းဖြစ်လိမ့်မည်ဆိုသော ကောက်ချက်သည် ယေဘုယျသဘောသာ ရှိသည်။ အမှန်တကယ် ပွဲကောင်းစေမည့် အကြောင်းရင်းရှိဖို့က ပို၍အဓိကကျလေသည်။

ထိုသဘောအရဆိုလျှင် ဒေဝ၏ အနေအထားက ပြိုင်ဘက်ကို ပွဲလှရုံမျှ ထိုး၍မရဘဲ ပွဲပြတ်အောင် ထိုးရမည်မို့ ပွဲကြမ်းဖို့ တစ်ဝက်သေချာနေသည်။ သူ့ကိုယ်သူ ပထမတန်းချန်ပီယံဟု ခံယူထားသည့်အတွက် ထိုဘွဲ့ကို ကာကွယ်ရမည့်တာဝန်ရှိနေသည်။ သူ့အား ပထမတန်းချန်ပီယံဟု အသိအမှတ်မပြုလိုဘဲ ထွန်းထွန်းမင်းသာ ပထမတန်းချန်ပီယံဖြစ်နေသေးပါသည်ဟု ကျားကျားမီးယပ်လုပ်နေသူများ ခန့်ညားလာစေရမည့်အနေအထားလည်း ရှိသည်။ ထိုအချက်များထက် ပို၍အရေးကြီးသည်မှာ မြန်မာအလံကို ကိုယ်စားပြုမည်ဆိုခြင်းနှင့် ရိုးရာလက်ဝှေ့ကို ကိုယ်စားပြုသည့်သဘောဖြင့် ဒေဝဟူသောအမည်ကို ခံယူထားခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာအတွက်သာမကဘဲ ရိုးရာလက်ဝှေ့၏ ဂုဏ်သိက္ခာ၊ မြန်မာအလံ၏ ဂုဏ်သိက္ခာအတွက်ပါ တိုက်ပွဲဝင်ရမည့်သဘော ဖြစ်သွားသည်။ အဆိုပါဂုဏ်သိက္ခာတန်ဖိုးများအတွက် ဒေဝဘက်က ပွဲပြတ်အောင် ထိုးရမည်ဖြစ်သကဲ့သို့ ကော်တန်ယာလွန်ဘက်ကလည်း အစွယ်ချွန်၍ နယ်ကျွံလာပြီးခါမှ အစွယ်ကျိုး၍ တစ်ချီးတည်း ပြန်လစ်ရပါသည်ဆိုသည်မျိုး အဖြစ်ခံလိုမည်မဟုတ်ပေ။ ထို့ကြောင့် သူကလည်း သိက္ခာတိုက်ပွဲဆင်နွှဲ၍ သားမောင်အပြန် အောင်ပန်း ပန်သွားချင်မည်သာ ဖြစ်သည်။ ပြိုင်ဘက်နှစ်ဦး၏ အဆိုပါအခြေအနေအရပ်ရပ်က စတုတ္ထအကြိမ်မြောက် Air KBZ ရွှေအောင်လံပွဲကြီး ပရိသတ်၏ ပွဲကြိုစိတ်ဝင်စားမှုမြင့်တက်စေမည် ထင်သည်။

သို့ရာတွင် သူတို့တွဲဆိုင်းထက် ပို၍ ပရိသတ်၏စိတ်ဝင်စားမှုကို မြင့်တက်စေမည့် တွဲဆိုင်းရှိနေပြန်သည်။ ဒေဝတွင် ကိုယ်ပိုင်ပရိသတ်ရှိသည်ဆိုသော်ငြားလည်း များပြားကျယ်ပြန့်လွန်းသည့် အနေအထားသို့ မရောက်ရှိသေးဟု ဆိုရမည်။ သူ့ကို စိန်ခေါ်သည့် ကော်တန်ယာလွန်ကတော့ ယခုပွဲကျမှ ပရိသတ် စစုရမည့်သဘောမျိုးရှိသည်။ ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ(၂၀၁၅/၂၀၁၆)၊ ကမ္ဘာ့ချန်ပီယံ(၂၀၁၆)၊ ILFJ ချန်ပီယံ(၂၀၁၆)၊ ဖျံသွေး(ရွှေမိုးထိပြိမ်းချမ်းရေး)နှင့် ရွှေခါးပတ်ချန်ပီယံ(၂၀၁၅/၂၀၁၆)၊ ကမ္ဘာ့ချန်ပီယံ(၂၀၁၆)၊ စောဂေါ်မူတို(သတ္တိ)တို့က သုံးချီပွဲ၊ လေးချီပွဲများ ထိုးသတ်ခဲ့ကြသည့် သက်တမ်းမှာပင် ကိုယ်စီအမာခံပရိသတ်ရှိထားကြသူများဖြစ်သည်။ ယခုဆိုလျှင် အမာခံပရိသတ် သိန်းဂဏန်းအထက် ကိုယ်စီရှိနေကြမည့်သူများဖြစ်သည့်အတွက် ပွဲကြိုဂယက်မှာပင် သူ့အမြင် ကိုယ့်အမြင် ရိုက်ခတ်မှုလှိုင်းတံပိုးထန်သည့်သဘောမျိုးရှိနေသည်။ ထိုသို့ ဖြစ်ရသည်မှာလည်း သူတို့နှစ်ဦး နှစ်ကြိမ် သရေကျခဲ့ကြပြီး တတိယအကြိမ်တွေ့ဆုံမှုတွင် ဖျံသွေးက အလဲထိုးအနိုင်ရခဲ့သောကြောင့် ဖြစ်သည်။ အဆိုပါနိုင်ပွဲကြောင့် ဖျံသွေးက ထိုးကြေးနှင့်တကွ အမည်နာမပါ မြင့်တက်သွားပြီး စောဂေါ်မူတိုက တန်းပေါ်မှ လိမ့်ကျသူတစ်ယောက် အောက်ခြေဆင်းမသွားစေရန် တွဲလဲခိုထားရသည့် အနေအထားမျိုးဖြစ်သွားသည်ဟု ဆိုရလောက်သည်။ ဤအဖြစ်အပျက်က စောဂေါ်မူတို၏ ပရိသတ်များ မခံစားနိုင်သည့်အနေအထားမျိုးဖြစ်သွားပြီး စောဂေါ်မူတိုကိုယ်တိုင်လည်း ရင်ထဲတနုံ့နုံ့ခံစားနေရလောက်သည်။ သို့ရာတွင် "လဲကျသည်မှာ ရှက်စရာမဟုတ်၊ ပြန်မထနိုင်ခြင်းကသာ ရှက်စရာ"ဟု ခံယူချက်များကို စောဂေါ်မူတိုတို့၏ဆရာ ဦးဝင်းဇင်ဦးက သွတ်သွင်းပေးနိုင်ပုံရသည်။ စောဂေါ်မူတိုက တွဲလဲခိုရာမှ တန်းပေါ်ကိုပြန်တက်သည့်အလား ရှုံးပွဲမရှိစေရန် အဓိကထား၍ ပြိုင်ဘက်အသီးသီးနှင့် ယှဉ်ပြိုင်ကာ နာမည်ကို ပြန်လည်တည်ဆောက်လာသည်။ ထိုအထဲတွင် ဖျံသွေးကို အစီးသရေထိုးခဲ့ကြဖူးသည်ဟု ပရိသတ်တချို့မှတ်ချက်ပေးထားကြသော ချူကလီးယားဟာဒီ(အီရန်)နှင့် ဆစ်မန်နီး(ထိုင်း)တို့လည်း ပါဝင်သည်။ ထိုနှစ်ယောက်အား ဖျံသွေး ရှုန်းကန်ရင်ဆိုင်ခဲ့ရသည်မျိုး မဟုတ်ဘဲ စောဂေါ်မူတိုက သရေပွဲလှလှရယူနိုင်သည်ဟု ဆိုရမည့် အနေအထားကြောင့်လည်း ယခုပွဲတွင် ခပ်ရဲရဲပြန်လည်စိန်ခေါ်လာခြင်းဖြစ်ပေမည်။

ထိုအခြေအနေသည် စောဂေါ်မူတိုအတွက် ရှုံးကြွေးဆပ်ခွင့် နိုင်ပွဲယူခွင့်ဟူသော အပေါင်းလက္ခဏာ အခွင့်အလမ်းမျိုး ရှိနေသကဲ့သို့ မကျေနပ်လို့ ထပ်ချ၊ ငါပဲ အောက်ကဟူသည့် တစ်ကြိမ်အရှုံးထက် ပို၍နစ်နာသောအဖြစ်မျိုး အနုတ်လက္ခဏာဆောင်သွားမည်ကိုလည်း စိုးရသည်။ သို့ဖြစ်၍ ယခုပွဲသည် စောဂေါ်မူတိုအတွက် နောက်ဆုတ်တဲ့ခြေထောက် သစ္စာဖောက်ဟု ခံယူကာ အနိုင်သာ ရည်မှန်းချက်အဖြစ် မဆုတ်မနစ်တိုက်စစ်ဖွင့်ရမည့် အနေအထားမျိုးဖြစ်သည်။ ဖျံသွေး၏အခြေအနေကလည်း သရေကျလျှင်ပင် သူ၏အဆင့်ကျသွားသကဲ့သို့ ထင်မှတ်ခံရမည့်အရေးရှိနေသည်။ အရှုံးဆိုသောဝေါဟာရကိုမူကား နားစွန်နားဖျားပင် မကြားချင်လောက်သည့် သဘောရှိနေနိုင်သည့်အတွက် သူ၏ ပါဝါလက်သီးကို ပို၍ချွန်အောင် သွေးလိမ့်မည်ထင်သည်။ ထို့ကြောင့်ပင် စီစဉ်သူ Myanmar Media Group က ထိုတွဲဆိုင်းကို အဓိကစိန်ခေါ်ပွဲကြီးပမာ ဒေဝနှင့် ကော်တန်ယာလွန်တို့၏ ပွဲပြီးမှ တင်ဆက်ပေးမည်ဟု လျာထားခြင်းဖြစ်ပေလိမ့်မည်။

ဤတွဲဆိုင်း နှစ်ဆိုင်း၏ အရှိန်အဝါဖြင့်ပင် Air KBZ အောင်လံဝင့်နိုင်သော်လည်း အထက်ကား အောက်ရှုံးတွဲဆိုင်းတစ်နည်းအားဖြင့် ရေခဲမုန့်ကတော့ပုံတွဲဆိုင်းမျိုး မဖြစ်စေဘဲ တစ်ရစ်ထက်တစ်ရစ်ဖြင့်တက်ကာ ပညာရှိအမတ်ကြီး ဖိုးရာဇာက ကြံကို သုံးဆောင်သည့်အလား အရသာတိုး၍ ခံစားစေမည့် တွဲဆိုင်းများ ခင်းကျင်းထားကြောင်း အောင်ပိုင်(နဂါးမာန်)နှင့် Yves(ပြင်သစ်)၊ လမ်းမယူ(ရာမညအားမာန်)နှင့် သားအသည်းတစ်ပွင့်(ဗမာ့သွေး)၊ ထက်အောင်ဦး(တောင်ကလေး)နှင့် ဒိုင်ခိခနဲကို(ဂျပန်)၊ စောမင်းအောင် (တောင်ကလေး)နှင့် တိုခဲရှိ(ဂျပန်)တို့တွဲဆိုင်းများအရ သိသာသည်။ ရွှေကိုလေး(ပဲခူး)နှင့် လင်းယုန်မေ(လင်းယုန်ကလပ်)တို့၏ အမျိုးသမီးပွဲလည်း ပါဝင်သည်။ သို့ဖြစ်၍ မိမိတို့၏ ကိုယ်ပိုင်ယုံကြည်ချက်၊ ခံယူချက်ဖြင့်သာ ခြေလှမ်းမှန်မှန်ချီတက်နေသော Myanmar Media Group ၏ စတုတ္ထမြောက် ခြေလှမ်းသည်လည်း Air KBZ ရွှေအောင်လံကို ပရိသတ်လက်ခုပ်သံဖြင့် စိုက်ထူနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ ။






| ဒီဇင်ဘာ ၃ ရက်နေ့ အနိုင်/အရှုံးရလဒ်များ | | | |
|---|---|---|---|
| ပရီမီယာလိဂ် ပွဲစဉ် - ၁၅ | | | |
| ဘန်းမောက် | ၁ - ၁ | ဆောက်သမ်တန် | |
| ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၄ | | | |
| ဟာသာဘာလင် | ၁ - ၂ | ဖရန့်ဖတ် | |
| စီးရီးအေ ပွဲစဉ် - ၁၅ | | | |
| အင်တာ | ၅ - ၀ | ချီယေဗို | |
| ဖီအိုရင်တီးနား | ၃ - ၀ | ဆာဆူအိုလို | |
| ဘိုလော့နာ | ၁ - ၁ | ကယ်ဂလီယာရီ | |
| ဘီနီဗန်တို | ၂ - ၂ | အေစီမီလန် | |
| တိုရီနို | ၁ - ၁ | အတ္တလန်တာ | |
| ပြင်သစ်လီဂူး ပွဲစဉ် - ၁၅ | | | |
| စိန့်အက်တီယန် | ၁ - ၁ | နန့်တက်စ် | |
| စပိန်လာလီဂါ ပွဲစဉ် - ၁၄ | | | |
| လီဂါနက်စ် | ၃ - ၁ | ဗီလာရီးယဲလ် | |

ခိုင်ဝင်း

# ကျောင်းပေါင်းစုံ တံခွန်စိုက်ဖလား ရွက်လှေပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ထူးချွန်သည့် မျိုးဆက်သစ်ရွက်လှေ အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်လျက် ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ကျောင်းပေါင်းစုံ တံခွန်စိုက်ဖလား ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အင်းယားကန်ရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ရန်ကုန်ရွက်လှေအသင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖုန်းကျော်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် လက်ထောက်နည်းပြချုပ် ဦးစိုင်းပြည့်စုံဟိန်းက ပြိုင်ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ပြိုင်ပွဲတွင် Optimist Open Class၊ အသက် (၁၂) နှစ်အောက် SUP Opem, SUP Girls နှင့် အသက် (၁၂) နှစ်မှ (၁၆) နှစ်အတွင်း SUP Opem, SUP Girls, Laser Radial Open Class ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ကျောင်းပေါင်းစုံမှ အသင်းပေါင်း ၁၂ သင်း၊ပြိုင်ပွဲဝင် အားကစားသမား ၄၇ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**



# မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၃**

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဖလား အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းနှင့်အမှုဆောင်များနှင့် နည်းပြဟောင်းတို့က အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ONE အသင်းအား တစ်ဦးချင်းအလိုက် ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးအသင်းအား တစ်ဦးချင်းအလိုက် ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်း၊ တတိယဆုရရှိသော Sweety အသင်းအား တစ်ဦးချင်းအလိုက်ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော Rip City အသင်းအား တစ်ဦးချင်းအလိုက် ဆုတံဆိပ်နှင့် ငွေကျပ် ရှစ်သိန်း၊ ဒုတိယဆုရရှိသွားသော Kings အသင်းအား တစ်ဦးချင်းအလိုက် ဆုတံဆိပ်နှင့်ငွေကျပ် ခြောက်သိန်းနှင့် တတိယဆုရရှိသော Fire Wolf အသင်းအား တစ်ဦးချင်းအလိုက် ဆုတံဆိပ်နှင့် ငွေကျပ်လေးသိန်း အသီးသီးချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးက အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ ONE အသင်းမှ ကျောနံပါတ်-၇ ဆုထက်ထက်နိုးနှင့် အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ Rip City အသင်းမှ ကျောနံပါတ်-၇ အောင်မြင့်တို့အား ငွေသားဆုနှင့် ဆုတံဆိပ်တို့ ပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ONE အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော Rip City အသင်းတို့အား တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အား/ကာ**



# အခြေခံရဲတပ်သားသစ်သင်တန်း ဗလတပ်ခွဲသင်တန်းဆင်း

**ဝက်ထီးကန် ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်း၏ အခြေခံရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၁၀၆/၁၇) ဗလတပ်ခွဲ သင်တန်းဆင်းအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁ ရက်က အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း (၁)၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းတပ်ခွဲကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ စံပြကျောင်းသားဆုရ ကသ-၁၂ ကျော်မင်းဦး (စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့)၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကသ-၁၅၈ အာကာဖြိုး (အမှတ်-၇ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ)၊ ဥပဒေထူးချွန်ဆုရ ကသ-၇၁ ထွန်းမင်းလတ် (စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့)နှင့် ရဲကျင့်ဝတ်ထူးချွန်ဆုရ ကသ-၉၈ ရဲထွဋ်နောင် (အမှတ်-၇ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ)တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မှုခင်းအသိပညာပေးယာဉ်ဖြင့် ဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၃**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးတို့ ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင် ရေးမြို့နယ် ပြည်သူများအား မှုခင်းအသိပညာပေးပြခန်း မော်တော်ယာဉ်ဖြင့် မှုခင်းအသိပညာပေး ဟောပြောပွဲများကို အရှိန်အဟုန်မြှင့် ပြုလုပ်လျက်ရှိသည်။ ယင်းသို့ပြုလုပ်ရာ ဒီဇင်ဘာ ၁ ရက်တွင် ရေးမြို့နယ် အောင်သုခရပ်ကွက် အမက-၉ (မူလွန်) ကျောင်း၌ မှုခင်းအသိပညာပေးပြခန်းယာဉ်ပေါ်ပါ ပြည်သူ့အတွက် ၂၄ နာရီ ဗီဒီယိုဇာတ်ကားနှင့် မူးယစ်ဆေးဝါး အသိပညာပေး ဇာတ်ကားများကို ပရိုဂျက်တာဖြင့် ပြသပြီး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် ရေးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး စိုးမွန်က သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရေး၊ လူကုန်ကူးမှုနှင့် ပတ်သက်၍လည်းကောင်း၊ အမှတ် (၃၉) မူးယစ်ဆေးဝါး နှိမ်နင်းရေး တပ်ဖွဲ့စု(ရေး) ဒုတိယရဲမှူး နိုင်အောင်ခိုင်က မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများနှင့် ပတ်သက်၍လည်းကောင်း ဟောပြောခဲ့ပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးသည်။

**ကျော်သန်း(မော်လမြိုင်)**


## ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ FMI City နေ
ဦးဂုဏ်ဝင်း(MD, GON & MYA Engineering Group)-
ဒေါ်မြဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)တို့၏သားကြီး

**မောင်လပြည့်**

**(M.B.A) Assumption University,**
**(M.E) Asian Institute of Technology**
**Assistant Engineer(Kajima Yankin PPP Co.,Ltd)**

နှင့်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်နေ
ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-
သုခမ္မသီဂီဒေါ်နီနီအောင်တို့၏ သမီးကြီး

**မဆုမြတ်စန္ဒီသော်**

**(M.E) Asian Institute of Technology**
**Junior Engineer(1) ဆောက်လုပ်ရေးဝန်ကြီးဌာန**

တို့သည် ၃-၁၂-၂၀၁၇ ရက်တွင် Novotel Hotel Max, Pyay Ballroom ၌ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင့်သွေးဖြင့် အသက်ကယ်ပါ




မီးဘေးရှောင် မလောင်ခင်တား

## လက်ရှိဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော ဟိုတယ်ငှားရမ်းလိုပါသည်

နိုင်ငံခြားသားခရီးသွား အများဆုံးလာရောက်သော ပုပ္ပါးတောင်မြင်ကွင်း View Point နေရာရှိ အဆင့်မြင့် အခန်း(၁၈)ခန်းပါ ဟိုတယ်ငှားရမ်းလိုပါသည်။ ဆက်သွယ်ရန်။ **ဖုန်း-၀၉-၄၉၂၆၆၇၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃-အေ၊ ဦးပိုင်အမှတ်-၁၃၂၆၊ မြို့ရှောင်လမ်း၊ မြေကွက်အမှတ်-၁၃၂၆ဟုခေါ်တွင်သော ဧရိယာ(၀. ၁၈၄)ဧကရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ပဲခူးမြို့၊ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးကြင်ဝေ[၁၂/လမန(နိုင်)၁၁၁၂၈၆]အမည်ဖြင့် ဝယ်ယူခွင့်ရရှိထားသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်မွန်မွန်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**
**အမှတ်(၂၅၁)၊ နေသိဒ္ဓိ(၂)လမ်း၊ ၅၄ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

**ယခင်အပတ်မှအဆက်**

ဒေါ်နယ်ထရန့်က ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အောင်ပွဲခံရခြင်းရဲ့အကြောင်းအရင်းကို ကြည့်လိုက်ရင် ဒေါ်နယ်ထရန့်ဟာ အမေရိကန်ကျေးလက်နဲ့ မြို့ငယ်တွေက မဲဆန္ဒရှင်တွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမယ်ဆိုတဲ့ ကတိပေးခဲ့တာကလည်း တစ်ကြောင်းအနေနဲ့ ပါဝင်ပါတယ်။ သမ္မတ ဒေါ်နယ်ထရန့်ကလည်း သူသမ္မတတာဝန်ယူခဲ့တဲ့ ကာလအတွင်း အမေရိကန်ကုမ္ပဏီတွေက ကျေးလက်ဒေသတွေမှာ စီးပွားရေးလုပ်ငန်းတွေ ပြန်အခြေချ(ဒါမှမဟုတ်) တိုးချဲ့တဲ့သတင်းတွေကို အထူးအသားပေး ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းအပေါ် မဆိုစလောက်ပဲ အကောင်းမြင်တဲ့ မဲဆန္ဒရှင်တွေကို အုပ်စုလိုက်ခွဲခြားကြည့်တဲ့အခါ ဘွဲ့ရပညာတတ်တွေထက် ပိုအကောင်းမြင်တာကို တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲကို ပြန်ကြည့်ရင်လည်း ပညာအရည်အချင်း နည်းပါးသူတွေက ဘွဲ့ရပညာတတ်တွေထက် သမ္မတလောင်း ဒေါ်နယ်ထရန့်ကို ပိုထောက်ခံခဲ့တာကို တွေ့ရပါတယ်။

သေသေချာချာသုံးသပ်ကြည့်ရင် သမ္မတ ဒေါ်နယ်ထရန့်ဟာ ရွေးကောက်ပွဲမဲဆွယ်ကာလမှာ သူကြွေးကြော်ခဲ့သလို အကောင်အထည်ဖော်နိုင်ဖို့ မူဝါဒတွေကို အသေအချာရွေးချယ်ချမှတ်ခဲ့ပုံရပါတယ်။ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ စီးပွားရေးမူဝါဒကို ကြည့်လိုက်ရင် ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍနဲ့ သတ္တုတွင်းကဏ္ဍတွေအပေါ် အားပြုထားတာကို တွေ့ရမှာပါ။ လုပ်ငန်းသဘောသဘာဝကိုကြည့်ရင် ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍနဲ့ သတ္တုတွင်းကဏ္ဍတွေရဲ့ လုပ်ငန်းသဘာဝဟာ ပညာအရည်အချင်းနည်းပါးတဲ့ လုပ်သားဝန်ထမ်းတွေအပေါ် အားပြုရတာပါ။ ဒါကြောင့် ပညာအရည်အချင်းနည်းပါးတဲ့ လူထုမှာ အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းအပေါ် ပိုအကောင်းမြင်တာပါ။ ဒီအချက်နဲ့ ပြောင်းပြန်ဖြစ်နေတဲ့ရလဒ်ကို ပညာတတ်လူထုတွေထဲမှာ တွေ့ရပါတယ်။ ရှိပါတယ်။ အမေရိကန် သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလမှာ အကြီးအကျယ်ဝါဒဖြန့် ကြွေးကြော်ခဲ့တဲ့ လူဝင်မှုကြီးကြပ်ရေး မူဝါဒအပေါ် အမေရိကန်လူထုရဲ့ တုံ့ပြန်ချက်က အကောင်းမြင်သူတွေကြားမှာရော အဆိုးမြင်သူတွေကြားမှာပါ သိပ်ကွာခြားမှု မရှိလှတာကို တွေ့ရပါတယ်။ သမ္မတ ဒေါ်နယ်ထရန့် လက်ထက် အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းအပေါ် အကောင်းမမြင်သူတွေက သူတို့အကောင်းမမြင်ရတဲ့ အကြောင်းအရင်းတွေကို တန်းစီဖော်ပြတဲ့နေရာမှာ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ၃ ဒသမ ၉ ရာခိုင်နှုန်းလောက်ပဲ ရှိတယ်လို့ ရည်ညွှန်းဖော်ပြကြပါတယ်။ အကောင်းမြင်သူတွေကလည်း သူတို့အကောင်းမြင်ရတဲ့ အကြောင်းအရင်းတွေကိုဖော်ပြတဲ့နေရာမှာ လူဝင်မှုကြီးကြပ်ရေး မူဝါဒကို ၄ ဒသမ ၅ ရာခိုင်နှုန်းပဲရှိတယ်လို့ ရည်ညွှန်းဖော်ပြပါတယ်။ ကျန်အကောင်းမြင်ရတဲ့ အကြောင်းအရင်းတွေနဲ့ အဆိုးမြင်ရတဲ့ အကြောင်းအရင်းတွေကို ဟိုဘက်ဒီဘက် နှိုင်းယှဉ်ကြည့်လိုက်ရင် နောက်ထပ် သိသိသာသာ ကွာခြားတဲ့အချက်က သုံးချက်ပဲရှိပါတယ်။

ကိုယ့်လူမှုအသိုင်းအဝိုင်းအတွင်း အလုပ်အကိုင် အခွင့်အလမ်း




ဂရပ်-၁




ဂရပ်-၂




ဂရပ်-၃

ကျေးလက်ဒေသနဲ့ မြို့ပြဒေသက အတူတူလိုဖြစ်နေပါတယ်။ လူထုစစ်တမ်းရလဒ်(ဂရပ်-၁)အရ ကျေးလက်ဒေသလူထုအတွင်း အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းအပေါ် အကောင်းမြင်သူ နည်းပါးနေရတာက ကျေးလက်ဒေသတွေမှာ စီးပွားရေးလုပ်ကိုင်ဖို့ အခြေအနေမပေးတဲ့ အချက်တွေ နှစ်ရှည်လများ တည်ရှိနေတာက အကြောင်းအရင်းတစ်ခုပါ။ ကျေးလက်ဒေသတွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးပါမယ်လို့ သမ္မတ ဒေါ်နယ်ထရန့်က ဘယ်လိုပဲကြွေးကြော်ကြွေးကြော် ပကတိအခြေအနေတွေက ဒီလိုလုပ်ဖို့ အဟန့်အတား အခက်အခဲ ဖြစ်စေတာပါ။

သမ္မတ ဒေါ်နယ်ထရန့်လက်ထက် အသက်အရွယ်အလိုက် အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရသလဲလို့ လူထုစစ်တမ်း(ဂရပ်-၂) ကောက်ယူတဲ့အခါ အကောင်းမြင်တယ်၊ မမြင်ဘူး ဆိုတာက အသက်အရွယ်ကိုလိုက်ပြီး ကွာခြားတာမျိုး သိပ်မတွေ့ရပါဘူး။ ပြောစရာရှိတာက ဒီလူထုစစ်တမ်းကောက်ယူတဲ့အခါ အသက် (၅၅)နှစ်နဲ့အထက် သက်ကြီးအလုပ်သမားတွေကို ထည့်သွင်းမကောက်ခံခဲ့ပါဘူး။ ဒါပေမယ့် အနာဂတ် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားရသလဲလို့ ပညာအရည်အချင်းအလိုက် လူထုစစ်တမ်း ကောက်ယူကြည့်တဲ့အခါ (ဂရပ်-၃) စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကိုတွေ့ရပါတယ်။ အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းအပေါ် ပညာအရည်အချင်း နည်းပါးသူတွေက

**အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းအပေါ် အကောင်းမမြင်သူတွေက သူတို့ ဒီလိုမကောင်းမြင်ရတဲ့အကြောင်းအရင်းတွေကို ဖော်ပြတဲ့နေရာမှာ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို နံပါတ်တစ်အကြောင်းအရင်းအဖြစ် မရည်ညွှန်းပါဘူး။**

သမ္မတ ဒေါ်နယ်ထရန့် အစိုးရအဖွဲ့ဟာ Apple၊ Google၊ Amazon လို အဆင့်မြင့် နည်းပညာကုမ္ပဏီတွေနဲ့ ဆက်ဆံရာမှာ အဆင်မချော၊ မပြေမလည်ဖြစ်ခဲ့တာပါ။ ဒီလိုအဆင့်မြင့် နည်းပညာအခြေခံ ကုမ္ပဏီကြီးတွေမှာက ဘွဲ့ရပညာတတ် လုပ်သားဝန်ထမ်းတွေက အများစုပါ။

ဒီဆောင်းပါးတစ်ခုလုံးမှာ ကိုးကားထားတဲ့ လူထုစစ်တမ်းက အမေရိကန်လူထုကို ဘယ်လိုအကြောင်းခြင်းရာကြောင့် အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းအပေါ် အကောင်းမြင်တယ်၊ အဆိုးမြင်တယ် ဆိုတာကို သဘောထားမေးမြန်း ကောက်ယူခဲ့ပါတယ်။ ဒီလူထုစစ်တမ်းရလဒ် (ဂရပ်- ၄) ကို ကြည့်လိုက်ရင် စိတ်ဝင်စားစရာကောင်းတဲ့ အချက်တွေတွေ့ရပါတယ်။ အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းအပေါ် အကောင်းမြင်သူတွေက သူတို့ကို အကောင်းမြင်စေတဲ့ အဓိကအချက်အဖြစ် အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ရည်ညွှန်းဖော်ပြကြပါတယ်။ ဒီလိုအကောင်းမြင်သူတွေက သူတို့ဒီလို အကောင်းမြင်ရတဲ့ အကြောင်းအရင်းတွေထဲမှာ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေက ၂၀ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်တယ်လို့ ဖြေပါတယ်။ အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းအပေါ် အကောင်းမမြင်သူတွေက သူတို့ဒီလို မကောင်းမြင်ရတဲ့ အကြောင်းအရင်းတွေကို ဖော်ပြတဲ့နေရာမှာ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို နံပါတ်တစ်အကြောင်းအရင်းအဖြစ် မရည်ညွှန်းပါဘူး။ မကောင်းမြင်ရတဲ့ အကြောင်းအရင်းတွေထဲမှာ အမေရိကန်နိုင်ငံရဲ့စီးပွားရေးအခြေအနေက နံပါတ်သုံးအဆင့်ပဲရှိပါတယ်။ ရာခိုင်နှုန်းအရပြောရင် ၁၀ ဒသမ ၉ ရာခိုင်နှုန်းပဲ ရှိပါတယ်။ မကောင်းမြင်ရတဲ့ အကြောင်းအရင်းတွေထဲမှာ နံပါတ်တစ်အကြောင်းအရင်းက လူထုတစ်ရပ်လုံးရဲ့ စိတ်ခံစားချက်ပါ။ ရာခိုင်နှုန်းအရပြောရင် ၂၁ ဒသမ ၈ ရာခိုင်နှုန်း ရှိပါတယ်။

အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းအပေါ် အဆိုးမြင်တဲ့ လူထုကို မေးမြန်းတဲ့အခါ အမေရိကန်နိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံတွေကြား ဆက်ဆံရေးအခြေအနေကို ပင်မအကြောင်းအရင်းတစ်ရပ်အနေနဲ့ ဖော်ပြတာပါ။ အဆိုးမြင်ရတဲ့ အကြောင်းအရင်းကို ရာခိုင်နှုန်းအရကြည့်ရင် အမေရိကန်နိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံတွေကြား ဆက်ဆံရေးအခြေအနေက ၂၁ ဒသမ ၈ ရာခိုင်နှုန်း ရှိပါတယ်။ ဒါဟာပြောရရင် လူထုတစ်ရပ်လုံးရဲ့ စိတ်ခံစားချက်အပေါ်ပေးတဲ့ ရာခိုင်နှုန်းနဲ့ အတူတူပါပဲ။ တစ်ခါအကောင်းမြင်တဲ့လူထုက သူတို့အကောင်းမြင်တဲ့ အကြောင်းအရင်းတွေကိုရည်ညွှန်းရာမှာတော့ အမေရိကန်နိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံတွေကြား ဆက်ဆံရေးကို အရေးကြီးတဲ့ အကြောင်းအရင်းအနေနဲ့ မသတ်မှတ်ထားပါဘူး။ ရာခိုင်နှုန်းအရပြောရရင် ၅ ဒသမ ၇ ရာခိုင်နှုန်းပဲ




ဂရပ်-၄

တိုးတက်မှုအပေါ် အကောင်းမြင်သူတွေက အကောင်းမြင်ရတဲ့အကြောင်းအရင်းအဖြစ် ၁၁ ဒသမ ၄ ရာခိုင်နှုန်း ရည်ညွှန်းပြောဆိုပြီး အဆိုးမြင်သူတွေက ၂ ဒသမ ၉ ရာခိုင်နှုန်းပဲ ရည်ညွှန်းဖော်ပြကြပါတယ်။ အကောင်းမြင်သူတွေက ကိုယ်ရဲ့ လုပ်ငန်းအခြေအနေကို အကောင်းမြင်ရတဲ့ အကြောင်းအရင်းအဖြစ် ၁၀ ဒသမ ၈ ရာခိုင်နှုန်း ရည်ညွှန်းဖော်ပြကြပေမယ့် အဆိုးမြင်သူတွေက ၅ ဒသမ ၆ ရာခိုင်နှုန်းပဲ ရည်ညွှန်းဖော်ပြကြပါတယ်။ အဆိုးမြင်သူတွေက အဆိုးမြင်ရတဲ့ အခြေခံအကြောင်းအရင်းတွေကို ရည်ညွှန်းဖော်ပြရာမှာ အခွန်မူဝါဒ ပြုပြင်နိုင်ခြေကို ၃ ဒသမ ၄ ရာခိုင်နှုန်းပဲ ရည်ညွှန်းဖော်ပြပေမယ့် အကောင်းမြင်သူတွေကတော့ ၁၀ ဒသမ ၅ ရာခိုင်နှုန်းအထိ ရည်ညွှန်းဖော်ပြကြပါတယ်။ ဒီလောက်ဆိုင်ရင် သမ္မတ ဒေါ်နယ်ထရန့် အပေါ် အကောင်းမြင်တဲ့ လူထုနဲ့ အကောင်းမမြင်တဲ့ လူထုအကြား ဘယ်လိုမျိုးသဘောထားအမြင်တွေ ကွာခြားနေသလဲဆိုတာကို မှန်းဆနိုင်လောက်ပါပြီ။ အချုပ်ပြောရရင်တော့ အမေရိကန်လူထုက သမ္မတ ဒေါ်နယ်ထရန့် အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ချက်တွေအပေါ် သုံးသပ်ရာမှာ ဘဝပေးအခြေအနေက ပင်မအကြောင်းတရားလို့ပဲ ပြောရမှာပါ။

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ၊ ကျန်းမာရေး အသိပညာပေးပြခန်း ၁၅ ခန်း ဖွင့်လှစ်ပြသ

**မဟာအောင်မြေ ဒီဇင်ဘာ ၃**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး ခုခံအားကျနှင့် ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်ရုံးနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အားလုံးလက်တွဲကာကွယ် အိပ်ချ်အိုင်ဗွီ ကူးစက်အန္တရာယ် ပညာပေးပြပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ လမ်း ၄၀ နှင့် ၄၁လမ်းကြားရှိ မနော်ရမ္မ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ပြပွဲတွင် အိတ်ချ်အိုင်ဗွီ၊ ကွန်ဒုံး၊ အေအာတီ အရုပ်သုံးရုပ်ဖြင့် ရောဂါကူးစက်နိုင်သော နည်းလမ်းများ၊ ကာကွယ်နိုင်သော နည်းလမ်းများ၊ အေအာတီဆေး အသုံးပြုပုံ နည်းလမ်းများကို သရုပ်ဖော်ပြသသည်။

ပြည်သူ့ကျန်းမာရေးဌာနနှင့် NGOအဖွဲ့များက လည်း ပညာပေး လက်ကမ်းစာစောင်များအား ပြပွဲလာရောက်သူများအားဝေခြင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ရေး အသိပညာပေး တေးသီချင်းများ သီဆိုခြင်း၊ ပညာပေးပိုစတာများ၊ ကာတွန်းများ ပြသခြင်း၊ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ/မရှိ အခမဲ့သွေးစစ်ဆေးပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းများအား စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။




အခမ်းအနားကို မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်တက်ရောက်အားပေးပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာ ယုယုမေနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်နှင့် ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ တိုင်းဒေသကြီး ခုခံအားကျနှင့် ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာငြိမ်းချမ်းနှင့် တာဝန်ရှိသူများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့်ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

**သီဟကိုကို(မန္တလေး)**

# မန္တလေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ် နက္ခတ်တာရာကြည့်ရှုလေ့လာခြင်း လက်တွေ့သရုပ်ပြ သင်ကြား

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ် မြန်မာနိုင်ငံရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ဆရာ၊ဆရာများနှင့် ကျောင်းသား ကျောင်းသူများအား အရှေ့တောင်အာရှ နက္ခတ္တဗေဒဘာသာရပ်ဆိုင်ရာ၊ ရူပဗေဒဆိုင်ရာ ပညာရှင်များက နက္ခတ်တာရာကြည့်ရှုလေ့လာခြင်းကို ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ လက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှ နက္ခတ္တဗေဒဘာသာရပ်ဆိုင်ရာ၊ ရူပဗေဒဆိုင်ရာ ပညာရှင်များ (၉)ကြိမ်မြောက် ဆွေးနွေးပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် မန္တလေးတက္ကသိုလ်တွင် နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁ရက်မှ ၂ ရက်ထိ ဆရာ ဆရာမများနှင့် စိတ်ပါဝင်စားသည့် ကျောင်းသား ကျောင်းသူများကို ရူပနက္ခတ္တဆိုင်ရာသင်တန်းများပို့ချခြင်း Galileo Telescope တပ်ဆင်ကြည့်ရှုခြင်းများကို မန္တလေးတက္ကသိုလ်အတွင်းရှိ ဘောလုံးကွင်း၌ ညပိုင်းတွင် လက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

"ဒီဆွေးနွေးပွဲမှာ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတွေက Telescope တွေ လှူဒါန်းပြီး ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေကို Telescope ကြည့်ရှုခြင်း သင်ကြားရေးအပိုင်းတွေကို နှစ်ရက်တာ သင်ကြားပေးသွားပါတယ်" ဟု မန္တလေးတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခ ဒေါက်တာ ဒေါ်လဲ့လဲ့ဝင်းက ပြောသည်။

အရှေ့တောင်အာရှ နက္ခတ္တဗေဒ ဘာသာရပ်ဆိုင်ရာ၊ ရူပဗေဒဆိုင်ရာပညာရှင် ဆွေးနွေးပွဲကို တစ်နှစ် တစ်ကြိမ် အလှည့်ကျကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံ ရှစ်နိုင်ငံ ပါဝင်ကြောင်းသိရသည်။

အဆိုပါ (၉)ကြိမ်မြောက် ဆွေးနွေးပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အသီးသီးမှ ရူပဗေဒ ဆရာ ဆရာမ ၉၀ ကျော်နှင့် ကျောင်းသား ကျောင်းသူ ၇၀ ကျော်တို့ တက်ရောက်ခဲ့ကြပြီး ထိုင်း၊ ဂျပန်၊ တောင်အာဖရိကနိုင်ငံများမှ လှူဒါန်းထားသည့် Galileo Telescope (၄၈) ခု၊ Dobsonian Telescope နှစ်လုံး၊ Vixen Refractor နှစ်လုံးတို့ဖြင့် လက်တွေ့လေ့လာ ကြည့်ရှုခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နှလုံးခွဲစိတ်ကုသခြင်းအပါအဝင် အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်

**မင်းဘူး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေး၊ မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးခွဲများတွင် အကျုံးဝင်မှတ်ပုံတင်ထားသော နိုင်ငံပိုင် အလုပ်ဌာနများမှ အာမခံအလုပ်သမားလေးဦး၏ အမြဲတမ်း မသန်စွမ်းမှုနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲက မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အဖွင့်အမှာစကား ပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး တာဝန်ခံ အရာရှိ ဒေါ်အိအိသွယ်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ သိကောင်းစရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ခွင်ထိခိုက်ဒဏ်ရာရရှိမှုများအတွက် မင်းဘူးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံမှ ကွယ်လွန်သူ ဦးသန်းမောင်၏ ဇနီးအား ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၅၈၅၀၀၀၀ အားလည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (မန်းသံပရာကန်)မှ ကွယ်လွန်သူ ဦးမြင့်သန်း(၂)၏ ဇနီးအား ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၅၄၀၀၀၀၀ အား လည်းကောင်း၊ မန်းရေနံမြေမှ အာမခံအလုပ်သမား ဦးဇော်ဝင်း၏ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၄၈၅၁၀၀၀ အား သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မကွေးမြို့ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးမျိုးဇော်၏ နှလုံးခွဲစိတ်ကုသခြင်းအတွက် ကျပ်၂၀၀၀၀၀၀ အား ပေးအပ်ကာ အကျိုးခံစားခွင့်ရရှိသူများကိုယ်စား အမှတ်(၁)ရေနံဓာတ်ငွေ့ရည် စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ဖိုးပြည့်(မင်းဘူး)**



တိုင်းဒေသကြီးအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)နှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဒီဇင်ဘာ ၁ ရက်က ကျင်းပရာ နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်နှင့် ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးဝင်းဇော်တို့က ကြည့်ရှုအားပေးကြစဉ်။ **မြို့နယ်(ပြန်/ဆက်)**

# မီးဘေးလုံခြုံရေးဆောင်ရွက်နိုင်ရန် အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတိုက်နယ်ဒေသ မီးဘေးကြိုတင်တားဆီးရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက Popa Mount;Resort Hotel ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ရဲကျော်စွာ အောင်ကျော်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းထူးချွန်ဆုရရှိသူများကို မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာ အောင်ကျော်ဝင်းက လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးစိုးနောင်က လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပုပ္ပားတိုက်နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းကို နိုဝင်ဘာ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မီးဘေးလုံခြုံရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် အခြေခံစစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာရပ် စာတွေ့/လက်တွေ့နှင့် အသက်ကယ်ဘာသာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးနှင့် ရှေ့ဦးသူနာပြုစုခြင်း ဘာသာရပ်များ၊ မီးသတ်တပ်ဖွဲ့ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရက်သတ္တ လေးပတ်ကြာ လေ့ကျင့်သင်ကြား ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ Popa Mount Resort Hote မှ မန်နေဂျာနှင့် တာဝန်ရှိသူများ၊ ပုပ္ပားတိုက်နယ်မှ ရပ်မိရပ်ဖများ၊ သင်တန်းသားများ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၇၆၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**မကွေး ဒီဇင်ဘာ ၃**

မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ မကွေးမြို့နယ် ဦးစီးမှူးရုံးမှ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး၏ လမ်းညွှန်ချက်အရ ကွင်းဆင်း ဆောင်ရွက်ပေးပြီးဖြစ်သော အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။



မကွေးမြို့နယ် ဦးစီးမှူးရုံးမှ ကွင်းဆင်း ဆောင်ရွက်ထားသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၉၉ ဦး၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၁၇၆ ဦး၊ အထကခွဲ ဆားစည့်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၄၅ ဦး၊ အလကခွဲ သိင်္ဂါကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၀ နှင့် အလကခွဲ ကန်သာကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၆၃ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဝန်ကြီးဦးနေမျိုးကျော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ မကွေးခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်သန်းနှင့် မကွေးမြို့နယ် ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်လွင်တို့က သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကျုပ်စရိုက် လူမိုက်ထံမှာ မနေ

ဆူးငှက်

**မန္တလေးဆို ရွှေမြို့
တို့ရတနာပုံနေပြည်
တင့်တယ်သာယာစည်ကား
ဟိုတုန်းအခါကလေ
အဲဒါတွေ မတွေးကြနဲ့
ရှေ့ဆက်ကာ စီမံကြံစို့လေတဲ့။**



သီချင်းရေးဆရာ အောင်ဝမ်းဆရာညွှာနဲ့ မြို့မအသင်းကြီးက စစ်ကြီးအပြီး မန္တလေးပြန်အဝင်မှာ မန္တလေးပြန်လည်ထူထောင်ရေးအတွက် အားကောင်းမောင်းသန် ပြန်လည်ကြိုးစားကြဖို့ အားပေးခဲ့ပေမယ့် လူတွေက ပန်းနေပြီ။ ခြေကုန်လက်ပန်းကျနေကြပြီ။

ကမ္ဘာစစ်ကြီးကြောင့် မြို့မှာ ပြာဘုံဘဝ ရောက်ရှိသွားခဲ့သည့်အတွက် ကိုယ့်အိုးကိုယ့်အိမ် နေရာကိုပင် မနည်းပြန်လည်ရှာဖွေကာ ဖြစ်သလို ယာယီတဲထိုး၍ နေကြရသည်။ ကမ္ဘာစစ်ကြောင့် ပျက်စီးသွားသော မြို့ပြကြီး ပြန်လည်ထူထောင်ရေးအတွက် ကာယကံရှင် မြို့သူမြို့သားများ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စိတ်ဓာတ်ပြင်းပြမှု၊ စိတ်ဓာတ်အားမာန်များ စွမ်းစွမ်းတမံ ရှိရေးကား အထူးလိုအပ်လှပေသည်။

**ဆိုးမွေ**

ကမ္ဘာစစ်ကြီးကား ရုပ်ဝတ္ထု ပျက်စီးစေမှုများသာမက စိတ်ဓာတ်ရေးရာ ပျက်စီးစေမှု 'ဆိုးမွေ' များကို တနင့်တပိုး ပေးခဲ့ချေပြီ။ နိုင်ငံခြားသား စစ်သားများနှင့်အတူ ပါလာသော အသောက်အစား၊ အပျော်အပါး၊ လောင်းကစားမှုများက စိတ်ဓာတ်နုပျိုစ အရာရာ စူးစမ်းစွန့်စားလိုစိတ် ပွင့်ဖူးစ မြန်မာလူငယ်များအား လမ်းမှားရောက်အောင် ဆွဲဆောင်ခဲ့ကြသည်။ မန္တလေးမြို့လယ်ကောင် ရုံတော်ကြီး၊ ကျောက်သွေးတန်းနှင့် တရုတ်တန်းရပ်ကွက်များတွင် ရုတ်ခြည်းပေါ်ပေါက်လာသော အောက်လင်းဓာတ်မီးထိန်ထိန်ညီးနှင့် ဟိုတယ်စားပွဲရုံကြီးများဆီ လူတရုန်းရုန်း စည်ကားနေခြင်းက သက်သေဖြစ်ပါ၏။ အများစုမှာ လူငယ်များချည်း ဖြစ်နေသည်။ ရသမျှငွေကြေးအား နေ့ဖို့ ညစာပင်မထားဘဲ နောင်ခါလာ နောင်ခါစေ့ သဘောထားကာ ပျော်ပျော်ကြီး သုံးစွဲဖြုန်းတီးပစ်နေကြသည်။

ထို့ကြောင့် ဆရာမြို့မငြိမ်းက 'လူမိုက်နှင့်ငွေ' ဟူသော သီချင်းတစ်ပုဒ် ရေးစပ်၍ပင် သတိပေးခဲ့ဖူးလေ၏။ ထိုသီချင်း၏ ခြေဆင်းကို ဆရာမြို့မငြိမ်းက 'ချစ်တဲ့သူငယ်လေ' အစချီ အိုင်ချင်းပုံစံရေးစပ်ခဲ့ခြင်းက ထူးခြားဆန်းသစ်မှုတစ်ခုပင် ဖြစ်သည်။ ရှင်ငြိမ်းမယ်၏ အိုင်ချင်းများမှာက 'ချစ်တဲ့သူငယ်လေ' အစချီ အိုင်ချင်းပုံစံရေးစပ်ခဲ့ခြင်းက ထူးခြားဆန်းသစ်မှု တစ်ခုပင်ဖြစ်သည်။ ရှင်ငြိမ်းမယ်၏ အိုင်ချင်းများမှာက 'ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောင်းမတို့လေ' ဟု စတင်ခဲ့ပုံအား ဆရာကသူ၏ ဟာသဉာဏ်ဖြင့် 'ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းဆိုး ကြမ်းပိုးထိုးဖက်တို့လေ' ခပ်သွက်သွက်လေး စဖွင့်ခဲ့သည်။

ဆရာမြို့မငြိမ်းရဲ့ 'လူမိုက်နှင့်ငွေ' သီချင်းကို နားဆင်ကြည့်ပါဦး

**ချစ်တဲ့သူငယ်လေ သူငယ်ချင်းဆိုး ကြမ်းပိုးထိုးဖက်
တို့လေ...
ငွေရအောင်လို့၊ ကိုယ်တို့အကြိုက်၊ ဆင်ခြင်လိုက်သော်...
လက်ဝါးလယ်ခေါင်၊ ရှုကောင်ကိုလွှတ် ပူနေအောင်လွှတ်၊
ဂိုင်တွေလွှတ်ပွ (ရမရဆိုလျှင်)၃
စာကလေးဇေဒင်ကမှ ဟောတတ်မလေ အလို...
တူငယ်ငယ်က၊ ဆိုးပါတဲ့ ကြမ်းပိုးတို့တစ်တွေ လေး။
ရသလောက်ဆိုပါတော့ဗျ၊ လိုချင်ရှာသလေ။
ကျပ်သုံးဒင်္ဂါးအပြားရေ အစုလိုက် အစုလိုက် တောင်လိုပုံပါစေ...
ငွေစက္ကူရောင်စုံအထပ်လိုက်၊ မဟာပထဝီမြေလို
နှစ်သိန်းလေးသောင်းထုလောက်၊ မောက်ချင်မောက်ပါစေ
ပိုမယ်မထင်ပါပေ။
စားစေ၊ သောက်စေ၊ ပျော်စေ၊ ပါးစေ... အမိန့်တော်ကိုရွှေ
ပုပုရွရွ လူမှန်သမျှမှာ အာဏာပိုင်တဲ့ငွေ...
ဘိုးဘိုးအောင် အစ္ဆုဂေါဏ တောင့်တကြောင့်ကြရှာတာတွေ
ခရီးဝေးသွားကြတာလည်းငွေ၊ သမီးပေးမှားကြတာလည်း
ငွေ
သူရှိရင်လေ ပုတ်လောက်နီးနီး၊ မျက်နှာကြီးပါပေ...
(မိန်းမယူရင်ငွေသာအဆင်ပြေ... ယောက္ခမအိမ်မှာ
ကိုယ်နေချင်သလိုသာနေ...
ကိုယ့်အိမ်လိုသဘောထား လူကလေး ဘာမှအားမနာနဲ့လေ)၂
ဟိုဟာလေး စားလိုက်ဦးကွဲ့၊ ဒီဟာလေးစားလိုက်ဦးကွဲ့၊
တပြုံးပြုံးနဲ့ လောကွတ်တော်တွေကျေ ယောက္ခမကြီးရဲ့
အဖြစ်တွေ...
မြင်သေး၊ အရေးပေးတာတွေ...
မီးယပ်ခြောက်ပိန် ငွေရည်လူးတော့ အလှထူးပါတဲ့ ခင်သူဇာမေ
ဖယောင်းတိုင်တောင့်တွေ ခေါင်းမှာလူးလို့ အပျိုကြီးများတောင်
ပြီတာငွေ...
(လိမ်တာကလိန်တာ၊ ညာတာတွေ၊ ပွေတတ်သမျှငွေ)၂
အပေါင်ဆိုင်ကိုလည်း သူ့အတွက်နဲ့ မိတ်ဆက်ကြရပေ...
မဆင်ခြင်သူတွေ ဖြုန်းကြတော့ငွေ မဆင်ခြင်သူကို
မုန်းလှတဲ့ငွေ...
အသင်ကိုရွှေလူ ကျုပ်မှမချစ်ဘဲ ခွဲမှဖြစ်မယ် မောင်ရေ...
ကျုပ်စရိုက် လူမိုက်ထံမှာ မနေ။
(မိန်းမယူရင် ငွေသာအဆင်ပြေ အရေးပေးမှာတွေ...)။**

**လူမိုက်နှင့်ငွေ**

ဆရာမြို့မငြိမ်း၏ သီချင်းတွင် ခေါင်းစဉ်ကပင် 'လူမိုက်နှင့်ငွေ' ဟု ဆိုသောကြောင့် မြန်မာတွေ နားစွဲ နေတဲ့ ဆိုရိုးစကား 'လူမိုက်နှင့်ငွေ အတူမနေ' ဟူသည်ကို ချက်ချင်း အတွေးရောက်သွားစေသည်။ ထိုရည်ရွယ်ချက်ကို ဩဝါဒပေး၊ ပညာပေးသည့်ပုံစံ အပေါ်စီးမှမရေးဘဲ လက်ရှိမြင်တွေ့နေကြရသည့် သုံးဖြုန်းသောက်စား လောင်းကစားနေကြမှုတွင် ကိုယ်တိုင်ပါဝင် စီးမျောလိုက်ပြီးမှ 'ဒီလိုသာ သုံးဖြုန်းနေမယ်ဆိုရင်၊ ငွေဆိုတာ လူမိုက်တွေထံမှာ နေရိုးထုံးစံမရှိ' ကြောင်း၊ သက်မဲ့ 'ငွေ' ကိုယ်နှိုက်ကပင် သက်ရှိ အသိဉာဏ်ရှိ 'လူ' ကို လက်ညှိုးငေါက်ငေါက်ထိုး အပြစ်တင်ကာ ခွဲခွာသွားခဲ့လေဟန် ရေးစပ်ခဲ့၏။ ဆရာ့သီချင်းစာသားထဲမှ

'မဆင်ခြင်သူတွေ ဖြုန်းကြတော့ ငွေ၊ မဆင်ခြင်သူကို မုန်းလှတဲ့ငွေ'

ဟူသော အပိုဒ်မှ ဝိဘတ်သုံးစွဲပုံများကို သတိမူသင့်လှပေသည်။

**အကျင့်စာရိတ္တပျက်ပြား**

နောက်ပိုင်း ထိုသီချင်းကို ပြန်ဆိုကြတော့ ထိုစာသားများကို ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့နှင့် 'မဆင်ခြင်သူတွေ ဖြုန်းကြတဲ့ငွေ၊ မဆင်ခြင်သူတွေ သုံးကြတဲ့ငွေ' ဟုပဲ သီဆိုနေကြသည်။ ထိုထက်ဆိုးသည်မှာ ဆရာက သက်မဲ့ 'ငွေ' ကပင် သက်ရှိ 'လူ' ကို ပညာပေးလိုက်ပုံက "အသင်ကိုရွှေလူ ကျုပ်မှမချစ်ဘဲ ခွဲမှဖြစ်မယ်မောင်ရေ ကျုပ်စရိုက်၊ လူမိုက်ထံမှာ မနေ" ဟူလို။

ထိုစာသားကို ဂရုမမူကြဘဲ 'အသင်ကိုရွှေငွေ ကျုပ်မှမချစ်ဘဲ' ဟု သီဆိုအသံသွင်းခဲ့ဖူးကြခြင်းကလည်း 'အမှား' ဆိုတာ သိထားကြဖို့လိုပါသည်။ ဘာပဲပြောပြော စစ်ပွဲတွေကြောင့် အလုပ်အကိုင်တွေပျက်တာထက် ပညာသင်ကြားရေးတွေပျက်ကုန်တော့ လူငယ်တွေအားလုံး အကျင့်စာရိတ္တတွေ ကြောက်ခမန်း ပျက်ပြားသွားကြခြင်းက သင်ခန်းစာပဲဖြစ်ပါသည်။

## မန္တလေးတိုင်းဒေသကြီးတွင် HIV လူနာများအား ART ဆေးပိုမိုထုတ်ပေး

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ HIV ပိုးကူးစက်ခံရသည့် လူနာများအား AIDS ရောဂါအဆင့်ထိ မရောက်ရှိစေရန် တိုက်ကျွေးသော ART ဆေးကို တစ်နှစ်ထက်တစ်နှစ် ပိုမိုထုတ်ပေးနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာငြိမ်းချမ်းက ပြောသည်။

ART ဆေးကို မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၅ -၂၀၁၆ ခုနှစ်တွင် လူနာ ၁၄၅၂၅ ဦးကိုသာ ထုတ်ပေးနိုင်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်တွင် လူနာပေါင်း ၁၇၂၇၇ ဦးကို ထုတ်ပေးနိုင်ခဲ့သည့်အပြင် လူနာ ၂၀၈၅ ဦးအား မက်သဒုံးဆေးတိုက်ကျွေးနိုင်ခဲ့ ကာ လူနာသုံးသိန်းကျော်အား ကာလသားရောဂါနှင့် ပတ်သက်၍ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"အရင်တုန်းက HIV ပိုးရှိတဲ့ လူနာတိုင်းကို ART ဆေးမပေးနိုင်ဘူး။ အခုဆို မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၂၈မြို့နယ်လုံးမှာ ART ဆေး ပိုမိုဖြန့်ဝေပေးနိုင်တဲ့အတွက် AIDS ရောဂါအဆင့်ထိရောက်တဲ့လူနာ တော်တော်နည်းသွားပါပြီ" ဟု ၎င်းက ပြောသည်။

ယခင်က ART ဆေးရရှိမှုနှုန်း နည်းပါးခြင်းကြောင့် HIV ပိုးကူးစက်ခံရသည့် လူနာတိုင်းအား မထုတ်ပေးနိုင်ခဲ့ဘဲ ရောဂါသက်တမ်းရင့်သူများကိုသာ ထုတ်ပေးနိုင်ခဲ့သော်လည်း လက်ရှိတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် NGO၊ INGO အဖွဲ့များ ပူးပေါင်းဆောင်ရွက်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခမဲ့ထုတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှုမှ ကာကွယ်ခြင်း PMTCT (Prevention of Mother to Child Transmission) လုပ်ငန်းအရ ၂၀၁၆ ခုနှစ်မှာ မိခင် ၄၇၈ဦး ကို ART ဆေးတိုက်ကျွေးပြီး ကုသကာကွယ်မှုပေးနိုင်ခဲ့ပါတယ်၊ ကိုယ်ဝန်ဆောင်မိခင်တွေမှာ HIV ဖြစ်ပွားမှုဟာလည်း ၂၀၁၁ ခုနှစ်နဲ့စာရင် တဖြည်းဖြည်းကျဆင်းလာပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှု လုံးဝကင်းစင် ပပျောက်သွားသည်အထိ ဆောင်ရွက်သွားရန် ရည်ရွယ်ထားပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင် ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျောင်းအခြေပြု ငလျင်ဇာတ်တိုက်လေ့ကျင့်ရေး အသိပေး

**မြစ်ကြီးနား ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကချင်အထူးစီမံချက်ရုံးမှကြီးမှူး၍ ကျောင်းအခြေပြု ငလျင်ဇာတ်တိုက်လေ့ကျင့်ရေး အသိပေးဟောပြောပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပိုင်း အမှုဆောင် ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနက်စ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းရွှေက "ငလျင်ဖြစ်ပွားတဲ့အချိန်တွေက ကျောင်းပိတ်ရက်တွေဖြစ်ပြီး ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူတွေ ထိခိုက်ဆုံးရှုံးမှု မရှိသလောက်ပါပဲ၊ ငလျင်ဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ဘာကြောင့်ဖြစ်ပွားရတယ်၊ ထိခိုက်ဆုံးရှုံးမှု ဘယ်လောက်ဖြစ်ပွားတယ် စတဲ့အချက်အလက်တွေနဲ့ ဖြစ်ပွားလာရင် ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် မဖြစ်ခင်၊ ဖြစ်ပွားဆဲနဲ့ ဖြစ်ပွားပြီး ကာလတွေမှာ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို ကချင်ပြည်နယ်အတွင်းမှာ စီမံချက်မြို့နယ်များဖြစ်တဲ့ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမောက်၊ မိုးညှင်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများမှာလည်း အသိပညာပေး ဟောပြောခြင်းနဲ့ ဇာတ်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်သွားမှာပါ၊ ကျောင်းအခြေပြု ငလျင်ဘေးဒဏ် ဇာတ်တိုက်လေ့ကျင့်မှု အသိပညာပေးဟောပြောရခြင်းမှာ ငလျင်ဘေးဒဏ်ဖြစ်ပွားလာပါက ဆရာ ဆရာမများနဲ့ ကျောင်းသားကျောင်းသူများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန်နဲ့ ပြည်သူလူထုထံ အသိပညာပြန့်ပွားစေရန် ရည်ရွယ်ရခြင်းဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ ကော်မတီဝင်များ၊ ကချင်အထူးစီမံချက်ရုံးမှ တာဝန်ရှိသူများ၊ စီမံချက်ဝင် မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ အင်အား ၅၀ ကျော် တက်ရောက်ပြီး ဒီဇင်ဘာ ၄ ရက်တွင် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက လက်တွေ့ဇာတ်တိုက် လေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

## မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ညှိနှိုင်းစည်းဝေး

**ပြည် ဒီဇင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ရသည့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျေးရွာမြစိမ်းရောင်စီမံကိန်း ကြီးကြပ်မှုကော်မတီနှင့် မြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ပြည်ခရိုင် ကျေးလက်ဦးစီးမျူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံများ၊ ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အားနည်းချက် အားသာချက်များအား ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ခင်သာကျေးရွာ တံ့ကန်ချောင်း ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကျောက်စီနံရံတည်ဆောက်

**ကျောက်တံခါး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းဒေသ မကျည်းပင်ကျေးရွာအုပ်စု ခင်သာကျေးရွာ၌ တံ့ကန်ချောင်းရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ယခုအခါ ကျောက်စီမြေထိန်းနံရံများ တည်ဆောက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ခင်သာကျေးရွာမှာ အိမ်ထောင်စု ၂၅၀ လူဦးရေပေါင်း တစ်ထောင်ကျော်ရှိပြီး လယ်ယာလုပ်ငန်းကို အများစုလုပ်ကိုင်ကြပါတယ်၊ ချောင်းက ရေစီးသန်ပြီး ကမ်းပါးတွေပြိုကျလာတာတွေက လူနေအိမ်တွေနဲ့ အလွန်နီးကပ်လာပြီး အန္တရာယ်ရှိတာကြောင့် သက်ဆိုင်ရာဌာနတွေနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ထံတင်ပြခဲ့လို့ အခုတော့ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ သိန်း ၅၅၆၀ ရရှိခဲ့တာကြောင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်နိုင်ရေးအတွက် ဘိုးပိုင်တွေစိုက်နေပါပြီ၊ အခုတော့ ကမ်းပါးပြိုခြင်းအန္တရာယ်မှ ကင်းဝေးပြီး နေအိမ်များ မရွှေ့ပြောင်းရလို့ တစ်ရွာလုံး ဝမ်းသာနေကြပါတယ်"ဟု ခင်သာရွာနေ ပြည်သူတစ်ဦးက ပြောသည်။



မြေထိန်းနံရံ တည်ဆောက်နေသည့်နေရာသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဦးနှင့်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်က ကြည့်ရှုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဆွေက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ မရမ်းကုန်းမြို့နယ်တွင်ကျင်းပ

**မရမ်းကုန်း ဒီဇင်ဘာ ၃**

မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများအား လျင်မြန်စွာ တုံ့ပြန်ဖြေရှင်း ဆောင်ရွက်နိုင်ရေးတို့အတွက်ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၇) ဆင်းပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းက မရမ်းကုန်းမြို့နယ် မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့် မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းတို့က သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်တို့က အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အရန်မီးသတ်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ၂၆ ရက်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နွေစပါးစိုက်ပျိုးနိုင်ရန် အချိန်မီရေပေးဝေနိုင်ရေး ဆွာချောင်းတမံ ရေလွှတ်မြောင်းပြုပြင်မှုများ ဆောင်ရွက်

**ရေတာရှည် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ နွေစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေမှုများ စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ တောင်သူများ ရေလုံလောက်စွာ ရရှိနိုင်ရန်နှင့် ရေပေးဝေမှု အဆင်ပြေချောမွေ့စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂) တောင်ငူမှ DY-2A ရေလွှတ်မြောင်း(ခွဲ)အား စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဝင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။



မိုးရာသီကာလတစ်လျှောက် ဖျက်မိုးများကြောင့် တောင်သူများ အခက်အခဲများစွာဖြင့် ကြုံတွေ့ကြရသည့်အားလျော်စွာ ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရာ၌ ထွက်နှုန်း ကောင်းမွန်သည့်အတွက် တောင်သူများအနေဖြင့် နွေစပါးကို အဓိက အားထားနေကြရခြင်း ဖြစ်သည်။

"ဒီနှစ် မိုးကများတော့ ရေပေးဝေရေးမြောင်းတွေ ပျက်စီးတာတွေရှိတယ်၊ အချို့နေရာတွေမှာ တောင်သူတွေ စပါးသယ်ထုတ်တဲ့အခါမှာ ကုန်ထုတ်လမ်း မရှိဘူး၊ ဒီမြောင်းပေါင်တွေကပဲ စပါးတွေ သယ်ကြတော့ ပျက်စီးကြရတာလဲ ရှိပါတယ်၊ နွေစပါး ရေပေးဝေတဲ့အခါမှာ ရေအလေအလွင့်မရှိစေရေးနဲ့ တောင်သူတွေ စိုက်ပျိုးရေပြည့်ဝစွာ ရရှိနိုင်ရေးအတွက် အမြန်ဆုံး ဆောင်ရွက်နေတာပါ" ဟု မြို့နယ် ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအခါ ထွန်ယက် မြေပြုပြင်ခြင်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။ နှစ်စဉ် ဇန်နဝါရီ ၁ ရက်တွင် ရေစတင် ပေးဝေလျက်ရှိရာ လက်ရှိ ရေပေးမည့် မြောင်းများပြုပြင်မှု အချိန်မီပြီးစီးပါက သတ်မှတ်ထားသည့်ရက်တွင် ရေစတင်ပေးဝေသွားမည်ဖြစ်၍ တောင်သူများ အနေဖြင့် ယခုကတည်းက ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်ပြီး နွေစပါးစိုက်ဧကပေါင်း ၂၃၀၀၀ ကျော်ရှိပြီး မိုးစပါးကဲ့သို့ ဈေးနှုန်းကောင်းမွန်ပါက တောင်သူများအတွက် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



ဒဂုံတောင်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက် ည ၇နာရီက ဒဂုံတောင်မြို့နယ် ၁၀၄ ရပ်ကွက်၌ ပြုလုပ်ရာ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမောင်မောင်ဦးက ရပ်ကွက်ပြည်သူများအား အသိပညာပေး ဟောပြောစဉ်။ **(ကြေးမုံ)**

## ရေပိုက်အသစ် သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**တာမွေ ဒီဇင်ဘာ ၃**

တာမွေမြို့နယ် ပုသိမ်ညွှန့်ရပ်ကွက် ဘယသုဒ္ဓိလမ်း၌ ဒီဇင်ဘာ ၂ ရက် နံနက်က မြို့နယ်စည်ပင်သာယာအင်ဂျင်နီယာဌာန(ရေ/သန့်) တာဝန်ခံဌာနစုမှူး ဒေါ်နီမာဇင် ကြီးကြပ်လျက် ၁၆၀ ဒိုင်ယာမီတာ HDPEရေပိုက်အသစ် သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ယခင်သွယ်တန်းထားတဲ့ ရေပိုက်တွေက GI ပိုက်တွေဖြစ်ပါတယ်။ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိပြီဖြစ်တဲ့အတွက် ပိုက်ထဲမှာ အနယ်အနှစ်တွေ ဂျိုးကပ်ပြီး ရေသွားလာမှု ပိတ်ဆို့ကာ သုံးစွဲသူမိဘပြည်သူတွေ သောက်သုံးရေပြည့်ဝစွာ မရရှိပါဘူး။ တချို့နေရာတွေမှာ သံချေးတက်ပြီး ရေလေလွင့် ဆုံးရှုံးမှုတွေရှိနေတဲ့အတွက် အဆင့်ဆင့်တင်ပြပြီး မိဘပြည်သူတွေ အဆင်ပြေစေဖို့ သွယ်တန်းပေးရခြင်း ဖြစ်ပါတယ်" ဟု တာဝန်ခံဌာနစုမှူး ဒေါ်နီမာဇင်က ပြောသည်။

တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းမြင့်က "တာမွေမြို့နယ်မှာ ရပ်ကွက်၂၀ ရှိပါတယ်။ ပုဏ္ဏားကုန်းရပ်ကွက်နဲ့ တာမွေကြီး ခ ရပ်ကွက်က မချစ်တီးဝင်းတို့မှာ သောက်သုံးရေအဆင်ပြေနေပြီ၊ အခုဒီပုသိမ်ညွှန့်ရပ်ကွက်ကိုလည်း သောက်သုံးရေ အဆင်ပြေစေဖို့ ပိုက်အသစ်သွယ်တန်းပေးတာ မိဘပြည်သူတွေရဲ့ကိုယ်စားကျေးဇူးတင်ပါတယ်။ ကျန်တဲ့ရပ်ကွက်တွေကိုလည်း အသစ်သွယ်တန်းပေးဖို့လိုအပ်ပါတယ်" ဟုအကြံပြုပြောကြားသည်။



အဆိုပါ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ပြီးဆုံးမှသာ ရေပိုက်အဟောင်းများအား ဖျက်သိမ်းပြီး ရေပိုက်လိုင်းအသစ်မှ ရေဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ရေပိုက်လိုင်းများ သွယ်တန်းနေစဉ်ကာလအတွင်း ရေဖြတ်တောက်မှုမရှိဘဲ ပုံမှန်အတိုင်း ရေပေးဝေလျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် ဦးသိန်းမြင့်၊ တောင်ပိုင်းခရိုင် ရေသန့်ဌာနခရိုင်မှူး ဦးသန့်ဇင်ဦး၊ တာမွေမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးယုလေးအောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(၁၉၇)**

# တစ်မျိုးသားလုံး ကျန်းမာဖို့ လူထုအားကစား မြှင့်တင်စို့

ကိုဌေး(ကနောင်)

ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ နည်းလမ်းကြံဆ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် အားကစားသည် နိုင်ငံတိုင်းအတွက် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရန် များစွာ အထောက်အကူပြုနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် လူတစ်စုအားကစားမှ လူထုအားကစား(Mass Sports)ကို အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အနာဂတ် မျိုးဆက်သစ်များဖြစ်သည့် လူငယ်မောင်မယ်များ၏ ကောင်းမွန်သော ဘဝဦးတည်ချက်၊ ကြိုးပမ်းအားထုတ်လိုသည့် အသိတရား၊ တာဝန်သိမှု၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်မှုနှင့် လူသားချင်း ရင်းနှီးတတ်သော စိတ်ဓာတ်များ ပေါ်ထွန်းစေမှုမှာ အားကစား၏တန်ဖိုးများပင်ဖြစ်ပါသည်။ ထို့ပြင် လူ့အဖွဲ့အစည်းကို ပညာရေးနှင့် ဟန်ချက်ညီညီ ပေါင်းစပ်တည်ဆောက်နိုင်ရေးအတွက်လည်း အားကစားမှ အထောက်အကူပြုလျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ အနာဂတ် မျှော်လင့်ချက်နှင့် ဥစ္စာခနဖြစ်သည့် မျိုးဆက်သစ် လူငယ်များကို ဗလငါးတန်ဖြင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးလာစေရေးမှာလည်း အားကစားမှာ မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိနေပါသည်။

**ကျန်းမာကြံ့ခိုင်သောလူ့အသိုက်အဝန်း**

အားကစားသည် ကျန်းမာကြံ့ခိုင်သော လူ့အသိုက်အဝန်း တည်ဆောက်ရာတွင်လည်း များစွာအထောက်အကူပြုနေပါသည်။ လူတစ်ဦးချင်းစီသော်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခုချင်းအလိုက်သော်လည်းကောင်း၊ ပုံမှန်လေ့ကျင့်မှုပြုလုပ်သောသူများသည် ပိုမို ကျန်းမာသန်စွမ်းလာပြီး အားအင်ပြည့်ဖြိုးလာသဖြင့် ရောဂါဘယဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေပါသည်။ ကျန်းမာစွာ နေထိုင်ခြင်း၏အကျိုးကို သိမြင်လာပြီး ကျင့်ကြံပြုမူနေထိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လူမှုနေထိုင်မှုဘဝဖြစ်ပေါ်စေပါသည်။ ရောဂါကုသရသည့် ကျန်းမာရေးအတွက် ကုန်ကျရသည့်စရိတ်များ သက်သာလာစေနိုင်မည်ဖြစ်သည်။

အားကစားအောင်မြင်မှုသည် နိုင်ငံအတွက် ပုံရိပ်ကောင်းတစ်ခုနှင့် နိုင်ငံ့ဂုဏ်မြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိနေပြန်ပါသည်။ အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်နှင့် စိတ်ဝင်စားစရာနေရာ (အကျိုးစီးပွား)များကို ပြသနေပါသည်။ ထို့ပြင်နိုင်ငံ၏ ထူးချွန်ထက်မြက်မှုနှင့် ထိုထက်မြက်မှုများကြောင့် ပေါ်ထွက်လာသည့် ပုံရိပ်ကောင်းများကို ကမ္ဘာတစ်လွှားသို့ဖြန့်ကျက်ပျံ့နှံ့သိရှိစေပါသည်။

ထို့အပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားကစားမှ များစွာ အထောက်အကူပြုနေပါသည်။ အားကစားလှုပ်ရှားမှုကိုယ်တိုင်က စီးပွားရေးလုပ်ငန်းတစ်ရပ်လည်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိနေပြန်ပါသည်။ ဆိုလိုသည်မှာ အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ အားကစားပစ္စည်းကိရိယာနှင့် အားကစား ဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နည်းပြလုပ်ငန်းများ၊ သရုပ်ပြဆရာများ၊ အားကစားကင်းထောက်နှင့် ကိုယ်စားလှယ်အေးဂျင့်များ၊ အားကစားပြိုင်ပွဲများကို တာဝန်ယူကျင်းပပေးသော အဖွဲ့အစည်းလုပ်ငန်းများ၊ အားကစားအသိုက်အဝန်းတစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် (Sport Marketing) အားကစားဈေးကွက်ရှာဖွေရေး လုပ်ငန်းများသည် အားကစားကို အခြေခံပြီး ပေါ်ထွန်းလာသည့် လုပ်ငန်းများ ပင်ဖြစ်ပါသည်။

**ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်**

အလားတူ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းကလည်း အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် များစွာ အကျိုးရှိစေပါသည်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်သည့် နိုင်ငံများအနေဖြင့် အားကစားနည်းအလိုက် အခြေခံအဆောက်အအုံများ၊ အုပ်ချုပ်ရေး/စီမံခန့်ခွဲရေးဆိုင်ရာ အပေါ်ထပ်အဆောက်အအုံများအပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အမှတ်တရနှင့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်း အရောင်းဆိုင်များနှင့် ယာယီလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းများ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုလျက်ရှိပါသည်။

သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွား လုပ်ငန်းများ အပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အထောက်အကူပြုလျက် ရှိပါသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (SEAP Games)များနှင့် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ (SEA Games)များတွင် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၏ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားမှာ ခမ်းနားအထည်ဝါဆုံး ဖြစ်သည်ဟု အာဆီယံနိုင်ငံများမှ ပြောစမှတ်ပြုခဲ့ကြသည်မှာ ဂုဏ်ယူအားတက်ဖွယ်ရာ ဖြစ်ခဲ့ရပါသည်။

၎င်းအပြင် (၄၄)နှစ်ကြာမှ တစ်ကြိမ် ပြန်လည်ကျင်းပပြုလုပ်နိုင်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့မှု၊ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာများ အပါအဝင် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့် ပြိုင်ပွဲကြီးတွင် နိုင်ငံအလိုက် ဒုတိယနေရာဖြင့် အောင်မြင်မှုရရှိခဲ့ခြင်းမှာ မြန်မာလူမျိုးတို့၏ နိုင်ငံအတွက် အရေးကြုံက သူ့ဝန်ကိုယ့်တာမခွဲခြားဘဲ နိုင်ငံချစ်စိတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်ရာ နိုင်ငံသားတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို အားကစားမှ စည်းရုံးနိုးဆွနိုင်ခဲ့ခြင်းဖြစ်သည်ဟု ရှုမြင်မိပါသည်။

**တစ်ချိန်ကရွှေရောင်လွှမ်း**

မြန်မာ့အားကစားသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင်လည်း တစ်ချိန်ကရွှေရောင်လွှမ်းသည့်ခေတ်ကို ရောက်ခဲ့ဖူးပါသည်။ အချိန်ကာလကို ပြန်ကြည့်လျှင် ၁၉၅၀ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များ အတွင်းဟု အကြမ်းဖျဉ်း ပြောရမည်ဖြစ်ပါသည်။ ထိုကာလအတွင်း အားကစားအောင်မြင်မှုတွေကို ပြန်ကြည့်လျှင် မြန်မာ့ဘောလုံးအားကစားသည် အောင်မြင်မှု အမြင့်မားဆုံးဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ထူးထူး ခြားခြားအောင်မြင်မှုများအား ကောက်နုတ်တင်ပြရလျှင် ၁၉၆၁ခုနှစ်နှင့် ၁၉၆၉ ခုနှစ်များတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သည့် ဒုတိယအကြိမ်နှင့် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး နှစ်ကြိမ်စလုံး ပထမအဆင့်တွင် ရပ်တည်နိုင်ခဲ့ပါသည်။ ၁၉၆၆ ခုနှစ်နဲ့ ၁၉၇၀ ခုနှစ်များ တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ်နှင့် ဆဋ္ဌမကြိမ်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းအနေဖြင့် နှစ်ကြိမ်စလုံး အာရှချန်ပီယံဖြစ်ခဲ့ပါသည်။ ထို့အပြင် ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၇၃ ခုနှစ်များမှာ ကျင်းပခဲ့သည့် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲများတွင်လည်း မြန်မာဘောလုံးအသင်းအနေဖြင့် ငါးနှစ်ဆက် တိုက် ချန်ပီယံဖြစ်ခဲ့သည်။

**ရွှေခေတ်ကိုရောက်ခဲ့ဖူး**

ဒီအပြင် သည်ကာလတွေအတွင်း ဒေသတွင်းအားကစားပြိုင်ပွဲများဖြစ်သည့် မာဒေးကားဖလားအား ၁၉၆၄ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၆၇ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၇၁ ခုနှစ်မှာ တစ်ကြိမ် စုစုပေါင်း သုံးကြိမ်၊ ဂျကာတာဖလားအား ၁၉၇၁ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၃ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၅ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း လေးကြိမ်၊ မာရာဟာလင် ဖလားအား ၁၉၇၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၈ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၉ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်၊ ပတ်ချ်ဟီးဖလားအား ၁၉၇၁ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်၊ ၁၉၆၁ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း အာရှလူငယ် ဘောလုံးပြိုင်ပွဲများတွင် ၁၉၆၁၊၁၉၆၃၊ ၁၉၆၄၊ ၁၉၆၆၊ ၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၇ ခုနှစ်များ၌ အာရှလူငယ်ချန်ပီယံ ရှစ်ကြိမ်တိတိရရှိခဲ့ပါသည်။

အမြင့်မားဆုံးဆုအနေဖြင့် ၁၉၇၂ခုနှစ် မြူးနစ်ကမ္ဘာ့အိုလံပစ်တွင် မြန်မာဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးဆုကို ရရှိခြင်းပင် ဖြစ်ပါသည်။ သည်အချိန်ကာလတွေအတွင်း အခြား အားကစားနည်းများဖြစ်ကြသည့် ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ သေနတ်ပစ်၊ ဘော်လီဘောအစရှိသည့် အားကစားနည်းများသည်လည်း အရှေ့တောင်အာရှအဆင့်ကို ကျော်လွန်ပြီး အာရှအဆင့်ကို တက်လှမ်းနိုင်ခဲ့သည့် ရွှေခေတ်ကို ရောက်ခဲ့ဖူးပါသည်။

ထိုခေတ်အခါက မြန်မာ့အားကစားဘာကြောင့်အောင်မြင်ခဲ့သလဲ၊ ဘယ်လိုတွေ ဆောင်ရွက်ခဲ့ကြသလဲဆိုသည်ကို ပြန်လည်ဆန်းစစ်မိသည်။ ထိုခေတ်အခါက တိုင်းဒေသကြီး/ ပြည်နယ်အနှံ့ ခရိုင်/မြို့နယ်များပါမကျန် ရပ်ကွက်/ကျေးရွာအဆုံး လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ရပ်ကွက်/ကျေးရွာ အဆင့် အားကစားပြိုင်ပွဲများမှသည် မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံအားကစားပြိုင်ပွဲများ၊ ဒေသတွင်းဖိတ်ခေါ်အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပခဲ့ကြပါသည်။ ဗဟိုမှ ဦးစီးကျင်းပသည့် တိုင်းဒေသကြီး/ ပြည်နယ်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ တံခွန်စိုက်အားကစားပြိုင်ပွဲများ၊ စဉ်ဆက်မပြတ် ကျင်းပခဲ့ကြသည်။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်**

ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာကျောင်းတိုင်းတွင် နေ့စဉ် PT ချိန် သတ်မှတ်ပေးထားခြင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံနှင့် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများအား နေရာဒေသအသီးသီးတွင် လူထုအားကစား လှုပ်ရှားမှုအသွင်ဖြင့် ကျင်းပခဲ့ကြသည်။ ထိုခေတ်အခါက အားကစားမလုပ်သည့် ကျောင်းသားကျောင်းသူ မရှိသလောက် ရှားပါးသည်။ အားကစားထူးချွန်သူများကို ဆရာ ဆရာမများသာမက တစ်ကျောင်းလုံးက အရေးပေးသည်၊ ချစ်ခင်ကြသည်။ အားကစားဖြင့်ကျောင်းဂုဏ်ဆောင်နိုင်သူအဖြစ် အသိအမှတ်ပြုကြသည်။ ထိုကဲ့သို့ လူထုအားကစား လှုပ်ရှားမှုများကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အနှံ့ နေရာအသီးသီးမှ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်ခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအဖြစ် ထိုးဖောက်၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသည်။ သို့ဖြစ်၍လည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC)၏ ခံယူချက်တွင် "အားကစားပြုလုပ်သူ ၁၀၀ ရှိလျှင် ထို ၁၀၀ ထဲမှ ၅၀ သည် အားကစားလိုက်စားသူများ ဖြစ်လာမည်၊ ထို ၅၀ ထဲမှ ၂၀ သည် အားကစားကို ထူးထူးခြားခြား အာရုံစိုက်သူများဖြစ်လာမည်၊ ထို ၂၀ ထဲမှ ငါးဦးသည် အားကစား ထူးချွန်သူများအဖြစ် ပေါ်ထွက်လာမည်" ဟု ဖော်ပြထားရှိခြင်းဖြစ်ပါသည်။

**အင်တိုက်အားတိုက်ပါဝင်**

ထို့ကြောင့်လည်း အားကစားဝန်ကြီးဌာန အနေဖြင့် လူတိုင်း အားကစားလှုပ်ရှားမှု အလေ့အထများ ရှိလာစေရန် ရည်ရွယ်လျက် အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများမဟုတ်ဘဲ လူတိုင်းပါဝင်ဆင်နွှဲနိုင်သည့် (Mass Sports) အားကစားလှုပ်ရှားမှုအဖြစ် ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အားကစားဝန်ကြီးဌာန ပေါ်ပေါက်လာပြီး ၁၉၉၈ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် လူထုအားကစားကို အရှိန်အဟုန်မြှင့်တင်ရန် ဒီဇင်ဘာလ စနေနေ့တိုင်းအား လူထုအားကစားလှုပ်ရှားမှု (Mass Sports) အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ နှစ်စဉ်ဒီဇင်ဘာလအား လူထုအားကစားလှုပ်ရှားမှုဟူ၍ သတ်မှတ်ပြီး စုပေါင်းလမ်းလျှောက်ပွဲများ အပါအဝင် လူအများစု ပါဝင်နိုင်သော အားကစားအမျိုးမျိုးကို ကျင်းပနေခြင်းဖြစ်ပါသည်။

လူတိုင်းအတွက် အားကစား(Sport For All) ဖြစ်စေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူ လူထုတစ်ရပ်လုံး ပါရှိလာအောင် စည်းရုံးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အဓိကအားဖြင့် လူငယ် အများအပြားတစုတဝေးတည်း ရှိနေသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် စက်ရုံအလုပ်ရုံများ အပါအဝင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ကိုလည်း အားကစားလှုပ်ရှားမှုများတွင် အင်တိုက်အားတိုက်ပါဝင် လှုပ်ရှားလာစေရေး စည်းရုံးဆောင်ရွက် သင့်လှပေသည်။

**စာမျက်နှာ ၂၁ သို့**

> တိုင်းဒေသကြီး/ ပြည်နယ်အနှံ့ ခရိုင်/မြို့နယ်များပါမကျန် ရပ်ကွက်/ကျေးရွာအဆုံး လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက် . . .
>
> ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် လူထုအားကစားကို အရှိန်အဟုန်မြှင့်တင်ရန် ဒီဇင်ဘာလ စနေနေ့တိုင်းအား လူထုအားကစားလှုပ်ရှားမှု (Mass Sports) အဖြစ် သတ်မှတ် . . .

# ဘေဘုတ်ရဲ့ ကမ္ဘာ့တေးအယ်လ်ဘမ်စာရင်းမှာ လေးကြိမ်မြောက် ပါဝင်ခွင့်ရခဲ့တဲ့ Red Velvet



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Red Velvet"ဟာ အဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် "Perfect Velvet"နဲ့ ဘေဘုတ်ရဲ့ ကမ္ဘာ့တေးအယ်လ်ဘမ်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့အနေနဲ့ ယင်းတေးအယ်လ်ဘမ်စာရင်းမှာ ပါဝင်ခွင့်ရခဲ့ခြင်းဟာ လေးကြိမ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပါတယ်။ တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တွေအနက် ယင်းတေးအယ်လ်ဘာ်စာရင်းမှာ လေးကြိမ်တိုင် ပါဝင်ခွင့်ရခဲ့တဲ့ တေးဂီတအဖွဲ့ဟာ "Red Velvet" တစ်ဖွဲ့တည်းဖြစ်တာကြောင့် ဘေဘုတ်ရဲ့ ကမ္ဘာ့တေးအယ်လ်ဘမ်စာရင်းမှာ လေးကြိမ်တိုင်ပါဝင်ခွင့်ရခဲ့တဲ့ ကေပေ့ါပ်တေးဂီတအဖွဲ့အဖြစ် "Red Velvet"က မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ "Red Velvet"ရဲ့ ဒုတိယမြောက် တေးအယ်လ်ဘမ် "Perfect Velvet"ဟာ ဘေဘုတ်ရဲ့ ကမ္ဘာ့တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ပြီး ဒီလိုပိုင်ဆိုင်နိုင်ခဲ့တာဟာ အဆိုပါတေးဂီတအဖွဲ့အတွက်တော့ လေးကြိမ်မြောက်ဖြစ်ပါတယ်။

"Red Velvet"ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာ "The Red" တေးအယ်လ်ဘမ်နဲ့ ဘေဘုတ်ရဲ့ တေးအယ်လ်ဘမ်စာရင်းကို ပထမဆုံးအကြိမ် ဦးဆောင်ခွင့်ရခဲ့တာဖြစ်ပြီး အဲဒီနောက် အဖွဲ့ရဲ့ လေးခုမြောက် မီနီတေးအယ်လ်ဘမ် "Rookie"နဲ့ ဖေဖော်ဝါရီလအတွင်းမှာ ဒုတိယအကြိမ်အဖြစ် ဘေဘုတ်တေးအယ်လ်ဘမ်စာရင်းကို ထပ်မံဦးဆောင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာတော့ "The Red Summer"နဲ့ တတိယအကြိမ်မြောက် နံပါတ်တစ်နေရာကို သိမ်းပိုက်နိုင်ခဲ့ပြီး ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၉ ရက်မှာတော့ နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် "Perfect Velvet "နဲ့ စတုတ္ထအကြိမ် တေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးနေရာရခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဘေဘုတ်ရဲ့ တေးအယ်လ်ဘမ်စာရင်းကို လေးကြိမ်တိုင်တိုင် ဦးဆောင်နိုင်ခဲ့တာဟာ ကေပေ့ါပ်တေးဂီတအဖွဲ့တွေ အကြားမှာတော့ အကြိမ်အများဆုံးဖြစ်ပါတယ်။ ဒီလိုဦးဆောင်နိုင်ခဲ့သူဟာလည်း အမျိုးသမီးကေပေ့ါပ်တေးဂီတအဖွဲ့တွေထဲမှာ လတ်တလောအချိန်အထိတော့ "Red Velvet"တစ်ဖွဲ့တည်းသာရှိခဲ့တာဖြစ်ပြီး အမျိုးသားတွေထဲမှာတော့ "B. A. P"၊ "BTS" နဲ့ "GOT7"တို့ဖြစ်ကြပါတယ်။

# စစ်လေ့ကျင့်ရေးသင်တန်းမှာ ထူးချွန်ဆုရရှိခဲ့တဲ့ ကင်ဆိုးဟွန်



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း စစ်မှုစတင်ထမ်းဆောင်ခဲ့တာဖြစ်ပြီး အခြေခံစစ်လေ့ကျင့်ရေးသင်တန်းကို သီတင်းပတ်ငါးပတ်ကြာ တက်ရောက်ခဲ့ရကာ လတ်တလောမှာတော့ သင်တန်းကာလပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ကင်ဆိုးဟွန်ဟာ လေ့ကျင့်ရေးသင်တန်းပြီးဆုံးပြီးနောက် ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၉ ရက်မှာ သင်တန်းဆင်းပွဲတက်ရောက်ခဲ့ကာ ယင်းပွဲမှာတော့ သူဟာ အထူးဂုဏ်ပြုဆုတစ်ဆုကို ရရှိခဲ့ပြီး ယင်းဆုဟာ သင်တန်းကာလအတွင်း သူ့ရဲ့စွမ်းဆောင်ရည်ကောင်းမွန်မှုတွေကြောင့် ချီးမြှင့်တဲ့ မြင့်မားတဲ့ဆုတစ်ဆုဖြစ်ပါတယ်။ ကင်ဆိုးဟွန်ဟာ အခြားသောသင်တန်းသားတွေရဲ့ စံပြအဖြစ် ဒီလိုထူးချွန်ဆုကို ပေးအပ်ခြင်းခံခဲ့ရတာဖြစ်တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တာဝန်ရှိသူတစ်ဦးက "ကင်ဆိုးဟွန်ဟာ အစတုန်းကတော့ အထူးတပ်မှာ တာဝန်ထမ်းဆောင်ချင်တာပါ။ ဒါပေမယ့် အသက်အရွယ်အားဖြင့် (၂၈)နှစ်လို့ သတ်မှတ်ထားတာကြောင့် မထမ်းဆောင်ဖြစ်တော့တာပါ"လို့ ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ အသက်(၂၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စစ်မှုထမ်းဆောင်ဖို့ရာ ပြင်ဆင်ခဲ့ပေမယ့် ဆေးကျခဲ့တာကြောင့် စစ်မှုထမ်းဖို့ရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်။ ကင်ဟာ ငယ်စဉ်ကတည်းက နှလုံးရောဂါခံစားခဲ့ရပြီး ယင်းရောဂါကြောင့် အများနဲ့တန်းတူ စစ်မှုထမ်းဆောင်နိုင်ခြင်းမရှိတာဖြစ်ပါတယ်။ ဒီလိုဆေးစစ်ချက်ကျခဲ့ပြီးတဲ့နောက် ကင်ဟာ သူ့ရဲ့ ကျန်းမာရေးကို အထူးဂရုစိုက်ပြင်ဆင်ခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထပ်မံဆေးစစ်ခဲ့ကာ လတ်တလောမှာတော့ စစ်မှုစတင်ထမ်းဆောင်ခွင့်ရခဲ့တာဖြစ်ပါတယ်။

ကင်ဆိုးဟွန်ဟာ အက်စ်ဘီအက်စ်ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ "Will It Snow On Christmas"နဲ့ "Giant"ဇာတ်လမ်းတွဲရုပ်ရှင်တွေနဲ့ စတင်ကျော်ကြားလာခဲ့တာဖြစ်ပါတယ်။ သူဟာ ကေဘီအက်စ်ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Dream High"နဲ့ ပိုမိုအောင်မြင်လာခဲ့တာဖြစ်ပါတယ်။ သူဟာ "The Sun and the Moon"ဇာတ်လမ်းတွဲရုပ်ရှင်နဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်လာခဲ့ပြီး "My Love from the Star"ဇာတ်လမ်းတွဲနဲ့ နိုင်ငံတကာမှာ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်လာခဲ့တာပါ။ ဒါ့အပြင် ကင်ဆိုးဟွန်ဟာ "Thieves"နဲ့ "Secretly and Greatly" ရုပ်ရှင်တွေမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်လို့ သိရပါတယ်။

"Dream High"ရဲ့ ဇာတ်ဆောင်မင်းသားဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ ရက်က စတင်ပြီး စစ်မှုထမ်းဆောင်ခဲ့ပြီးဖြစ်ကာ ကင်ရဲ့ ပရိသတ်တွေအနေနဲ့ လာမယ့် ၂၀၁၉ ခုနှစ်အထိ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို တွေ့မြင်နိုင်ဦးမှာမဟုတ်ပါဘူး။ ၂၁ လကြာ စစ်မှုထမ်းရက်တွေအပြီး လာမယ့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်မှာမှ စစ်မှုထမ်းကာလ ပြီးဆုံးမှာဖြစ်တာကြောင့် ကင်ရဲ့ ပရိသတ်တွေအတွက် လွမ်းနေရဦးမှာဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ရွေးချယ်ဖော်ပြလိုက်ရပါတယ်။

## အချစ်ဟောင်းနဲ့ပတ်သက်သမျှအားလုံးကို ဖျက်သိမ်းခဲ့တဲ့ သယ်ဝိခ်ကန်းဒ်





အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဒ်က ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်နဲ့ လမ်းခွဲခဲ့ပြီးနောက် လတ်တလောမှာတော့ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်က အတူရိုက်ကူးထားတဲ့ဓာတ်ပုံတွေနဲ့ ဖော်ပြခဲ့ပြီးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ဓာတ်ပုံတွေအားလုံးကို ဖျက်ပစ်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ တစ်ချိန်က နှစ်အတော်ကြာလက်တွဲခဲ့တဲ့ ချစ်သူဟောင်းဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲခဲ့ပြီးနောက် သယ်ဝိခ်ကန်းဒ်နဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲခဲ့ပြီးနောက် သယ်ဝိခ်ကန်းဒ်ကလည်း ဆယ်လီနာနဲ့ လက်မတွဲမီက ချစ်သူဖြစ်ခဲ့တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဘယ်လာဟာဒစ်နဲ့ ပြန်လည်တွဲနေတာတွေ့ရပြီး ဆယ်လီနာနဲ့ လမ်းခွဲပြီးနောက် တစ်လခန့်အကြာမှာတော့ သယ်ဝိခ်ကန်းဒ်က ချစ်သူဟောင်းနဲ့ပတ်သက်တဲ့ သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်က အားလုံးသောဓာတ်ပုံတွေကို ဖျက်ခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်နဲ့ အသက် (၂၅) နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်တို့ဟာ ချစ်သူတွေအဖြစ် ရှစ်လခန့်လူသိရှင်ကြားလက်တွဲခဲ့ပြီးတဲ့နောက် လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်က နှစ်ဦးသားဓာတ်ပုံတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် လမ်းခွဲခဲ့ပြီး ဆယ်လီနာဂိုမက်ဇ်အနေနဲ့ ချစ်သူဟောင်း ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲခဲ့ကာ လူသိရှင်ကြားတွဲခဲ့တဲ့အချိန်မှာ သယ်ဝိခ်ကန်းဒ်က သူနဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ဓာတ်ပုံအားလုံးကို ပြန်လည်ဖျက်သိမ်းခဲ့တာဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲခဲ့ကြပြီးနောက် ချစ်သူဟောင်း သယ်ဝိခ်ကန်းဒ်နဲ့ သူ့ရဲ့လက်ရှိဆက်ဆံရေးအခြေအနေနဲ့ပတ်သက်ပြီး မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ဘေဘုတ်တေးဂီတဆုပေးပွဲကို တက်ရောက်လာစဉ် ဆယ်လီနာဂိုမက်ဇ်ကို မေးခဲ့ရာမှာတော့ သူတို့နှစ်ဦးဟာ လက်ရှိမှာ သူငယ်ချင်းတွေအဖြစ် ဆက်လက်ရပ်တည်နေကြတာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## ပရိသတ်ကို ဘောလုံးနဲ့ကန်ခဲ့မိတဲ့ ကတ်တီပါရီ



ပေ့ါပ်ကြယ်ပွင့် ကတ်တီပါရီဟာ သူ့ရဲ့ ဖျော်ဖြေပွဲတစ်ခုမှာ ပရိသတ်တစ်ဦးကို မျက်လုံးပုံစံဘောလုံးနဲ့ ကန်ခဲ့မိတာ ဖြစ်ပါတယ်။ ဒီလိုမတော်တဆထိခိုက်မှု အဖြစ်အပျက်ကို ရိုက်ကူးထားတဲ့ဗီဒီယိုဖိုင်ကို ကတ်တီပါရီရဲ့ ပရိသတ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြခဲ့တာဖြစ်ပါတယ်။

ကတ်တီပါရီရဲ့ ပရိသတ်တစ်ဦးဖြစ်တဲ့ ဂျော်ဒန်ဟန့်စ်က "Last Friday Night" တေးသံရှင် ကတ်တီပါရီရဲ့ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၄ ရက်မှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ "Roar"တေးသီချင်းကို ဖျော်ဖြေနေစဉ် သူ့ရဲ့မျက်နှာကို ဘောလုံးနဲ့ ကန်ခဲ့မိတာဖြစ်ကြောင်းနဲ့ မတော်တဆထိခိုက်ခံခဲ့ရတဲ့ ဂျော်ဒန်ဟန့်စ်ကတော့ ဒီလိုဖြစ်ရပ်ဟာ သူ့ဘဝရဲ့ အကောင်းဆုံးသော အခိုက်အတန့်တစ်ခုဖြစ်ကြောင်းလည်း ထုတ်ဖော်ပြသခဲ့တဲ့ ဗီဒီယိုဖိုင်နဲ့အတူ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး ဂျော်ဒန်ဟန့်စ်က ကတ်တီပါရီအနေနဲ့ သူ့ကို တမင်ရည်ရွယ်ကန်ခဲ့တာလားဆိုတာ မသေချာကြောင်းနဲ့ ဘောလုံးနဲ့အကန်ခံလိုက်ရတဲ့အရှိန်ကြောင့် လက်ထဲက ဖုန်းကိုပင် လွတ်ကျခဲ့ကြောင်း မီဒီယာတွေကို ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူက ဘောလုံးထိမှန်ခဲ့ပြီးတဲ့နောက် သူဟာ အဆက်မပြတ်ရယ်နေခဲ့မိပြီး သူ့ရဲ့ သူငယ်ချင်းတွေက ထိခိုက်မိခြင်း ရှိ မရှိ မေးမြန်းခဲ့ကြရာမှာလည်း ပြန်မဖြေဘဲ ရယ်မောနေခဲ့ကြောင်း အဆိုပါဖြစ်ရပ်အတွက် အံ့အားသင့်ခဲ့ရတဲ့ပုံတွေကို ပြန်လည်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ယခုလိုပရိသတ်တစ်ဦးကို ဘောလုံးနဲ့ ကန်ခဲ့မိပြီး ဒီအကြောင်းတွေ မီဒီယာစာမျက်နှာပေါ် ရောက်ခဲ့ရပေမယ့် ကတ်တီပါရီကတော့ လတ်တလောအချိန်အထိ ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။



# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ

**ပဲခူး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက စဉ်ဆက်မပြတ် ဖွံ့ဖြိုးပြီး ကြံ့ခိုင်သန်စွမ်းသော လူ့အဖွဲ့အစည်းများ ဖန်တီးဆောင်ရွက်ရာတွင် မသန်စွမ်းသူများ အပြည့်အဝ ပေါင်းစည်းပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် မသန်စွမ်းသူများ အပါအဝင် မိဘပြည်သူတစ်ရပ်လုံး အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများက မသန်စွမ်းအဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်းပြီး မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းဆောင်ရည်နှင့် လူ့အခွင့်အရေးတို့ကို အလေးဂရုပြု ဖော်ထုတ် အသိအမှတ်ပြု ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏သဝဏ်လွှာကို လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသုတက ဖတ်ကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြ ပြီး သံစဉ်ပန်း မသန်စွမ်းအနုပညာ လှုပ်ရှားမှုအဖွဲ့မှ ဖျော်ဖြေရေးအစီ အစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် သံစဉ်ပန်း မသန်စွမ်းအနုပညာရှင်အဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အဖွဲ့ ခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် လူဦးရေ ၅၁ သန်းကျော်ရှိရာ ၂ ဒသမ ၃ သန်းကျော်သည် မသန်စွမ်းမှုခံစားနေကြရသူများဖြစ်ကြောင်း စစ်တမ်းများအရ သိရသည်။ မသန်စွမ်းသူများသည် သန်စွမ်းသူများကဲ့သို့ တန်းတူအခွင့်အရေးများ ရရှိစေရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို အလေးဂရုပြု လာစေရန်နှင့် မသန်စွမ်းသူများ စိတ်ဓာတ်အင်အားမြင့်မားလာစေရန် ရည်ရွယ်၍ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်အား အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ကာ အခမ်းအနားများ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ် ဆောင်ပုဒ်သည် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသော လူ့ဘောင်သို့ အားလုံးပါဝင် ပြောင်းလဲစို့" ဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသုတနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ မသန်စွမ်းသူများအဖွဲ့မှတာဝန်ရှိသူများနှင့်မသန်စွမ်းသူများ တက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## သာပေါင်းမြို့နယ်တွင် စံပြစပါးစိုက်ကွက်ရိတ်သိမ်း

**ပုသိမ် ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအုပ်စု အုပ်ပုံကုန်းကျေးရွာတွင် ဆင်းသုခစိုက်ခင်း ၄ ဒသမ ၁၃ ဧကကို ဒီဇင်ဘာ ၁ ရက်က ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းသို့ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုသိမ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သာပေါင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ အပါအဝင် စိုက်ပျိုးရေးဦးစီးဌာနမှူး၊ လှေတက်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**ပုသိမ်လုကြည်**

## စိုက်ပျိုးရေးလုပ်ငန်းရေလုံလောက်မှုရှိစေရန် ရေလှောင်ဆည်နှင့်ရေပေးမြောင်းတည်ဆောက်

**မယ်စဲ့ ဒီဇင်ဘာ ၃**

နယ်စပ်ဒေသရှိ ဒေသခံ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေလုံလောက်မှုရရှိစေရန် ရေပေးဝေနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနမှ ကယားပြည်နယ် မယ်စဲ့မြို့နယ် မယ်ဆည်နမ်ကျေးရွာ မယ်ဆည်နမ်ရေလှောင်ဆည်နှင့် ရေပေးမြောင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၉၉ ဒသမ ၉၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ကော်မတီဝင်များသည် သက်ဆိုင်ရာဌာနများနှင့်အတူ ဒီဇင်ဘာ ၂ ရက်နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါရေလှောင်ဆည်သည် အလျား ၁၄၇ ပေ၊ အကျယ် ၈၅ ပေ၊ ရေပေးမြောင်း အလျား ပေ ၅၀၀၀၊ ရေသွယ် လျှောက်တစ်လုံးနှင့် ရေကျအဆောက်အအုံတစ်လုံး တည်ဆောက်ခြင်းဖြစ်ပြီး လုပ်ငန်းများပြီးစီးပါက မယ်ဆည်နမ်ကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် လယ်မြေများအား ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့ကတ္တရာလမ်း ၁၈ ပေ အကျယ်ချဲ့ခြင်း လုပ်ငန်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဌေးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကျွန်းတောကုန်း အထကကျောင်း၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက ဥက္ကံနယ်မြေ ရဲစခန်းမှူး ရဲအုပ်သန်းနိုင်က လူကုန်ကူးမှုပပျောက်ရေးနှင့် မူခင်းအသိပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ **(၁၁၈)**

**စာမျက်နှာ ၁၉ မှ**

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အားကစားလှုပ်ရှားဆောင်ရွက်မှုများ မြင့်မားလာသည်နှင့်အမျှ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် အားကစားလှုပ်ရှားမှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်လာသည်နှင့်အမျှ၊ ဗဟိုမှ ဦးစီးကျင်းပသည့် တိုင်းဒေသကြီး / ပြည်နယ် အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တံခွန်စိုက် အားကစားပြိုင်ပွဲများ အပါအဝင် အခြားကျင်းပသည့် အားကစားပြိုင်ပွဲများ၏ ပြိုင်ပွဲအဆင့်အတန်းမြင့်မား၍ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ထူးချွန်ထက်မြက်သူများ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်တော့ပါ။

### ဟန်ချက်ညီညီစီမံချက်ချဆောင်ရွက်

သို့ဖြစ်၍ မြန်မာပြည်အနှံ့ လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် တွန်းအားပေး စည်းရုံးဆောင်ရွက်ခြင်း၊ အဆင့်ဆင့်သော အားကစားပြိုင်ပွဲများ အဆင့်အတန်းမီမီ စဉ်ဆက်မပြတ်ကျင်းပပြီး ထိုပြိုင်ပွဲများမှ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သူများကို ငယ်ရွယ်၍ ပညာသင်ကြားနေသူများဖြစ်ပါက ရေရှည်ပြုစုပျိုးထောင်နိုင်ရေးအတွက် အားကစား သိပ္ပံကျောင်းများနှင့် အားကစားအကယ်ဒမီများသို့ ပို့ဆောင်လေ့ကျင့်စေခြင်းဖြင့် လည်းကောင်း၊ အားကစား အရည်အချင်းမြင့်မား၍ အသက်အရွယ်ပြည့်မီသူများအား မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီးသို့ လည်းကောင်း ပို့ဆောင်၍ အဆင့်မြင့်နည်းပြများဖြင့် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ အားကစားနည်းအလိုက် အောင်မြင်သည့်နိုင်ငံများသို့ Joint Training စေလွှတ်ခြင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း၊ အားကစားလောက ရေရှည်မြင့်မားတိုးတက်ရေးတို့အတွက် နိုင်ငံတကာအားကစားတက္ကသိုလ်များသို့ ပညာတော်သင်စေလွှတ်ခြင်း၊ အားကစားဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများအား ကျင်းပခြင်းစသည့် ကိစ္စရပ်များအား ဟန်ချက်ညီညီ စီမံချက်ချ ဆောင်ရွက်နိုင်ကြမည်ဆိုလျှင် နိုင်ငံတော်မှ အားကစားဝန်ကြီးဌာနသို့ ပေးအပ်ထားသည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးဆိုသည့် အဓိကလုပ်ငန်း တာဝန်ကြီးနှစ်ရပ်အား အခြေခံကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပြီးသား ဖြစ်သွားမည် ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်စေရေးအတွက် လည်းကောင်း၊ ကျောင်းသားအရွယ် လူငယ်/မောင်မယ်များသာမက ကျားမ မရွေး၊ လူကြီး၊ လူရွယ်၊ လူငယ်၊ လူလတ်များပါမကျန် အားကစားကို ပုံမှန်လေ့ကျင့်ခြင်းအားဖြင့် ငယ်ရွယ်စဉ်မှ အရွယ်ရောက်လာသည်အထိ စိတ်ပိုင်း၊ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်လာစေရန် အတွက်လည်းကောင်း၊ အားကစားကို ပြည်သူတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရေးအတွက် လည်းကောင်း၊ အောက်ဖော်ပြပါအတိုင်း စီမံဆောင်ရွက်သွားသင့်ကြောင်း အကြံပြုတင်ပြလိုပါသည်-

(က) ပညာရေးစနစ်အဆင့်တိုင်းတွင် အားကစား ပါဝင်စေရေး ဆောင်ရွက်ပေးရမည်။

(ခ) အားကစားလေ့ကျင့်ရန် အခြေခံအဆောက်အအုံများနှင့် အားကစား အထောက်အကူပြု ပစ္စည်းများအား နေရာတိုင်းတွင် ထားရှိပေးပြီး အားကစား လေ့ကျင့်မှုများ ပြုလုပ်နိုင်စေရေး ဆောင်ရွက်ပေးရမည်။

(ဂ) ပျင်းရိပြီး အချိန်ဖြုန်းမှုများ၊ ဥပဒေနှင့် မလွတ်ကင်းသည့်အပြုအမူများမှ ရှောင်ရှားနိုင်စေရန် အားကစားလေ့ကျင့်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရမည်။

(ဃ) အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် မြို့နယ်တိုင်းတွင် အားကစားနည်းပြ၊ အားကစားသရုပ်ပြနှင့် အားကစားမှူးများ လုံလုံလောက်လောက် ထားရှိပေးရမည်။

(င) ယှဉ်ပြိုင်နိုင်စွမ်းရှိသော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် အဆင့်ဆင့်သော အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ မြို့တိုင်း/ ရပ်ကွက်တိုင်းတွင် လူငယ်လူရွယ်များ အားကစားလေ့လာလိုက်စားလာစေရေးအတွက် အားကစားကလပ်များ ဖွဲ့စည်းထူထောင်ပေးပြီး လိုအပ်သည့် အားကစား အထောက်အကူပြု ပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးရမည်။

(စ) အားကစားအသိုက်အဝန်းအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်အောင် စီမံဆောင်ရွက်ပေးရမည်။

(ဆ) အားကစားဖြင့်နိုင်ငံ့ဂုဏ်ဆောင်ခဲ့သူများအား အောင်မြင်မှုအဆင့်အတန်းနှင့် စွမ်းဆောင်ခဲ့မှုများအပေါ် မူတည်၍ ဝန်ထမ်းများပင်စင်လစာခံစားခွင့်များကဲ့သို့ သင့်လျော်သည့် ခံစားခွင့်များ ရရှိရေး စီမံဆောင်ရွက်ပေးရမည်။

### အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များသည် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် မူလတာဝန်ဝတ္တရားများ အောင်မြင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြမည် ဆိုပါလျှင်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ခရိုင်/မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာများအဆုံး လူထုအားကစားလှုပ်ရှားမှုများနှင့် ဒေသတွင်း အားကစားပြိုင်ပွဲများ၊ ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ပြန်လည်အသက်ဝင် လှုပ်ရှားလာစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနများ၊ အားကစားနှင့်ကာယပညာကော်မတီအဆင့်ဆင့်တို့မှ တွန်းအားပေးစည်းရုံးဆောင်ရွက်ကြမည်ဆိုပါလျှင်၊ ပညာရေးကဏ္ဍတွင်လည်း နိုင်ငံတော်မှ ဖွဲ့စည်းထားရှိပေးသည့် အားကစားနှင့်ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီ၏ ဦးဆောင်မှုဖြင့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များတွင် နေ့စဉ်အားကစားလေ့ကျင့်ချိန် သတ်မှတ်ပေးခြင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံနှင့် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်ကြမည်ဆိုပါလျှင်၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအား များစွာအထောက်အကူပြုနိုင်မည့်အပြင် နိုင်ငံ၏ အနာဂတ်မျှော်လင့်ချက်နှင့် ဥစ္စာခနေအဖြစ် မှတ်ယူထားသည့် ကလေးသူငယ်များနှင့် လူငယ်၊ လူရွယ်များအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အောက်ပါအတိုင်း ရရှိလာနိုင်မည်ဖြစ်ပါသည်-

(က) ခန္ဓာကိုယ်ထွားကြိုင်းသန်မာပြီး ကြံ့ခိုင်မှုပြည့်ဝသော ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု

(ခ) သည်းခံစိတ်ရှည်ပြီး တရားသောအနိုင်ရမှုမျိုးကို မြတ်နိုးတတ်သကဲ့သို့ ပြိုင်ပွဲမှ ရရှိလာမည့် အရှုံးရလဒ်ကိုလည်း တည်ငြိမ်စွာ လက်ခံနိုင်သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊

(ဂ) အားကစားနည်းအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများ၊ သတ်မှတ်ချက်၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာတတ်မှု၊

(ဃ) အားကစား၏ ပင်ကိုသဘာဝအရ လူအများနှင့် ဆက်ဆံပြီး အတူတကွ ပူးပေါင်း ဆောင်ရွက်ရသည်ဖြစ်ရာ လူမှုဝတ္တရားများတွင် ကျင့်ဝတ်နီတိများ၊ ထိန်းသိမ်းဆင်ခြင်ရမည့် အပြုအမူနှင့် အမူအရာများ ပိုမိုကောင်းမွန်တိုးတက်မှု၊

(င) မိမိတို့၏ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်အောင် စွမ်းဆောင်မှုကို ရှေးရှုသည့် တွန်းအားတစ်ရပ်ဟု ဆိုနိုင်သော တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု အသိစိတ်များ တိုးတက်ထွန်းကားလာစေမှု၊

သို့ဖြစ်ရာ အားကစားလှုပ်ရှား ဆောင်ရွက်မှုများသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက်လည်းကောင်း၊ အမျိုးသားရေး စိတ်ဓာတ်များ နိုးကြားလာစေရေးအတွက် လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပြီး နိုင်ငံ၏ပုံရိပ်ကောင်းများကို ကမ္ဘာအနှံ့ပြန့်ကျက်သိရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများ အပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုလျက်ရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကစားကဏ္ဍအား မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

STAR ACADEMY
Hospitality & Business Management Academy
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း

**Diploma in Tourism & Hospitality Management**

ဖွံ့ဖြိုးတိုးတက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
စာတွေ့၊ လက်တွေ့၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။



- Tourism Management Course
- Front Office Management Course
- Food and Beverage Management Course
- Sales and Marketing Management Course
- Housekeeping Management Course
- Human Resources Management Course

လျှောက်လွှာပိတ်ရက် - (၁၉ .၁၂.၂၀၁၇)

Star Resources Co.,Ltd အမှတ် (၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း၊ (ဒဂုံစင်တာ-၂ ရှေ့)၊ ရန်ကုန်၊ ဖုန်း- (၀၁) ၅၂၃၂၀၀၊ ၂၃၀၄၀၂၀၊ ၂၃၀၄၀၂၁၊ ၅၂၃၆၂၃၊ ၀၉ ၅၀ ၂၀ ၃၀၂

**MOTHERLAND** ဆောက်လုပ်ရေး

- အဆင့်မြင့် Hotel ၊ လုံးချင်းအဆောက်အဦ၊ စက်ရုံ ၊ ဂိုဒေါင်
- ဆိုင်ခန်း ၊ အိမ်ခန်း ၊ ရုံးခန်းအမျိုးမျိုး ၊ အလုပ်ရုံအမျိုးမျိုး
- ဆေးရုံ ၊ ကျောင်း ၊ ကျန်းမာရေး ၊ ပညာရေးဆိုင်ရာ အစိုးရရုံး အဆောက်အဦး
- ပြန်လည်ပြုပြင်မွမ်းမံလိုသော အဆောက်အဦ အဟောင်းများ စသည်တို့ကို
  - ခေတ်မီဆန်းသစ်လှပသောဒီဇိုင်း
  - ကျွမ်းကျင်သော ပညာရှင်များနှင့်
  - PAE (ပုတ်ပြတ်စနစ်)
  - မြန်မာပြည်အနှံ့ အပြားတွင် ချိုသာသောဈေးနှုန်းဖြင့်
- လူကြီးမင်းတို့ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ဆက်သွယ်ရန် - အမှတ်(၄၅၅/၄၅၇)၊ သိမ်ဖြူလမ်း(ကန်တော်ကလေးစာတိုက်အနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
01 248912 , 399032 , 399034, 399082, 394822, 376342 , 09 5002257 , 09 5000647 , 09 795002257 , 09 785000647

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး

nurture preschool
We nurture tomorrow leaders!



Emotional Development (EQ)
Intellectual Development (EQ)
Moral Development
Physical Development
Social Development

လစဉ်ကျောင်းအပ် လက်ခံနေပါပြီ

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ |
| --- | --- | --- | --- | --- |
| 09262963774, 09262963775 | 09254148005, 09450694035 | 01-549590, 09254148006 | 09259822226, 09259822227 | 01-8011315 09259822220 |

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(အနယ်ငင်း) ၀၁၇/၀၃၁၅
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၅၉၄

၁မိနစ် ၀
၁၀/-



ဖုန်းဘီလ်ကြာကြာ အသုံးခံတယ်
ရှန်းရှန်းဝေအစီအစဉ်
(အာရီဒူးအချင်းချင်း)

*777#
ကို အခမဲ့ခေါ်ဆိုလိုက်ပါ

ooredoo

# DENKO ကံစမ်းမဲအစီအစဉ်မှ ကံထူးသူများစာရင်း

## Nissan Sunny




### ကံထူးသူများ ပေါက်မဲနံပါတ်

| | Ticket No | Branch | Name |
|---|---|---|---|
| 1 | 8221243 | ကုန်းတလပေါင် | ဦးသိန်းမင်း |
| 2 | 5715404 | ကုန်းတလပေါင် | ဦးအောင်ကိုကိုလွင် |
| 3 | 1560982 | ကုန်းတလပေါင် | ဦးပြည့်ဖြိုးအောင် |
| 4 | 4667620 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဒေါ်ခင်ရတနာဝင်း |
| 5 | 0532148 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးစိုးညွန့်သန်း |
| 6 | 3567352 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးဘုန်း |
| 7 | 0650175 | ဗဟန်း | ဦးဖြိုး |
| 8 | 6681901 | ဗဟန်း | ဦးမျိုးသူကျော် |
| 9 | 6803047 | မုံရွာ | ဦးဇော်ဇော်အေး |
| 10 | 7521580 | မုံရွာ | ဦးဇင်ကို |
| 11 | 8087700 | မတ္တရာ | ဦးထွန်းဝင်း |
| 12 | 0802543 | လှည်းကူး | ဦးလှမော် |
| 13 | 3824597 | မြောက်ဒဂုံ | ဦးငွေလွင် |
| 14 | 7333205 | မန္တလေး ရွှေကျင်ကျောင်းတိုက်ရှေ့ | ဦးဇော်ထူး |
| 15 | 7851267 | အောင်ဆန်း | ဦးသက်နိုင် |

## Honda Wave 100



### ကံထူးသူများ ပေါက်မဲနံပါတ်

| | Ticket No | Branch | Name |
|---|---|---|---|
| 1 | 7256767 | ကုန်းတလပေါင် | ESE |
| 2 | 1193480 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးအောင်ဇေယျ |
| 3 | 4656705 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးသူရကျော် |
| 4 | 1169688 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးမောင်ဦး |
| 5 | 5633841 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးကျော်အောင် |
| 6 | 4533150 | စစ်ကိုင်း (အုန်းတောလမ်းခွဲအနီး) | ဦးရဲမင်းသူ |
| 7 | 0244650 | ဗဟန်း | ဦးမြင့်ထွန်း |
| 8 | 6821409 | ဗဟန်း | ဦးချစ်ဖြိုး |
| 9 | 1941806 | ဗဟန်း | ဦးကြည်မိုး |
| 10 | 8384070 | ဘားအံ | ဦးမင်းဇော် |
| 11 | 3930645 | ဘုရားကြီး (ပဲခူး) | ဦးကျော်မင်းထွန်း |
| 12 | 6616331 | မင်းဘူး (ကန်ရေ) | ဦးအောင်ဇော်ဌေး |
| 13 | 4636780 | မကွေး ၂ (တောင်တွင်းအထွက်) | ဦးသီဟ |
| 14 | 2133850 | မြူး(၁၁၅ မိုင်) | ဦးဝင်းဇော်မြင့် |
| 15 | 5891792 | လားရှိုး (နမ့်ခိုက်) | ရွှေချယ်ရီ (ရှမ်းလမ်း) |
| 16 | 1049520 | လားရှိုး (နမ့်ခိုက်) | ဦးဝင်းကိုကို |
| 17 | 3004327 | လှိုင်သာယာ | ဒေါ်သဲသဲ |
| 18 | 1586248 | လှိုင်သာယာ | ဦးကြည်လွင် |
| 19 | 8182474 | လှိုင်သာယာ | ဒေါ်အောင်သန်းတင့် |
| 20 | 8049527 | လှည်းကူး | ဦးတင်လှ |
| 21 | 3588413 | သာစည် (ကျွဲတပ်ဆုံ) | ဦးညီညီ |
| 22 | 4752518 | သာစည် (ကျွဲတပ်ဆုံ) | ဦးရီချစ် |
| 23 | 4901631 | အင်းစိန် | ဦးမိုးကျော်လှိုင် |
| 24 | 7549527 | မန္တလေး ကျောက်စိမ်းဘုရားအနီး | ဦးမောင်ထွန်း |
| 25 | 5234254 | မော်လမြိုင် | ဦးချစ်သိန်း |
| 26 | 3829885 | မြောက်ဒဂုံ | ဦးမင်းမင်း |
| 27 | 1787390 | မြောက်ဒဂုံ | ဦးလှဌေး |
| 28 | 6771279 | မြောက်ဒဂုံ | ဦးမြင့်ဟန် |
| 29 | 8287529 | မြောက်ဒဂုံ | ဦးညွန့်ဝင်း |
| 30 | 7216341 | အောင်ဆန်း | ဦးသန်းထိုက် |

## iPhone 8 Plus (256G)



### ကံထူးသူများ ပေါက်မဲနံပါတ်

| | Ticket No | Branch | Name |
|---|---|---|---|
| 1 | 1566840 | ကုန်းတလပေါင် | ဦးခင်မောင်ဦး |
| 2 | 4259130 | ကုန်းတလပေါင် | ဦးလင်းလင်းထွန်း |
| 3 | 2978129 | ကုန်းတလပေါင် | ဦးကိုကိုသက် |
| 4 | 8242027 | ကုန်းတလပေါင် | ဦးကျော်မင်းဦး |
| 5 | 2591729 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဒေါ်နှင်းရွှေဖင် |
| 6 | 5318669 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးမျိုးဦး |
| 7 | 0554313 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးကျော်သီဟ |
| 8 | 5306509 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးအောင်သူရ |
| 9 | 5621104 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဦးလင်းဇော် |
| 10 | 4667101 | မန္တလေး ခင်စောမူ (ဂုဏ်လမ်းကွေ့) | ဒေါ်လမင်းခ |
| 11 | 1681798 | စစ်ကိုင်း (အုန်းတောလမ်းခွဲအနီး) | ဦးအောင်စိန် |
| 12 | 4543371 | စစ်ကိုင်း (အုန်းတောလမ်းခွဲအနီး) | ဦးသံဝရ |
| 13 | 5875977 | စစ်ကိုင်း (အုန်းတောလမ်းခွဲအနီး) | ဦးနောင်နောင် |
| 14 | 0396468 | စဉ့်ကိုင် (မန္တလေး) | ဒေါ်မေသူသူဝင်း |
| 15 | 6465711 | စဉ့်ကိုင် (မန္တလေး) | ဦးဇော်လတ် |
| 16 | 3632920 | ဗဟန်း | ဦးစိုးနိုင်ဦး |
| 17 | 4832917 | ဗဟန်း | ဦးဝင်းခင် |
| 18 | 2669350 | ဗဟန်း | ဦးညီညီအောင် |
| 19 | 7093649 | ဗဟန်း | ဒေါ်အန်ဂျာလွင် |
| 20 | 2676023 | ဗဟန်း | ဦးဇော်မြင့်နိုင် |
| 21 | 6485313 | ဘားအံ | ဦးစံမြင့်ကြည် |
| 22 | 0900403 | ဘုရားကြီး (ပဲခူး) | ဒေါ်သွန်းဆက်ဝတီဦး |
| 23 | 1010221 | မုံရွာ | ဦးထွန်းထွန်းနိုင် |
| 24 | 0150683 | မိတ္ထီလာ | ဦးသိန်းနိုင်ဦး |
| 25 | 2099072 | မြူး(၁၁၅ မိုင်) | ဦးနေအောင်ထွေး |
| 26 | 5172327 | လားရှိုး (နမ့်ခိုက်) | ဦးဝေယံ |
| 27 | 8189153 | လှိုင်သာယာ | အရှင်ပညာစာရ |
| 28 | 5689025 | လှည်းကူး | ဦးဘသစ် |
| 29 | 8044563 | လှည်းကူး | ဦးမောင် |
| 30 | 8042055 | လှည်းကူး | ဦးမင်းမင်းထွန်း |
| 31 | 6643834 | လှည်းကူး | အရှင် အာဘိဇ |
| 32 | 1201072 | သာစည် (ကျွဲတပ်ဆုံ) | ဦးလှဝင်း |
| 33 | 4926278 | အင်းစိန် | ဦးကျော်မြင့်သန်း |
| 34 | 0041615 | မန္တလေး ကျောက်စိမ်းဘုရားအနီး | ဦးကျော်အေးမြင့် |
| 35 | 7231296 | ချောက် | ဦးဗိုးတုတ် |
| 36 | 7880917 | ညောင်ဦး | ဦးတင်မောင်ကျော် |
| 37 | 7886363 | ညောင်ဦး | ဦးမျိုးကို |
| 38 | 4004678 | မော်လမြိုင် | ဦးဌေးဝင်းအောင် |
| 39 | 1087055 | မြောက်ဒဂုံ | ဦးမြတ်မိုး |
| 40 | 3363540 | မြောက်ဒဂုံ | ဦးအောင်ကျော်မိုး |
| 41 | 3835227 | မြောက်ဒဂုံ | ဦးရွှေနိုင် |
| 42 | 3306010 | မြောက်ဒဂုံ | ဦးလှသန်းဦး |
| 43 | 1800200 | မြောက်ဒဂုံ | ဦးအေးမောင်ထွန်း |
| 44 | 7235778 | ရေနံချောင်း | ဦးပြည့်ဘုန်းသူရိန် |
| 45 | 1340150 | အောင်ဆန်း | ဦးကျော်ဆွေ |
| 46 | 1354957 | အောင်ဆန်း | ဦးမင်းလွင် |
| 47 | 4866346 | အောင်ဆန်း | ဦးဇော်လင်း |
| 48 | 6925715 | အောင်ပန်း (ရှမ်းပြည်နယ်) | ဦးသိုက်ထွန်းအောင် |
| 49 | 0588161 | အောင်ပန်း (ရှမ်းပြည်နယ်) | ဦးအောင်သာ |
| 50 | 1153906 | ဝမ်းတွင်း | ဦးစိုးဦး |

အမှတ်(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Phone : 01 3617221, 09 420750481

Email : info@denkogroups.com

Facebook : Denkomyanmar

Website : www.denkomyanmar.com



ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OK$ ငွေသားကံစမ်းမဲဆုများ ပါရှိသည်။

ONE TEA နို့ဆီ

✆ 09 5178737

CGMFandB




ကံစမ်းမဲ နံပါတ် ရိုက်ထည့်ရန်

---

BTEC Heart & Technology

**BUILDTECH ENGINEERS & CONSTRUCTORS**

**❑CONSTRUCTION MANAGEMENT**

- ➢Site Planning
- ➢Construction Schedule Review
- ➢Budget Control
- ➢Contracts Administration
- ➢Time Impact Analysis
- ➢Constructability Review
- ➢Utility Coordination
- ➢Monitoring Construction progress
- ➢Inspection Reports
- ➢Project Documentation
- ➢Pre Bid, Pre Construction and Construction progress meeting
- ➢Construction Cost Estimating
- ➢Construction Change Orders
- ➢Claim Review and Resolution
- ➢Project Closeout
- ➢Value Engineering

**❑QA/QC QUALITY CONTROL AND QUALITY ASSURANCE (THIRD PARY INSPECTION )**

လူကြီးမင်းတို့၏နေအိမ်၊အဆောက်အဦး၊ စက်ရုံ ၊ အလုပ်ရုံများအတွက် သတ်မှတ်ထားသော Budget အတွင်း Quality ကောင်း ရရှိပြီး၊ သတ်မှတ်ထားသော Time အချိန်အတွင်း အောင်မြင်ပြီးမြောက်စေရန် BUILDTECH ENGINEERING မှ တာဝန်ယူ ဆောင်ရွက်ပေးနေပါသည်။

အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများကိုလဲ Team အလိုက် အတွေ့အကြုံ (၁၀နှစ်မှ၃၀နှစ်) အထက်ရှိသောအင်ဂျင်နီယာများနှင့် Third Party အနေဖြင့်တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

#1106, 11th Floor, Shwe Gone Thu Housing, Lower Kyee Myin Daing Road, Kyee Myin Daing Township, Yangon, Myanmar.

Tel: +01-519386, +95-9-262383652, Email: kmmbuild@yahoo.com.sg

---

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

ဒီဇင်ဘာလ(၆ / ၇ / ၉)ရက်နေ့ (ပ / ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

**ဓနု - Essay, Letter, Grammer လက်စံပြီး**

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

**Ph: 01-375970, 0951 72096, 09254541441**

---

**ဗုန်းနှင့်မေး(အကျိုးပြု)ဗေဒင်**

အဆင့်မြင့်နက္ခတ်ပညာရှင် ဆရာဇေယျာထွန်း (ယခင် မန္တလေး ရာ လစီး)မှ ဟောပြောပေးသည်။

ဉာဏ်ပူဇော် - ၁၀၀၀၀ိ/

ငှက်ပျောတောရပ်၊ ပင်းတယမြို့။ ၀၉ ၄၀၂၆၃၃၅၇၂၊ ၀၉ ၄၀၂၆၅၇၄၉၁

---

**တရုတ်** Sayar.Yang

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

**ENGLISH Conversation Practice**

ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်

TAMWE - 540714, 09 5183636, 09 420230133

---

in partnership with **STRATEGY FIRST INSTITUTE**

နိုင်ငံတကာ **MBA** အတွေ့အကြုံအစစ်

# SIGNATURE M.B.A

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®





သင်ကြားရမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA ) program ကို သင်ကြားပေးမည် ဖြစ်ပါသည်။ Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာ အဖွဲ့အစည်းကွန်ရက်ကြီး ဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှတစ်ခု ဖြစ်ပါသည်။ Laureate International University သည် အမေရိကန် အခြေစိုက် ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ် အဖွဲ့ကြီးတစ်ခုဖြစ်ပြီး ကမ္ဘာ အနှံ့ ကျောင်းသား၊ ကျောင်းသူ (၁) သန်းခန့် တက်ရောက် နေပါသည်။ ဘန်ကောက် Stamford International University တွင်သင်ကြားပေးနေသည့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ ၊ ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည် ဖြစ်ပါသည်။ မအားလပ်သော အလုပ် ခွင်မှအရာရှိများအတွက်အဆင်ပြေအတွက်အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ် (တစ်ပတ်ခြား) သင်တန်းချိန်များ ဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

ဒေါ်လာဈေး ၁၃၆၀ ဖြင့်တွက်ချက် ပေးထားခြင်း ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် အထူးDiscount ကိုစုံစမ်းနိုင်ပါသည်။

ဝင်ခွင့်သတ်မှတ်ချက်များ

■ တက္ကသိုလ်ဘွဲ့ရပြီးသူ ■ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ်ရှိသူ ■ IELTS အမှတ် (၆.၀) ရရှိထားသူ

**AYA Bank** Your Trusted Partner ဧရာဝတီဘဏ်

AYA Bank Education Loan နဲ့ သင်တန်းကြေးပေးသွင်းခြင်း

| Stamford MBA (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ (Strategy First) | ၅၀၀,၀၀၀ ကျပ် |
| ကနဦးပေးသွင်းငွေ ၂၀% (Aya Bank) | ၂,၄၆၀,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၅၈၀,၂၅၈ ကျပ် |
| ဘဏ်အတိုးအပါကျသင့်ငွေပေါင်း | ၁၃,၄၀၄,၆၃၈ ကျပ် |

■ သင်တန်းကြေးကို (၅) ကြိမ်ထိ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကို လျှောက်ထားခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။

ဒီဇင်ဘာ (၈) ရက် တန်းခွဲသစ် စမည်။

#239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.

#237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.

**Apply now: (09) 450177770**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးဇာနည်အောင်မင်း**

**စကခ(၁၃)၊ စစ်ဦးစီးမှူး (ဒုတိယတန်း)**

**အသက်(၃၃)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏ သားသမက်၊ ဒေါ်ဖူးသန့်စင်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးဇာနည်အောင်မင်းသည် ၂၉-၁၁-၂၀၁၇ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နှင့် ဇနီး**
**ဒေါ်လွင်လွင်မှန်**
**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးဇာနည်အောင်မင်း**

**စကခ(၁၃)၊ စစ်ဦးစီးမှူး (ဒုတိယတန်း)**

**DSA(47)**

**အသက် (၃၃)နှစ်**

ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏ သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ဖခင်ဖြစ်သူ ဗိုလ်မှူးဇာနည်အောင်မင်း၊ စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစု၊ ဆွေမျိုးများနှင့် အလားတူစွာ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာနန်းခမ်းမိုင်**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးဇာနည်အောင်မင်း**

**စကခ(၁၃)၊ စစ်ဦးစီးမှူး (ဒုတိယတန်း)**

**အသက်(၃၃)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏ သားသမက်၊ ဒေါ်ဖူးသန့်စင်၏ခင်ပွန်း၊ မောင်စွမ်းထက်ဇာနည်၏ ဖခင်ဖြစ်သူ ဗိုလ်မှူးဇာနည်အောင်မင်းသည် ၂၉-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကလပ်အသင်းပိုင်ရှင်များ၊**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစိုးမြင့်(ငြိမ်း) (၇၄)နှစ်**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး**

ရန်ကုန်မြို့၊ ဗဟိုစည်အိမ်ရာနေ ဒေါက်တာယဉ်မင်းစိုး (အထူးကုဆရာဝန်၊ အရိုး၊အကြော၊အဆစ်ဆေးပညာ၊ ခုတင်-၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်)၏ဖခင် ဗိုလ်မှူးစိုးမြင့်(ငြိမ်း)သည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာချစ်စိုးနှင့်**
**အရိုးအကြောအဆစ်ဆေးပညာဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစိုးမြင့်(ငြိမ်း)**

**အသက် (၇၄)နှစ်**

**ကျောက်ပန်းတောင်း**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌ ဒေါ်အုံးမြင့်၏ခင်ပွန်း ဗိုလ်မှူးစိုးမြင့်(ငြိမ်း)သည် ၃-၁၂-၂၀၁၇ ရက်နေ့ နံနက် ၁၂း၃၀ နာရီတွင် JICA ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းမောင် (၅၆)နှစ်**

**လ/ထ အင်ဂျင်နီယာ၊ က. ည. န၊**

**ပခုက္ကူခရိုင်ရုံး**

ဦးဝင်းမောင်သည် ၂-၁၂-၂၀၁၇ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်သန္တာညွန့်(ခရိုင်ဦးစီးအရာရှိ)နှင့်**
**ပခုက္ကူခရိုင် က. ည. နရုံး ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးဇာနည်အောင်မင်း၊ စစ်ဦးစီးမှူး (ဒုတိယတန်း)**

**အသက် (၃၃)နှစ်**

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၊ ဂုဏ်ထူးဆောင်နာယကကြီး ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)၏ သားသမက်သည် ၂၉-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲ၍ သံဝေဂယူရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကံ (၉၂)နှစ်

**(ဖောင်ကြီး/ရွှေနံ့သာ)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာ စံပြ (၉)လမ်းနေ (ဦးချမ်းအေး-ဒေါ်မယ်ဆင့်)တို့၏ သား၊ (ဦးတင်ထွန်း-ဒေါ်သိန်းမယ်)တို့၏ သားသမက်၊ (ဒေါ်အေးသင်)၏ခင်ပွန်း၊ (ဦးအောင်မော်)-ဒေါ်ခင်အေးဆင့်၊ ဦးမောင်မောင်မြင့်-ဒေါ်တင်ဌေး၊ ရဲမှူးချုပ်မောင်စိုး(ငြိမ်း)-ဒေါ်ဥမ္မာချစ်တင်၊ ဦးဟန်ထွန်း-ဒေါ်သန်းအေး၊ ဦးမောင်ဌေး-ဒေါ်သန်းဌေး၊ ဒေါ်ခင်ဝင်းမာ(ထခွဲ၊ လ-၂၊ မင်္ဂလာဒုံ)၊ ဦးဩဘာသ (မြို့မတောင်ကိုးလုံးကျောင်း၊ အင်းတကော်)၊ ဦးသုစိတ္တ (မဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြ)၊ ဦးဝင်းခိုင်-ဒေါ်ခင်ဝင်းရီ၊ ဦးသိန်းဇော်-ဒေါ်မြင့်မြင့်ခိုင်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခင်မောင်ကြည်(ထူးကြီး)

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်အိမ်ရာ၊ (၅/၂၀၂)နေ (ဦးကြီးမြင့်-ဒေါ်ကွန့်)တို့၏သား၊ (ဦးစောလွင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းဝင်းတို့၏ညီ၊ ဦးခင်မောင်ဆွေ-(ဒေါ်ယဉ်ရွှေ)တို့၏ အစ်ကို၊ (မောင်ရာဇာဦး)၊ ဦးအောင်ပိုကြိုင်-ဒေါ်စောယုယုမော်၊ မောင်ထွန်းလင်းအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်သင်းအေးဖိုး (၅၈)နှစ်

**အထွေထွေအတွင်းရေးမှူးအငြိမ်းစား**

**Y.W.C.A (ရန်ကုန်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ်(၁၄၈)နေ ဦးကက်နက်စီဖိုး-ဒေါက်တာလီလျံဖိုးတို့၏ သမီးကြီး၊ (Rev.ဦးသိန်းမောင်-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ Rev.ဦးစံဖိုး (ကံဘဲ့အသင်းတော်)၏ဇနီး၊ ဦးမင်းကျော်သူ-ဒေါ်အေးဖိုးသဉ္ဇာတို့၏ မိခင်၊ မောင်မင်းမြတ်သူ၏အဘွား၊ ဦးစောမြတ်ထွန်းဖိုး- ဒေါ်မြမြလှ၊ (ဦးသုတ)-ဒေါ်လဲ့လဲ့သာဖိုးတို့၏အစ်မကြီး၊ မမြတ်ကေခိုင်ဖိုး၊ မောင်အောင်စည်သုတ၊ မောင်ကောင်းမြတ်သုတ၊ မမြတ်သစ္စာဖိုးတို့၏ ကြီးတော်သည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကံဘဲ့နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မိုးကြည်(ခ)မိုးမိုး

**အသက်(၅၀)**

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်နေ ဦးလှမြင့်-ဒေါ်သိန်းနွဲ့တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အမှတ်(၃၉) ဝတ်ကျောင်းလမ်း၊ ခြောက်လွှာ (B)နေ ဦးသန်းစိုး၏ဇနီး၊ ဒေါ်အေးသန်း၏ ညီမ၊ ဦးသန်းထိုက်-ဒေါ်အေးအေးမော်၊ ဦးဇောမင်း-ဒေါ်အေးနွယ်၊ ဦးသက်လွင်-ဒေါ်အေးအေးချိုတို့၏ အစ်မ၊ မောင်ကောင်းဝေယံလိုင်-မခင်မြတ်သူ၊ မယမင်းသူတို့၏မိခင်သည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အမှတ်(၃၉)၊ ဝတ်ကျောင်းလမ်း၊ ခြောက်လွှာ(B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်ခင်နွဲ့

**အသက် (၉၁)နှစ်**

**(မော်လမြိုင်)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၆၀/က)၊ ကဘ္ဘာအေးဘုရားလမ်း၊ (ချော်တွင်းကုန်းမီးပွိုင့်အနီး)နေ (ဦးသာအင်း-ဒေါ်ငွေမေ)တို့၏သမီး၊ (ဦးအေတာယာ-ဒေါ်နန်းဖူး)တို့၏ သမီးချွေးမ၊ (ဒေါက်တာဦးသန့်ရှိန်)၏ ဇနီး၊ ဒေါ်ဥမ္မာရှိန်-ဗိုလ်ကြီးမိုးဦး(ငြိမ်း)တို့၏မိခင်၊ (မောင်သန့်ထက်ဦး)၊ မောင်အာကာမိုးဦး (ဆေး-၁)၊ မသက်ထက်မိုးဦး [ဒုတိယနှစ်၊ (ပြင်သစ်)၊ YUFL]တို့၏အဘွား၊ (ဦးတင်လှိုင်-ဒေါက်တာဒေါ်ခင်ဥ)၊ (ဒေါ်တင်ရီ-ဦးစိုးသင်)၊ (ဒေါ်တင်အေး-ဦးစိုးတင့်)၊ (ဦးသာဌေး)တို့၏ညီမ၊ တူ/တူမ ၁၂ယောက်တို့၏အဒေါ် ဒေါက်တာဒေါ်ခင်နွဲ့သည် ၂-၁၂-၂၀၁၇(စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးကျော်ဝင်း(မိုက်ကယ်)

**အသက်(၆၅)နှစ်**

တိုက်အမှတ် (၂၃)၊ လေးလွှာ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်နေ (ဦးတာနာ-ဒေါ်ခင်ခင်စိန်)တို့၏သား၊ ဦးကျော်ရင်-(ဒေါ်နှင်းရီ)တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်မင်းစိုး)-ဒေါ်တင်တင်ဝေ၊ ဦးရဲဝင်း-(ဒေါ်မာရီသန်း)တို့၏ညီ/မောင်၊ မောင်တေဇာကျော်ဝင်း၊ မောင်ချမ်းမြေ့ကျော်ဝင်းတို့၏ဖခင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၂-၁၂-၂၀၁၇(စနေနေ့) နံနက် ၃း၄၃နာရီတွင် ဆာကူရာဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကာယကံရှင်၏သဘောဆန္ဒအရ ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုရွှေလထွန်း(ခ)ကိုရွှေထွန်း

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြိုင်တန်းသာလမ်း၊ (သ/မ)နေ ဦးသန်းထွန်း-ဒေါ်ခင်အေးကြီးတို့၏သားကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကလမ်း၊ အမှတ်(၆၉၃)နေ ဦးဟန်သိန်း-(ဒေါ်မြင့်မြင့်အေး)တို့၏သားသမက်၊ ဦးအောင်သက်လင်း-ဒေါ်ယဉ်ယဉ်နုတို့၏ မောင်၊ Dr. ဇင်မင်းထွန်း-ဒေါ်နီနီထွန်း၊ မောင်ပြည့်စုံထွန်းတို့၏ အစ်ကို၊ မကေသီအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အာကာကျော်၏ မွေးသဖခင်သည် ၂-၁၂-၂၀၁၇ (စနေနေ့) ည ၉း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

## ဒေါ်ခင်ထွေး(ပဲခူး)

**အသက်(၉၇)နှစ်**

ပဲခူးမြို့နေ (ဦးမိတ်-ဒေါ်လှရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ တိုက်(၃၀၅)၊ အခန်း(၄)နေ (ဦးမြအောင်)၏ဇနီး၊ [ဦးမြင့်ကြည် (စက်မှု-၁၊ ငြိမ်း)]၊ ဦးမျိုးချစ် (လ/ထ ညွှန်မှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီး)-ဒေါ်သန်းဝင်း (ထ-၂၊ တာမွေ၊ ငြိမ်း)၊ ဦးဌေးဝင်း-ဒေါ်ခင်စော၊ ဒေါ်ရီရီအေး (ဦး/ရှိ-ငြိမ်း၊ သမဦးစီးဌာန)၊ ဦးစန်းမြင့် (MOGE ထောက်ကြန့်)တို့၏မိခင်သည် ၂-၁၂-၂၀၁၇ (စနေနေ့) ညနေ ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငွေတင်(မာန်အောင်)

**အသက် (၆၂)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကင်းတဲအုပ်စု၊ အလေးချောင်ကျေးရွာနေ (ဦးမောင်ငယ်)-ဒေါ်မကလေး(ခ) ဒေါ်မလှရင်တို့၏သား၊ ဦးဘထွန်း-ဒေါ်အောင်နုတို့၏ သားသမက်၊ (ဒေါ်မဖြူ)၏မောင်၊ (ဦးမောင်ရွှေတင်)၏ ညီ၊ ဦးမောင်ဖြူတုတ်၊ ဦးဖြူကြီး၊ ဦးငညို၊ ဒေါ်ပုသိန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ အမှတ်(၁၂၃၁)နေ ဒေါ်ခင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ငွေထွန်း-မထက်ထက်မြတ်၊ မခင်သော်တာ၊ မောင်သီဟကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁-၁၂-၂၀၁၇ (သောကြာနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ တိုးချဲ့ (၂)လမ်း၊ အမှတ်(၁၂၃၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုဇာနည်အောင် (ခ) ကိုအသေးလေး (၄၂)နှစ်

**ကားပွဲစားတန်းဟောင်း-ဟံသာဝတီ**

ရန်ကုန်မြို့၊တိုက်(၁)၊ အခန်း(၂၀၂)၊ ငါးလုပ်ငန်းဝန်ထမ်းအိမ်ရာ၊ အနောက်ကြို့ကုန်း၊အင်းစိန်မြို့နယ်နေ ဒု-အရာခံဗိုလ်(ငြိမ်း) ဦးအောင်မြင့်-ဒေါ်ထွေးထွေးတို့၏ သားကြီး၊ မသိမ့်သိမ့်မိုး (ငါးလုပ်ငန်းဦးစီးဌာန)၏မောင်၊ မောင်မင်းစိုးသိန်း-မမိုးသန္တာဌေး၊ မောင်ရန်နိုင်ထွန်း-မအိအိမွန်တို့၏ အစ်ကိုကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၅၆)နေ (ဦးအောင်မြင့်)-ဒေါ်ခင်မူ(ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ၄၁ ရပ်ကွက်)တို့၏ သားသမက်၊ ကိုရဲမြင့်နိုင် (Chief Engineer, RAFFLES TECHNICAL SERVICES PTE LTD.)-မမိုးသီတာ၊ ကိုမျိုးဆက်အောင်-မနွယ်နီမြင့် (CROWN FASHION)၊ ကိုညီညီအောင် (AB, Sea Wind Company)-မသဲအိစံတို့၏ ညီ/မောင်၊ မချိုအေးမြင့် (Banquet & Reservation Manager, Yuzana Hotels & Resorts)၏ ချစ်လှစွာသောခင်ပွန်း၊ မဩမြတ်ဟေသီ (Grade-5-J၊ ကမာရွတ်၊ TTC) မောင်လင်းဘုန်းနေခန့် (စံပြရင်သွေးအိမ် မူကြို၊ ဗဟန်း)တို့၏ ဖခင်သည် ၁-၁၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီထိ အမှတ် (၅၆)၊ ယုဇနလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ခေမိန္ဒ

**သိက္ခာတော် (၅၉)ဝါ၊ သက်တော်(၇၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကုန်နောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကံကော်(၇)လမ်း၊ ဓမ္မဝိသုဒ္ဓိခေမိန္ဒာရာမ ဘုန်းတော်ကြီးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဦးခေမိန္ဒသည် (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်) ၂-၁၂-၂၀၁၇ (စနေနေ့) ည ၁၀း၂၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ရုပ်ကလာပ်အား ၆-၁၂-၂၀၁၇ ရက်နေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ဈာပန ဖြစ်မြောက်ရေးကော်မတီ
အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးကုန္ဒာစာရ (ဦးအောင်သန်း)

**(စား/ဖျော်-ငြိမ်း)**

**သိက္ခာတော် (၂၁)ဝါ၊ သက်တော် (၈၉)နှစ်**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဆင်းအိုးချေကျေးရွာနေ (ဦးခိုင်သာ-ဒေါ်အေးမြ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ အမှတ် (၂၉၂)နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးဝင်းကျော်ဦး-ဒေါ်ဆုမြတ်မွန် (ပညာရေးကောလိပ်၊ မြောင်းမြ)၊ ဦးတင်ထွေးကျော်-ဒေါ်ဝါဝါ (ဟိုတယ်/ခရီး)၊ ကိုဝင်းမြင့်ဦး၊ မခိုင်ခိုင်၊ (မောင်ကျော်နိုင်ဦး)၊ ကိုရဲဇာနည်လင်း-မမွှေးမွှေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏အဘိုး ပုသိမ်မြို့၊ ရေကြည်မင်္ဂလာကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဦးကုန္ဒာစာရ(ဦးအောင်သန်း)သည် ၁-၁၂-၂၀၁၇ (သောကြာနေ့) ည ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂-၁၂-၂၀၁၇ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၇ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးစိုးမြင့်(ငြိမ်း) (၇၄)နှစ်

**(OTS-33)**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး**

ကျောက်ပန်းတောင်းမြို့နေ (ဦးတင်အုပ်-ဒေါ်ကျင်ရွှေ)တို့၏ သား၊ ရန်ကုန်မြို့၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၃၇) အခန်း(၂၀)နေ ဒေါ်အုံးမြင့် (မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်လယ်ယာ၊ ဒု-ဥက္ကဋ္ဌ၊ ဒိုက်ဦးမြို့နယ်အသင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကျော်သူနိုင်-ဒေါက်တာပပစိုး (တွဲဖက်ပါမောက္ခ၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဦးသူရစိုး-ဒေါ်အေးမြအောင်(အလုပ်ရုံမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒေါက်တာယဉ်မင်းစိုး(အထူးကုဆရာဝန်၊ ခုတင် ၅၀၀၊ အထူးကုဆေးရုံကြီး၊ ရန်ကုန်)၊ ဦးမျိုးမင်းလှိုင်-ဒေါ်ဝတ်ရည်စိုး(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဝေယံဘုန်းမြင့်(TTC)၊ မောင်ဝေယံဖြိုးသူ(TTC)၊ မစန္ဒီမင်း(စင်ကာပူ)၊ သားသားလေးတို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးစိုးမြင့်သည် ၃-၁၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်တို့မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၉-၁၂-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဗဟိုစည်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးစိုးမြင့်(ငြိမ်း) (၇၄)နှစ်

**OTS-33**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး**

ဒိုက်ဦးမြို့နေ ဦးထွန်းကြည်-ဒေါ်ထားခင်တို့၏ညီ၊ ကျောက်ပန်းတောင်းမြို့နေ ဦးခင်မောင်တင်-ဒေါ်မြမြတင်တို့၏မောင်၊ ဦးကျော်မြင့်-ဒေါ်လှလှညွန့်၊ ဦးခင်စိုး-ဒေါ်ထွေးရီ၊ ဦးခင်မောင်ဇော်-ဒေါ်တင်မမ၊ ရန်ကုန်မြို့နေ ဦးဇော်ဌေးအောင်-ဒေါ်တင်စုမြတ်၊ ဦးလှမြင့်-ဒေါ်အေးမြတ်သူ၊ ဦးဘတင့်ဆွေ-ဒေါ်သူဇာထိုက်၊ ဦးစိုးမိုးသွင်-ဒေါ်ချယ်ရီစမ်းတို့၏အစ်ကို ဦးစိုးမြင့်သည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တိုက် ၃၇၊ အခန်း ၂၀၊ ဗဟိုစည် နေအိမ်နှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်တို့မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမောင်နှမတစ်စု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာတင်အေး(စစ်တွေ) (၆၇)နှစ်

**68 Intake IM (1)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ်(၄၃/၄)နေ [ဦးဘသာ(လဝကခရိုင်မှူး-ငြိမ်း)-ဒေါ်ခင်ကြီး]တို့၏သားငယ်၊ [ဦးတင် (အထွေထွေမန်နေဂျာ၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး-ငြိမ်း)-ဒေါ်မမကြီး]တို့၏သားသမက်၊ ဒေါ်လှလှဝင်း(အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးကိုကိုတင်-ဒေါ်ကေခိုင်မိုး၊ ဦးကျော်ကိုကိုတင်တို့၏ဖခင်၊ ဒေါ်မြင့်မြင့်-ဦးရဲလွင်၊ ဦးထွန်းစိန်သာ-ဒေါ်စန်းစန်းရီ (ဦးနိုင်ဝင်း)-ဒေါ်အေးအေးသန်း၊ ဒေါ်ခင်အေးဝင်းတို့၏ ချစ်လှစွာသော ညီ/မောင်၊ ဒေါ်ခင်လေးဝင်း-ဦးတင်ထွန်းတို့၏အစ်ကို ဒေါက်တာတင်အေးသည် ၂-၁၂-၂၀၁၇(စနေနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်အေး(ခ)ဒေါ်ပေါက် (၆၁)နှစ်

**(မြင်းမူမြို့)**

မြင်းမူမြို့၊ မင်းရဲကျော်စွာရပ်၊ မြတ် လေးလမ်း၊ အိမ်အမှတ် (၃/၂၆၂)နေ (ဦးကသာဦး)-ဒေါ်ခင်ညွန့်တို့၏ သမီး၊ ဦးသန်းလွင်၏ ချစ်ဇနီး၊ ဦးလှိုင်မျိုးအောင်-ဒေါ်ဝင်းဝင်းမြတ်၊ ဦးစိုးမင်းသန့် (Project Surveyor Engineer East Marine Singapore)-ဒေါ်အိ အိဖြူ၊ ဦးမျိုးထက်လင်း-ဒေါ်ဝါဝါ (Silk Road to Asia Travels & Tours)၊ ဦးရဲမျိုးထက်(MRTV-4)တို့၏ ချစ်လှစွာသောမိခင် ဒေါ်တင်တင်အေး(ခ)ဒေါ်ပေါက်သည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မြင်းမူမြို့ အနောက်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ပြုကျင်းပခဲ့သည်မှာ ၂၄ ကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ Transformation towards sustainable and resilient society for all (စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသော လူ့ဘောင်သို့ အားလုံးပါဝင်ပြောင်းလဲစို့) ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်၍ အစဉ်အလာအရ ကျင်းပခြင်းထက် ပိုပြီးအဓိပ္ပာယ်ရှိပါကြောင်း၊ ကမ္ဘာ့လူဦးရေ၏ တစ်ဘီလီယံကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရပြီး လူ့အသိုက်အဝန်းတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့် ဆုံးရှုံးနေသည်ကို တွေ့ရှိရပါကြောင်း၊ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳



အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကြည့်ရှုအားပေးစဉ်။



မြန်မာ ယူ-၂၃ အသင်းတိုက်စစ်မှူး သန်းပိုင်အား ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်စဉ်က တွေ့ရစဉ်။

## မြန်မာ ယူ-၂၃ အသင်း MNL ညွန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲကစားမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

ထိုင်းနိုင်ငံ၌ ကျင်းပမည့် M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ MNL ညွန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ယခုခြေစမ်းပွဲအပြီးတွင် အပြီးသတ်ကစားသမားများ ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းတွင် ထိုင်းကလပ် Police Tero အသင်းသို့ ပြောင်းရွှေ့မည့် အောင်သူ ပါဝင်လာခြင်းမရှိသော်လည်း အခြားနာမည်ကြီးကစားသမားများ ပါဝင်မည်ဖြစ်သည်။

MNL ညွန့်ပေါင်းအသင်းသည် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ပြည်တွင်းကစားသမား ၁၀ ဦး၊ ပြည်ပကစားသမား ၁၀ ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိလက်ရွေးစင်ကစားသမားများဖြစ်သည့် ကျော်ကိုကို၊ ဇော်မင်းထွန်း၊ ကြည်လင်း၊ သီဟစည်သူ၊ ကျော်ဇင်ထက်၊ တင်ဝင်းအောင်တို့ ပါဝင်လာသည့်အပြင် ပြည်ပကစားသမားများအဖြစ် စာမျက်နှာ ၉ ကော်လံ ၅ သို့ ◯

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေပြီးနောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။

**ကြေးမုံ**




ဒေါက်တာစောလှဖြူ ဦးစီးသော

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

Nurturing Future Leaders

Since 1998

## (၂၀)နှစ်ပြည့် အခမ်းအနားနှင့် ဆုနှင်းသဘင်

**EC** ပညာ့ရိပ်သာ (၂၀)နှစ်ပြည့် အထိမ်းအမှတ်နှင့်အတူ

**EC** ရတနာစံပြဆုများ၊

ဘာသာစုံဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ၊

ပန်းချီ၊ ဂီတ၊ အားကစား၊ ဘက်စုံထူးချွန်သူများအား ဂုဏ်ပြုမည့်

**EC** ကိုယ်ပိုင်အထက်တန်းကျောင်း ၏

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို

Sedona Hotel, Grand Ballroom တွင်

(၂၁-၁-၂၀၁၈) ရက်နေ့

ညနေ (၄)နာရီ မှ (၆)နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။

- ၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈
- (ကျောင်း) ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၉
- www.facebook.com/ecprivatehighschool

